# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်  ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၄ ရက်၊ အင်္ဂါနေ့၊  အတွဲ [၅၄]၊ အမှတ် [၂၈၂]


ခေတ်အလိုက် အရာရှိများကလည်း စိတ်ဓာတ် ပြောင်းလဲကြပါ။ လူထုကို နားလည်အောင်လေ့လာပါ။ လူထုနှင့် ချဉ်းကပ်ပါ၊ ပေါင်းပါ၊ ရှေးကအယူအဆများကို ဖျောက်ပစ်ပါ။ အုပ်ချုပ်ရေး စည်းမျဉ်းတွေဟာ ကောင်းတာလည်းရှိ၊ မကောင်းတာလည်း ရှိတယ်။ ကောင်းတာကို လိုက်နာပြီး မကောင်းတာကို ဖျောက်ပစ်ရမယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြင်သစ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဇူလိုင် ၁၄**

၂၀၁၅ ခုနှစ် ဇူလိုင် ၁၄ ရက်တွင်ကျရောက်သော ပြင်သစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပြင်သစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဖရန်ဆွာ အိုလောန်ဒ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ဇူလိုင် ၁၄ ရက်တွင်ကျရောက်သော ပြင်သစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပြင်သစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ မန်နျူရယ် ဗဲလ်စ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# ကမ္ဘောဇရိပ်သာ(ချင်းချောင်းနန်းတော်)ကို ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်အဖြစ်သတ်မှတ်

**နေပြည်တော် ဇူလိုင် ၁၃**

အမှတ်(၁၃၁) ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ်တွင်တည်ရှိသော ကမ္ဘောဇရိပ်သာ (ချင်းချောင်းနန်းတော်) အဆောက်အအုံကို ယဉ်ကျေးမှုအမွေအနှစ်ဒေသ၊ ရှေးဟောင်း အထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန် (Ancient Monumental Zone)အဖြစ် ဥပဒေနှင့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇရိပ်သာ (ချင်းချောင်းနန်းတော်)သည် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်တွင် တည်ရှိပြီး ကိုလိုနီခေတ်၏ ရှားပါးလှသော လက်ရာတစ်ခုဖြစ်သည်။ ယင်းအဆောက်အအုံသည် မြန်မာပြည်၏ ပထမဆုံးသော ရော်ဘာလုပ်ငန်းရှင်တစ်ဦးဖြစ်ခဲ့သည့် မစ္စတာလင်ကျင်းဆောင် ကိုယ်တိုင်ကြီးကြပ်၍ ၁၉၁၅ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၁၉၁၉ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည့် အမြင့်ပေ ၁၂၀ရှိ ငါးထပ် အဆောက်အအုံဖြစ်သည်။ ယခုအခါ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနလက်အောက်ရှိ အနုပညာအထက်တန်းကျောင်း (ပန်တျာ၊ ပန်းချီ၊ ပန်းပု)ကျောင်းကိုလည်း ယင်းနေရာတွင် ဖွင့်လှစ်ထားသည်။

ယခုအခါ ကမ္ဘောဇရိပ်သာ(ချင်းချောင်းနန်းတော်)သည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၀၀ ပြည့်ရန် တစ်နှစ် လိုသေးသော်လည်း ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၂(က)အရ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကိုက်ညီမှုရှိသည့်အတွက် ကမ္ဘောဇရိပ်သာ *စာမျက်နှာ ၈ ကော်လံ ၄*



သတင်း-ဇင်ဦး(မြန်မာ့အလင်း)
ဓာတ်ပုံ-သန်းမြင့်(ယဉ်ကျေးမှု)

# ဗဟိုဘဏ်၏ နိုင်ငံခြားငွေ သတ်မှတ်ရည်ညွှန်းကိန်းကို ပြင်ပဈေးကွက်နှင့် လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်

**နေပြည်တော် ဇူလိုင် ၁၃**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ နိုင်ငံခြားငွေလဲလှယ်ရာတွင် သတ်မှတ်ရည်ညွှန်းကိန်းကို ပြင်ပဈေးကွက်နှင့် လိုက်လျောညီထွေဖြစ်စေရန် ယနေ့တွင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁၂၀၀ သို့ပြင်ဆင်ခဲ့ကြောင်းသိရသည်။

ဗဟိုဘဏ်အနေဖြင့် ၂၀၁၂ ခုနှစ်မှ စတင်ကာ နိုင်ငံခြားငွေလေလံ (Foreign Exchange auction) ကို နေ့စဉ်ပြုလုပ်၍ နှုန်းရှင် နိုင်ငံခြား ငွေလဲလှယ်နှုန်းစနစ် (Managed float exchange rate regime) ကို ကျင့်သုံးခဲ့ရာ တရားဝင်နှုန်းနှင့် တရားမဝင်နှုန်းဟူ၍ ကွာဟလျက်ရှိသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းများကို *စာမျက်နှာ ၅ ကော်လံ ၁*

## ယနေ့ မာတိကာ

**နှစ်ပေါင်း ၁၂၀၀ သက်တမ်းရှိ ဗုဒ္ဓဥယျာဉ်တော် တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် တွေ့ရှိ** *စာမျက်နှာ - ၄*

**သူ၏ စေတနာ** *ဆောင်းပါး စာမျက်နှာ - ၆*




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကလေးများနှင့်ကျောင်းမုန့်ဈေးတန်း

ကျောင်းသူကျောင်းသားအများစုသည် ကျောင်းမုန့်ဆိုင်များမှ ရောင်းချသောမုန့်များကို ဝယ်ယူစားသုံးလေ့ရှိပါသည်။ ကျောင်းမုန့်ဆိုင်များသည် သာမန်အားဖြင့်ကြည့်လျှင်ထူးခြားမှုကိုမတွေ့ရသော်လည်း ကလေးများ၏ကျန်းမာရေးရှုထောင့်ကကြည့်လျှင် အလွန်ပင်အရေးကြီးသည်ကိုတွေ့ရမည် ဖြစ်ပါသည်။ အရည်အသွေးမမီသော၊ ထုတ်လုပ်မှုနည်းစနစ်မမှန်ကန်သော၊ သန့်ရှင်းမှုအားနည်းသော စားသောက်ကုန်များ၊ မုန့်များကြောင့် ကလေးများ၏ ကျန်းမာရေးကို ထိခိုက်နိုင်ပါသည်။

ကျောင်းမုန့်ဆိုင်အများစုသည် ကလေးများအား အာဟာရဓာတ်ကို အမှန်တကယ်ပေးစွမ်းနိုင်ခြင်းမရှိသည့်ကစားစရာအရုပ်များနှင့်တွဲဖက်ထားသောမုန့်များ၊ တာရှည်ခံဆိုးဆေးများနှင့် အရောင်တင်ဆေးများ သုံးထားသောမုန့်များ၊ အာဟာရတန်ဖိုးအလွန်နည်းသော မုန့်ထုပ်များကိုသာ အလွယ်တကူရောင်းချနေကြသည်ကို တွေ့ရပေသည်။ ဤကဲ့သို့သော မုန့်များကို ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချနေခြင်းဖြင့် ကလေးများ၏ကျန်းမာရေးကို ရေရှည်တွင်ထိခိုက်နိုင်၍ သတိပြုဆောင်ရွက်သင့်ပြီဖြစ်ပါသည်။

မကြာမီက နိုင်ငံတကာသတင်းတစ်ပုဒ်တွင် ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း မြို့ကြီးကိုးမြို့မှ မူလတန်း အရွယ်ကျောင်းသားကျောင်းသူ ၁၃၀၀ ကျော်တို့သည် ကျောင်းမုန့်ဈေးတန်းများမှ ဒူးရင်းသီးအရသာဖြင့် ပြုလုပ်ထားသော သကြားလုံးများဝယ်ယူစားသုံးမိရာမှ ပျို့အန်မူးဝေခြင်းများဖြစ်ပေါ်လာသည့်အတွက် ဆေးရုံများသို့ တင်ပို့ကုသပေးခဲ့ရကြောင်း ဖတ်ရှုလိုက်ရသည်။ ဤအချက်ကို ထောက်ရှုခြင်းဖြင့် စားသောက်ကုန်ထုတ်လုပ်သူများ၊ ကျောင်းဈေးမုန့်ရောင်းချသူများအနေဖြင့် အထူးသတိပြုသင့်သည်ကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ပါသည်။ ထုတ်လုပ်မှုနည်းစဉ်မှားယွင်းသော စားသောက်ကုန်များသည် ချက်ချင်းတုံ့ပြန်မှုကိုမတွေ့ရသော်လည်း ရေရှည်တွင်ကျန်းမာရေးထိခိုက်လာမည် ဖြစ်ပါသည်။ အရည်အသွေး ညံ့ဖျင်းသော စားသောက်ကုန်များကို စနစ်တကျထိန်းချုပ်ရန် လိုအပ်လာပြီ ဖြစ်ပါသည်။

စားသောက်ကုန်ထုတ်လုပ်သူအချို့က မိမိတို့ကုန်ပစ္စည်းများ တာရှည်ခံရန်အတွက်လည်းကောင်း၊ အရောင်လှပစေရန်အတွက်လည်းကောင်း၊ တာရှည်ခံဆေးများနှင့်ဆိုးဆေးများကိုသုံးစွဲလျက်ရှိပါသည်။ စားသောက်ကုန်များထုတ်လုပ်ရာတွင် အတိုင်းအဆအချိုးအစားမမှန်ခြင်း၊ နည်းပညာလိုအပ်ချက်များရှိနေခြင်း၊ ဆိုးဆေးနှင့်တာရှည်ခံဆေးများအဆမတန်သုံးစွဲခြင်းတို့ကြောင့် ရေရှည်တွင်မလိုလားအပ်သော ကျန်းမာရေးပြဿနာများဖြစ်ပေါ်လာနိုင်ပါသည်။

ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ်ဈေးကွက်များအတွင်း ရောင်းချလျက်ရှိသည့်အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူ စစ်ဆေးလျက်ရှိပါသည်။ ထို့အပြင် အစားအသောက်များတွင် သုံးစွဲရန်ခွင့်မပြုသောဓာတုဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့်လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈ (က) အရ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်းလည်း သတိပေးချက်ထုတ်ပြန်ထားပါသည်။ သို့ပါ၍ ကျောင်းမုန့်ဈေးတန်းများတွင် အန္တရာယ်ကင်းသောမုန့်များရောင်းချနိုင်ရန် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ ကျောင်းကျန်းမာရေးအဖွဲ့များ၊ ထုတ်လုပ်ရောင်းချသူများ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းကြည့်ပြီးပြီလား၊ ကြည့်ပါ။

ဘာမှားနေလဲ၊ ပြင်ဆင်ပါ။ သင့်အမည် မတွေ့ဘူးလား၊ ဖြည့်စွက်ပါ။

## သုတေသနစာတမ်းဖတ်ပွဲအခမ်းအနား သမဝါယမတက္ကသိုလ်၌ ကျင်းပ

**စစ်ကိုင်း ဇူလိုင် ၁၃**

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ် ဂုဏ်ပြုသုတေသနစာတမ်းဖတ်ပွဲအခမ်းအနားကို သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၊ မြသရဖီခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း၊ ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ/ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် စာတမ်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက အမှာစကားပြောကြားခဲ့ပြီး ဘာသာရပ်ဌာနအသီးသီးရှိ စာတမ်းရှင် ၁၂ ဦးက စာတမ်း ၁၂ စောင်ကို ဖတ်ကြားခဲ့သည်။ အဆိုပါ စာတမ်း ၁၂ စောင်တွင် ဘာသာရပ်အကျိုးပြုစာတမ်း သုံးစောင်၊ အဖွဲ့အစည်းအကျိုးပြုစာတမ်း လေးစောင်နှင့် ဒေသအကျိုးပြုစာတမ်း ငါးစောင် ပါဝင်ခဲ့ပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးကြရာ စာတမ်းရှင်များက ရှင်းလင်းဖြေကြားခဲ့သည်။

**အောင်သန်းဝင်း(စစ်ကိုင်း)**

## အများသုံးလမ်းတံတား(ဂ)ကွေ့နေရာများတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆိုင်းဘုတ်များတပ်ဆင်ပေးစေလို

**ထင်သာမြင်သာပြုပြင်စရာ**

မန္တလေး-မြစ်ကြီးနား သွားလမ်းပေါ်ရှိ ကသာမြို့နယ်အတွင်းလမ်းတံတားများအနီးတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်းဘုတ်တပ်ပေးစေလိုသည်ဟုအဆိုပါ လမ်းအသုံးပြုသူယာဉ်မောင်းများထံမှသိရသည်။

လမ်းကွေ့များသော လမ်းပိုင်းများတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးသတိပေး ဆိုင်းဘုတ်များစိုက်ထူခြင်းသည်ယာဉ်မတော်တဆဖြစ်မှုများကို နည်းပါးစေပြီး ခရီးသွားပြည်သူများနှင့်ယာဉ်မောင်းများအား သွားလာရေး အဆင်ပြေချောမွေ့စေသည်။ ယခုကသာမြို့နယ်အတွင်း ခရီးလမ်းသည် လမ်းအဆင့်မြှင့်တင်မှုများကြောင့် သွားလာမှုလွယ်ကူချောမွေ့လာသည်မှာ မှန်သော်လည်း လမ်းကွေ့များသည့်အဆိုပါလမ်းတွင် အန္တရာယ်ကင်းသတိပေးဆိုင်းဘုတ်များ တပ်ဆင်ပေးရန်လိုအပ်လျက်ရှိကြောင်း လမ်းကိုအသုံးပြုသူ ယာဉ်မောင်းများကလည်း လိုလားလျက်ရှိကြောင်း သိရသည်။



**ငွေအိုး(ကသာ)**




## အခွန်ကောက်ဥပဒေရှင်းလင်း

**နမ့်ခမ်း ဇူလိုင် ၁၃**

အခွန်ထမ်းပြည်သူများ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများ သိရှိနားလည် လိုက်နာဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကာ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်ဆိုင်ရာရှင်းလင်းပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၀ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးက အခွန်ဆိုင်ရာကိစ္စများ ရှင်းလင်းပြောကြားခဲ့သည်။ **ဘဏ်မင်း(နမ့်ခမ်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁၃-၇-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၈၈၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၀၀ |
| ဥရောပ | တစ်ယူရို | ၁၃၃၆.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၈.၃၀ |
| ထိုင်း | တစ်ဘတ် | ၃၅.၃၄၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၉၃၂ |
| တရုတ် | တစ်ယွမ် | ၁၉၃.၂၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၆.၄၁ |

ခင်ရတနာ-စုစည်းသည်။

၆-၇-၂၀၁၅မှ ၁၀-၇-၂၀၁၅ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၆၅၀ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၇၂ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်ဒေသများတွင် အခြေပြုပြီး လိုအပ်ချက်များ ဆောင်ရွက်ပေး



**နေပြည်တော် ဇူလိုင် ၁၃**

ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်တည်ဆောက်ရေး ဗဟိုကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ဒုတိယသမ္မတက ရခိုင်ပြည်နယ်၌ ပြီးခဲ့သည့် ဇွန်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ခရိုင်ငါးခရိုင်နှင့် ၁၄ မြို့နယ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပါကြောင်း၊ အဆိုပါဖြစ်စဉ်ကြောင့်လူခြောက်ဦး၊ တိရစ္ဆာန်အကောင်ရေ ၂၅၅၀ ကျော် သေဆုံးခဲ့ပြီး နေအိမ်အကြီး၊ အသေး ၅၉၂ လုံး၊ ဘုန်းကြီးကျောင်းငါးကျောင်း၊ စာသင်ကျောင်း နှစ်ကျောင်းနှင့် လမ်းပိုင်း ၂၄ လမ်း ပျက်စီးဆုံးရှုံးခဲ့ပါကြောင်း၊ ပြန်လည်တည်ဆောက်ရေးအတွက် ငွေကျပ် ၃ ဒသမ ၂၀၆ ဘီလီယံကုန်ကျမည် ဖြစ်ပါကြောင်း၊ လတ်တလောတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဆန်နှင့် အဝတ်အထည် တန်ဖိုးငွေကျပ် ၂၀ ဒသမ ၆ သန်းခန့်ကို ထောက်ပံ့ပေးပြီးဖြစ်ပါကြောင်း။

အဆိုပါ ပျက်စီးဆုံးရှုံးမှုများကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်ရန်အတွက် ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်တည်ဆောက်ရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းကော်မတီများ ဖွဲ့စည်း၍ တာဝန်ပေးအပ်ထားပြီး ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီများအနေဖြင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများတွင် အခြေပြုပြီး လိုအပ်ချက်များကို ဆောင်ရွက်ပေးကြရမည်ဖြစ်ပြီး မူလအခြေအနေသို့ အမြန်ဆုံးရောက်ရှိရန်နှင့် ခွင့်ပြုရန်ပုံငွေများကို စနစ်တကျအသုံးပြုကြရန် ဖြစ်ကြောင်း။

ထိုကဲ့သို့ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်ကောင်းမွန်စေရန်အတွက် ဒီဇိုင်းပုံစံများရေးဆွဲဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ လတ်တလောတွင် လိုအပ်သည်များ စီမံဆောင်ရွက်ပေးမှုနှင့်အတူ စားဝတ်နေရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်နေပါကြောင်း၊ ရေရှည်အတွက် ဆက်လက် ဆောင်ရွက်သင့်သည်များကို ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ဗိုလ်ချုပ်တင်အောင်ချစ်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများသို့ ကွင်းဆင်းပြီးလိုအပ်ချက်များ ထောက်ပံ့ပေးခဲ့မှု၊ လမ်းပိုင်းများနှင့် တံတားများ ယာယီသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ ဦးခင်ဇော်၊ ဦးခင်မောင်အေး၊ ဦးသန့်ရှင်း၊ ဒေါက်တာဝင်းမြင့်၊ ဦးဘုန်းဆွေတို့က ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများအား သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လတ်တလောဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက လုပ်ငန်းကော်မတီများအနေဖြင့် သက်ဆိုင်ရာ လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ခွင့်ပြုရန်ပုံငွေသုံးစွဲမှုများကို ကြီးကြပ်ကြရန် ဖြစ်ကြောင်း၊ လမ်းတံတားပျက်စီးမှုများကို ပွင့်လင်းရာသီတွင် ဆက်လက် ဆောင်ရွက်ရန်နှင့် လတ်တလောသွားလာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**



# ငပလီ၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**သံတွဲ ဇူလိုင် ၁၃**

၂၀၁၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီခွဲက သံတွဲခရိုင် ငပလီမြို့ အထက ငပလီကျောင်းဝင်းအတွင်း၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ် ဦးလှသိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သံတွဲမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်၊ ငပလီမြို့ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ခိုင်၊ သံတွဲခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် ဝန်ထမ်းများထံသို့ သစ်ပင်များ ဖြန့်ဝေပေးကြသည်။

ဆက်လက်၍ သစ်ပင်စိုက်ပျိုးပွဲကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ပျဉ်းကတိုးပင်ကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ရတနာတန်းဝင် ကျွန်း၊ မဟော်ဂနီ၊ ပုန်းညက်၊ ခရေပင်နှင့် စိန်ပန်းပင်များကိုလည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကံဝင်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများက သစ်ပင်ပေါင်း ၁၁၃၈ ပင်ကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စလိုင်လာဇာရိုဂီ ဦးဆောင်သည့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန ရုံးအမှတ်(၁၀)ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် ရေဘေးသင့်သူများအား ထောက်ပံ့လှူဒါန်း

**ပြည် ဇူလိုင် ၁၃**

ရခိုင်ပြည်နယ်အတွင်း လွန်ခဲ့သော ဇွန်လကုန်ပိုင်းက အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပွားခဲ့ရာ ရေဘေးကြုံတွေ့နေရသည့် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀၅၀၀၀၀ ကို ပြည်ဒေသ ရခိုင်မိသားစု လူမှုကူညီရေးအသင်း အလှူရှင်များက ရန်ကုန်မြို့ ရခိုင်သဟာယအသင်းသို့ ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီက ပြည်မြို့ မောနင်းပွိုင့် စားသောက်ဆိုင်၌ သွားရောက်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ပြည်မြို့နေ (ဦးထွန်းလှဖြူ)-ဒေါ်ခင်ဌေးဦး(ဝေဖြိုး)ပဲကြော်လုပ်ငန်း မိသားစုတို့က ပြည်ဒေသ ရခိုင်မိသားစု လူမှုကူညီရေးအသင်းသို့ ငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မင်းလွင်(ပြည်)**

# မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ **မိုး/ဇလ**

## နှစ်ပေါင်း ၁၂၀၀ သက်တမ်းရှိ ဗုဒ္ဓဉယျာဉ်တော် တရုတ်နိုင်ငံအနောက်တောင်ပိုင်းတွင် တွေ့ရှိ

**ချန်ဒူး ဇူလိုင် ၁၃**

သက်တမ်းနှစ်ပေါင်း ၁၂၀၀ ရှိသော ရှေးဟောင်းဗုဒ္ဓဉယျာဉ်တော်ကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ စီချွမ်ပြည်နယ်၏ မြို့တော် ချန်ဒူးတွင်ရှာဖွေတွေ့ရှိခဲ့ကြောင်း ဒေသခံရှေးဟောင်း သုတေသန တူးဖော်ရေးသမားများက တနင်္လာနေ့က ပြောခဲ့သည်။



တန်မင်းဆက် လက်ထက်က တည်ဆောက်ခဲ့သော အဆိုပါ ဗုဒ္ဓဉယျာဉ်တော်ကို ချန်ဒူးမြို့လယ်ကောင်ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင် အနီး၌ ယခုလအစောပိုင်းတွင် တွေ့ရှိခဲ့သည်။ ရှေးဟောင်းသုတေသန ပညာရှင်များက စတုရန်းမီတာ ၂၅၀၀ ကျယ်ဝန်းသော ရှေးခေတ် ဉယျာဉ်တော်၏ ကြွင်းကျန်သော အစိတ်အပိုင်းများ၊ မီတာ ၉၀ ရှည်လျားသော တူးမြောင်းနှင့် ရေကန်တစ်ခုတို့ကို တူးဖော်တွေ့ရှိခဲ့သည်။

တူးဖော်ရေးအဖွဲ့ခေါင်းဆောင်ဖြစ်သူက ယခုတူးဖော်တွေ့ရှိသော ဉယျာဉ်တော်မှာ ၎င်းနှင့်ခေတ်ပြိုင် ဗုဒ္ဓကျောင်းတော်အနီး တည်ဆောက်ထားသော လူကဖန်တီးပြုလုပ်ထားသည့် ဉယျာဉ်တော်ဖြစ်သည်ဟု ဆင်ဟွာသို့ ပြောကြားခဲ့သည်။ လွန်ခဲ့သောနှစ်ပေါင်း ၁၁၀ ကျော် ချင်မင်းဆက်လက်ထက်က ဗုဒ္ဓရုပ်ပွားတော်များစွာကိုလည်း ဘုရားကျောင်းအနီး၌ တွေ့ရှိခဲ့ရသည်။

မြေစေးနှင့် ကျောက်ဖြင့်ပြုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်များကို အဆိုပါ တူးဖော်ရေးနေရာတွင် တွေ့ရှိခဲ့သည်။ ရှေးဟောင်းသုတေသန ပညာရှင်များက ဉယျာဉ်တော်များကို တန်မင်းဆက် လက်ထက်တွင် ဘုရင့်ခံရုံးများ၊ ဘုရားကျောင်းများနှင့် ပုဂ္ဂလိကအိမ်ရာများ၌ တည်ဆောက်ခဲ့ကြကြောင်း ပြောဆိုကြသည်။

သို့သော် ရှေးဟောင်းသုတေသန ပညာရှင်များက အဆိုပါဉယျာဉ်တော်မှာ ဘုရင့်ခံရုံးနှင့်အိမ်ရာများထက် ဘုရားကျောင်းတော်နှင့်သာ သက်ဆိုင်ခြင်း ဖြစ်နိုင်ကြောင်း ကောက်ချက်ချကြသည်။ **(ဆင်ဟွာ)**

## နေတိုးစခန်းအနီး အသေခံဗုံးခွဲတိုက်ခိုက် လူ ၃၃ ဦးသေဆုံး

**ခို့စ် ဇူလိုင် ၁၃**

အာဖဂန်နစ္စတန် ခို့စ်ပြည်နယ်၌ တနင်္ဂနွေနေ့က အသေခံကားဗုံးခွဲတိုက်ခိုက်ခဲ့ရာ သေဆုံးသူ ၃၃ ဦးရှိပြီး ဒဏ်ရာရသူ ၂၃ ဦးရှိကြောင်း ပြည်နယ်အစိုးရက တနင်္လာနေ့တွင် ပြောထားသည်။

တနင်္ဂနွေနေ့ညနေပိုင်းက ဖြစ်ပွားခဲ့သော အဆိုပါကားဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးသူအရေအတွက်သည် ၃၃ ဦးအထိရှိလာကြောင်း၊ သေဆုံးသူများတွင် အရပ်သား ၂၇ ဦးနှင့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင် ခြောက်ဦးပါဝင်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါတိုက်ခိုက်မှုသည် စစ်သွေးကြွတစ်ဦးက နေတိုးဦးဆောင်သော ထောက်ပံ့ရေးမစ်ရှင်တပ်ဖွဲ့ဝင်များနေထိုင်ရာ ချက်ပ်မန်းစခန်းအဝင်ဂိတ်အနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ဆင်ဟွာသို့ပြောသည်။

အဆိုပါတိုက်ခိုက်မှုအတွင်း နိုင်ငံခြားသားတပ်ဖွဲ့ဝင်တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှုမရှိဟုဆိုသည်။ သေဆုံးသူများထဲတွင် အမျိုးသမီးသုံးဦးနှင့် ကလေး ၁၂ ဦးပါဝင်ကြောင်း၊ ဒဏ်ရာရသူ ၂၃ ဦးတွင်အရပ်သား ၁၂ ဦးနှင့်လုံခြုံရေးတပ်ဖွဲ့ဝင် ၁၁ ဦးပါဝင်ကြောင်း ကြေညာချက်တွင်ထပ်လောင်းဖော်ပြထားသည်။

သို့ရာတွင် ယင်းတိုက်ခိုက်မှုသည် မည်သည့်အဖွဲ့အစည်းကတိုက်ခိုက်သည်ကို ချက်ချင်းမသိရသေးဟု ဆိုသည်။

**(ဆင်ဟွာ)**

## မီးတောင်ပေါက်ကွဲမှုကြောင့် ကမ္ဘာကြီးပူနွေးလာမှုလျော့ကျ



**လန်ဒန် ဇူလိုင် ၁၃**

မီးတောင်များပေါက်ကွဲရာမှ ထွက်ပေါ်လာသော အမှုန်အမွှားများ လေထုတွင်းပျံ့နှံ့လာမှုကြောင့် ကမ္ဘာလုံးဆိုင်ရာ ပူနွေးမှုကို လျော့ကျစေနိုင်ကြောင်း လေ့လာမှုတစ်ခုအရ သိရသည်။ မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်များသည် ဆယ်နှစ်တာ ကာလအတွင်း ဖန်လုံအိမ်အာနိသင်ရှိ ကမ္ဘာကြီး၏အပူရှိန်ကို သဘာဝထီးတစ်လက်သဖွယ် ကာကွယ်ပေးခဲ့သည်ဟု သုတေသီများက ဆိုသည်။ ပြီးခဲ့သော ဆယ်စုနှစ်ကာလအတွင်း လေထုထဲရှိ ဖန်လုံအိမ်ဓာတ်ငွေ့ သိပ်သည်းဆမြင့်တက်လာသော်လည်း ကမ္ဘာ့မျက်နှာပြင်အပူချိန်မှာ သိသာထင်ရှားစွာ မြင့်တက်လာခြင်းမရှိပေ။ သိပ္ပံပညာရှင်များအပါအဝင် နိုင်ငံတကာသုတေသီအဖွဲ့မှ ယခုအခါ ကမ္ဘာလုံးဆိုင်ရာ ပူနွေးမှုကိုလျော့ကျစေနိုင်သည့် ဖြေရှင်းချက်တစ်ခုကို တွေ့ရှိခဲ့ပြီဖြစ်သည်။

၂၀၀၈ ခုနှစ် မှ ၂၀၁၁ ခုနှစ်အတွင်း မီးတောင်ပေါက်ကွဲမှုများမှ ထွက်ပေါ်လာသော အမှုန်များ အနိမ့်ဆုံးလေထုအလွှာသို့ရောက်ရှိမှုကြောင့် နေရောင်ခြည်အလင်းပြန်မှု နှစ်ဆမြင့်တက်လာကြောင်း သုတေသီများက ရှာဖွေတွေ့ရှိခဲ့ကြသည်။ မီးတောင်များ မကြာခဏပေါက်ကွဲပြီး နောက်ဆက်တွဲအကျိုးဆက်အဖြစ် အေးမြမှုသည် ယာယီသာဖြစ်သဖြင့် ကမ္ဘာ့အပူချိန်မှာ မြင့်သထက်မြင့်တက်လာခဲ့ကြောင်း သုတေသီများက ပြောသည်။ ဖန်လုံအိမ်သိပ်သည်းဆတိုးပွားလာမှုမှာလည်း အကြောင်းရင်းတစ်ခုဖြစ်ကြောင်း ၎င်းတို့က ဆိုသည်။ **(ပီတီအိုင်)**

## ဆီးရီးယား စစ်ပြေးဒုက္ခသည်များအတွက် နိုဘယ်လ်ဆုရှင်မာလာလာစာသင်ကျောင်းဖွင့်လှစ်

**ဘီကား ချိုင့်ဝှမ်း (လက်ဘနွန်) ဇူလိုင် ၁၃**

ကမ္ဘာ့အသက်အငယ်ဆုံး နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် ပါကစ္စတန်ကျောင်းသူ မာလာလာယူဆပ်ဖ်ဇိုင်းသည် ဆီးရီးယားဒုက္ခသည် မိန်းကလေးများအတွက် လက်ဘနွန်နိုင်ငံတွင် စာသင်ကျောင်းတစ်ကျောင်းဖွင့် လှစ်ပေးခြင်းနှင့်အတူ ဇူလိုင် ၁၂ရက်က ၎င်း၏ ၁၈နှစ် ပြည့်မွေးနေ့ပွဲတစ်ခုကို ကျင်းပခဲ့ပြီး ကမ္ဘာ့ခေါင်းဆောင်များကို စစ်လက်နက်များထက် ပညာရေးဘက်၌ ပိုမိုရင်းနှီးမြှုပ်နှံရန် တိုက်တွန်းခဲ့သည်။

"လက်ဘနွန်နိုင်ငံမှာ စာသင်ကျောင်းတစ်ကျောင်းဖွင့်လှစ်ဖို့ ကျွန်မဆုံးဖြတ်ချက်ချလိုက်ပါတယ်။ လျစ်လျူရှုခြင်းခံရတာ ကြာပြီဖြစ်တဲ့ ဆီးရီးယားဒုက္ခသည်တွေရဲ့ ခေါ်သံကို ကြားဖို့လိုအပ်တယ်လို့ ကျွန်မယုံကြည်တဲ့အတွက်ဖြစ်ပါတယ်" ဟု လိပ်ပြာပုံပန်းချီကားများဖြင့် မွမ်းမံပြင်ဆင်ထားသည့် စာသင်ခန်းတစ်ခန်းထဲတွင် မာလာလာက ရိုက်တာသတင်းထောက်အားပြောကြားသည်။

ဒေသဆိုင်ရာ ပညာရေးစီမံကိန်းများအတွက် ထောက်ပံ့ပေးလျက်ရှိပြီး အကျိုးအမြတ်မယူသည့် မာလာလာ ရန်ပုံငွေအဖွဲ့က အဆိုပါကျောင်းအတွက် လှူဒါန်းငွေကို ဆီးရီးယားနယ်စပ်အနီးတွင် တည်ရှိသည့် လက်ဘနွန် ဘီကားချိုင့်ဝှမ်းဒေသရှိ စာသင်ကျောင်းအတွက် ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

"ဇူလိုင် ၁၂ ရက်မှာကျရောက်တဲ့ ဒီနေ့ဟာ အရွယ်ရောက်လာပြီဖြစ်တဲ့ ကျွန်မအတွက် ပထမဆုံးနေ့ဖြစ်ပါတယ်။ ကျည်ဆန်တွေအစား စာအုပ်တွေအတွက်ပဲ ရင်းနှီးမြှုပ်နှံရမည်ဆိုတာကိုလည်း ကမ္ဘာတစ်ဝန်းရှိ ကလေးသူငယ်များကိုယ်စား ကမ္ဘာ့ခေါင်းဆောင်များအား တိုက်တွန်း လိုပါတယ်" ဟု မာလာလာက ပြောကြားသည်။

လက်ဘနွန်နိုင်ငံသည် ဆီးရီးယားပြည်တွင်းစစ်ဒဏ်ကြောင့် အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည့် ဆီးရီးယားစစ်ပြေးဒုက္ခသည် လေးသန်းခန့်ရှိသည့် အနက် ၁ ဒသမ ၂ သန်းခန့် နေထိုင်ရာနိုင်ငံဖြစ်သည်။ လက်ဘနွန်နိုင်ငံထဲတွင် ကျောင်းနေအရွယ် ဆီးရီးယားစစ်ပြေးဒုက္ခသည် ၅၀၀၀၀၀ ခန့် နေထိုင်ပြီး ၎င်းတို့အနက် ငါးပုံတစ်ပုံခန့်သာ တရားဝင် ပညာသင်ယူလေ့လာခွင့်ရသည်ဟု သတင်းများအရ သိရသည်။

ဆီးရီးယားပြည်တွင်းစစ်ဒဏ်ကြောင့် အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးခိုလှုံသည့် စစ်ပြေးဒုက္ခသည်ဦးရေမှာ ယခုနှစ်ကုန်ပိုင်းတွင် ၄ ဒသမ ၂၇ သန်းအထိမြင့်တက်လာမည်ဟု ကုလသမဂ္ဂကခန့်မှန်းထားသည်။

**(ရိုက်တာ)**

## တရုတ်အပူလှိုင်း အဝါရောင်အဆင့်သတိပေး

**ပေကျင်း ဇူလိုင် ၁၃**

တရုတ်နိုင်ငံ၏ နွေရာသီအမြင့်ဆုံးအပူချိန်သို့ရောက်ရှိလာချိန် တရုတ်အမျိုးသား မိုးလေဝသဌာန(အင်န်အမ်စီ)က အပူချိန်မြင့်တက်မှုအဝါရောင်အဆင့်တပ်လှန့် သတိပေးမှုများပြုလုပ်လျက်ရှိသည်။

အပူလှိုင်းသည် တနင်္လာနေ့တွင် တရုတ်နိုင်ငံအလယ်ပိုင်း၊ အရှေ့ပိုင်းနှင့် မြောက်ပိုင်းတွင် ကျရောက်နိုင်ကြောင်း၊ အခြားဒေသအချို့တွင်လည်း အပူချိန်မှာ ၄၀ ဒီဂရီ ဆဲလ်စီးရပ်အထိ ရောက်ရှိလာနိုင်ကြောင်း အင်န်အမ်စီက ခန့်မှန်းထားသည်။



မေလလယ်ကတည်းက နိုင်ငံမြောက်ပိုင်းဒေသအချို့တွင် မိုးခေါင်မှုများကြောင့် အပူချိန်မှာဆက်လက်မြင့်တက်နေကြောင်း၊ ပေကျင်းမြို့၏ အဓိကရေပေးဝေရေး အရင်းအမြစ်တစ်ခုဖြစ်သည့် မီယွန်း ရေလှောင်တမံမှာလည်း ဆက်လက်ခန်းခြောက်လျက်ရှိရာ ကန်ရေလှောင် ပမာဏမှာ ယမန်နှစ်ကထက် ၃၉ ရာခိုင်နှုန်း လျော့နည်းကျဆင်းသွားကြောင်း တာဝန်ရှိသူများက ပြောသည်။

မကြာမီကျရောက်လာနိုင်သည့် အပူလှိုင်းသည် မိုးခေါင်မှုကြောင့် ပို၍ဆိုးရွား လာနိုင်ကြောင်း၊ ဒေသအစိုးရများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းခွင် ဝင်ရောက်လုပ်ကိုင်မှုလျှော့ချလုပ်ကိုင်ရန် လုပ်ဆောင်သင့်ကြောင်းအကြံပေးအဖွဲ့က ပြောသည်။ တရုတ်နိုင်ငံတွင် ရာသီဥတု သတိပေးမှုစနစ်အရောင်လေးမျိုးခွဲခြားထားရာ လိမ္မော်ရောင်၊အဝါရောင်၊ အပြာရောင်တို့ပြီးလျှင် အနီရောင်သည် အဆိုးရွားဆုံးအခြေအနေဖြစ်သည်။ **(ဆင်ဟွာ)**

# အရှယ်မရောက်သေးသူများ စစ်မှုထမ်းခြင်းမှ ကာကွယ်ရေးဆိုင်ရာလုပ်ငန်းအစီအစဉ်ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စ လိုင်လာဇာရိုဂီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ The Hotel Royal Ace ၌ နေ့လယ်စာဖြင့် တည့်ခင်းဧည့်ခံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့အစည်းတို့အကြား ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန်နှင့် မြန်မာနိုင်ငံတွင် အရှယ်မရောက်သေးသူများ စစ်မှုထမ်းခြင်းမှ ကာကွယ်ရေးဆိုင်ရာလုပ်ငန်းအစီအစဉ်ဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာခြင်း

**၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၃ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၆ အရ လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်း တင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့် စပ်လျဉ်းသည့် နေ့ရက်များကို ၈-၇-၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ် (၂၉/၂၀၁၅)ဖြင့် ထုတ်ပြန် ကြေညာပြီး ဖြစ်ပါသည်။

၂။ သက်ဆိုင်ရာ လွှတ်တော်မဲဆန္ဒနယ်မြေအလိုက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်လိုသူ (မသန်စွမ်းသူများအပါအဝင်) တစ်ဦးသည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၂ နှင့် နည်းဥပဒေ ၁၈ တို့အရ မိမိတို့ဝင်ရောက်ယှဉ်ပြိုင်လိုသည့် မဲဆန္ဒနယ်နှင့် သက်ဆိုင်သည့် နေပြည်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲထံတွင် (၂၀-၇-၂၀၁၅) ရက်မှ (၈-၈-၂၀၁၅)ရက်အတွင်း နည်းဥပဒေပါ ပုံစံ(၆) မူရင်းနှစ်စောင်ဖြင့် အမည်စာရင်း တင်သွင်းနိုင်ပါသည်။ တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်အတွက်ဖြစ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲထံတွင် တင်သွင်းရပါမည်။

၃။ ယင်းသို့ အမည်စာရင်းတင်သွင်းရာတွင် နည်းဥပဒေ ၁၉ အရ လွှတ်တော်ကိုယ်စားလှယ်လောင်းကိုယ်တိုင်ဖြစ်စေ၊ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ အမည်စာရင်းတင်သွင်းမှု ပြုနိုင်ပါသည်။ အမည်စာရင်း တင်သွင်းလွှာနှင့်အတူ ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေကျပ် သုံးသိန်းကို မိမိအမည်စာရင်း တင်သွင်းရမည့် ကော်မရှင်အဖွဲ့ခွဲရုံးစိုက်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပေးသွင်းပြီးကြောင်း "ချလန်မူရင်း" ကို ပူးတွဲတင်သွင်းရပါမည်။ ငွေပေးသွင်းရမည့် ငွေစာရင်းခေါင်းစဉ်အမှတ်မှာ မိမိအမည်စာရင်း တင်သွင်းမည့် ကော်မရှင်အဖွဲ့ခွဲ၏ ငွေစာရင်းခေါင်းစဉ်အမှတ် ဖြစ်ပါသည်။ ထို့ပြင် အမည်စာရင်းတင်သွင်းလွှာ ပုံစံ(၆)တွင် မြို့နယ်တရားသူကြီး အဆင့်ထက်မနိမ့်သော တရားသူကြီး တစ်ဦးဦးရှေ့မှောက်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းက လက်မှတ်ရေးထိုးထားသည့် လက်မှတ်မှန်ကန်ကြောင်း သက်သေခံစာပါရှိရမည်ဖြစ်ပါသည်။ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အနေဖြင့် မိမိတို့အသုံးပြုလိုသည့် သင်္ကေတ (Logo) ကိုပါ CD ဖြင့်ကူး၍ အမည်စာရင်းတင်သွင်းလွှာနှင့်အတူ ပူးတွဲပေးပို့ရန် ဖြစ်ပါသည်။

၄။ အမည်စာရင်းတင်သွင်းမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးသည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၂၉ နှင့် နည်းဥပဒေ ၂၂ တို့အရ မိမိကိုယ်ကိုယ်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အရည်အချင်းကိုက်ညီသည့် အခြားသူတစ်ဦးဦးကိုဖြစ်စေ မိမိ၏ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားခွင့်ရှိပါသည်။ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းချိန်တွင် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ခန့်စာ ပုံစံ(၇) သို့မဟုတ် ပုံစံ(၇-က) နှစ်စောင်ကို ပူးတွဲတင်သွင်းရန်ဖြစ်ပါသည်။

၅။ သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၃ နှင့် နည်းဥပဒေ ၁၈(ခ) တို့အရ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မဲဆန္ဒနယ်တစ်နယ်ထက်ပို၍ တစ်ပြိုင်တည်း အမည်စာရင်းတင်သွင်းခွင့်မရှိကြောင်းနှင့် ပုဒ်မ ၂၈၊ နည်းဥပဒေ ၃၃ တို့အရ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းလွှာကို မိမိဆန္ဒအလျောက် ပြန်လည်ရုပ်သိမ်းလိုလျှင် (၉-၈-၂၀၁၅)ရက်မှ (၁၁-၈-၂၀၁၅) ရက်အတွင်းသာ ရုပ်သိမ်းခွင့်ရှိကြောင်း သတိပြုရန် ဖြစ်ပါသည်။

၆။ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို လက်ခံထားသော သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအသီးသီးသည် (၁၂-၈-၂၀၁၅) ရက်မှ (၂၁-၈-၂၀၁၅)ရက်အတွင်း ပုံစံ(၅)ဖြင့် သတ်မှတ်ကြေညာထားသည့် နေ့ရက်များအလိုက် သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေပုဒ်မ ၂၄၊ ၂၅၊ ၂၆ နှင့် နည်းဥပဒေ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁ တို့နှင့်အညီ အမည်စာရင်း တင်သွင်းလွှာများကို စိစစ်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**● ရှေ့ဖုံးမှ**

တစ်ပေါင်းတည်းဖြစ်စေရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဈေးကွက်အတွင်း နိုင်ငံခြားငွေရှားပါးမှုမဖြစ်စေရန် စက်သုံးဆီနှင့်စားသုံးဆီတင်သွင်းသူများ လိုအပ်သည့် နိုင်ငံခြားငွေများကို ဘဏ်များမှတစ်ဆင့် ရောင်းချခြင်းကို ရပ်တန့်မည်မဟုတ်ဘဲ အခြားပစ္စည်းတင်သွင်းသူများအတွက်လည်း လိုအပ်သည့် နိုင်ငံခြားငွေများကို နိုင်ငံခြားငွေကြေးလေလံများမှတစ်ဆင့် ဘဏ်များသို့ နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သိရသည်။

ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းသည် ပြင်ပဈေးကွက်ငွေလဲလှယ်နှုန်းနှင့် ၂၀၁၂ ခုနှစ် ဧပြီလမှစတင်၍ လိုက်လျောညီထွေရှိခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းနှင့် ပြင်ပဈေးကွက်ရှိငွေလဲလှယ်နှုန်း ပျမ်းမျှကွာဟချက် ဝ ဒသမ ၁ ရာခိုင်နှုန်းခန့်သာရှိခဲ့သည်။

၂၀၁၄ ခုနှစ် အောက်တိုဘာမှ စတင်ကာ နိုင်ငံတကာဈေးကွက်ရှိ အမေရိကန်ဒေါ်လာဈေးနှုန်း မြင့်တက်လာသည့် ဂယက်အပါအဝင် အခြားသော ပြည်တွင်းဂယက်များကြောင့် ပြည်ပဈေးကွက်ပေါက်ဈေးမှာ အလွန်အကျွံ ကျဆင်းလာပြီး ဗဟိုဘဏ်၏ သတ်မှတ်ရည်ညွှန်းနှုန်းနှင့်ကွာဟချက်ပိုလာကာ ၂၀၁၅ ခုနှစ် ဇန်နဝါရီမှ ဇွန်လအတွင်း ပျမ်းမျှကွာဟချက်မှာ ၃ ဒသမ ၁ ရာခိုင်နှုန်းခန့်ဖြစ်လာကြောင်း သိရသည်။

ဇူလိုင် ၁၀ ရက်က ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်း အမေရိကန်ဒေါ်လာတစ်ဒေါ်လာလျှင် ၁၁၂၅ ကျပ် ရှိခဲ့ချိန်တွင် ပြည်ပဈေးကွက်ပေါက်ဈေးမှာ ၁၂၁၂ ကျပ်အထိ ရှိခဲ့ကြောင်း သိရသည်။ ယနေ့တွင် ဗဟိုဘဏ်၏ ရည်ညွှန်းကိန်း အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၁၂၀၀ သို့ ပြင်ဆင်ချိန်တွင် ပြင်ပပေါက်ဈေး ၁၂၀၅ ကျပ်ဝန်းကျင် ရှိနေကြောင်း သိရသည်။

ထို့ပြင် ငွေကြေးဖောင်းပွမှုနှုန်းနှင့် ယင်းကြောင့် ပြည်တွင်းကျပ်ငွေအပေါ် သက်ရောက်လာသည့် ဖိအားများကိုလျော့ကျစေရန် တင်းကျပ်သော ငွေကြေးမူဝါဒကို ကျင့်သုံး၍ ဈေးကွက်အတွင်းရှိ ကျပ်ငွေများကို ပိုမိုနုတ်ယူခြင်း၊ ဘဏ်များ လိုက်နာရမည့် စည်းကမ်းများကို နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့် အညီ တင်းကျပ်၍ ချေးငွေအလွန်အကျွံမြင့်တက်မှုနှုန်းကို ထိန်းချုပ်ခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပြင်သစ်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၁၄**

၂၀၁၅ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ကျရောက်သော ပြင်သစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပြင်သစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာ လောရင့်ဖာဘီယပ်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် **ပြည်ထောင်စုတောင်သူလယ်သမား အင်အားစုပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ နန်းတော်ကုန်း(၁)လမ်း၊ အမှတ်(၄၇၈)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စု တောင်သူလယ်သမားအင်အားစုပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၃-၇-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ၏ အလံပုံစံ**




**ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တရားမဝင်အေးခဲကြက်သားများ စားသုံးမိပါက ကျန်းမာရေးကိုထိခိုက်လာနိုင်

**မန္တလေး ဇူလိုင် ၁၃**

မန္တလေးမြို့တွင်းသို့ တရားမဝင် အေးခဲကြက်သားများ ဝင်ရောက်နေမှုများသည် စားသုံးသူပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်မှုရှိနိုင်သောကြောင့် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့၏ အဆင့်ဆင့်စစ်ဆေးအတည်ပြုချက်ရယူပြီး တရားဝင်လိုင်စင်ရမှသာ တင်သွင်းရောင်းချခွင့်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ အေးခဲကြက်သားများသည် မလိုလားအပ်သော ကြာရှည်ခံဓာတုဗေဒဆေးဝါးများ သုံးစွဲထားခြင်းနှင့် သတ်တမ်းကြာရှည်နေသောအသားများကို မပုပ်မသိုးအောင် ဓာတုဆေးဝါးများ ထည့်သွင်းအသုံးပြုထားခြင်းကြောင့် စားသုံးမိပါက အသည်း၊ ကျောက်ကပ်နှင့် ကင်ဆာရောဂါများ ဖြစ်ပွားနိုင်ကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းနိုင်က ပြောသည်။

"ရောင်းချတဲ့ဆိုင်တွေအနေနဲ့ စားသုံးသူပြည်သူတွေ မြင်သာအောင် မှတ်ပုံတင်ထားတဲ့ အေးခဲကြက်သားဖြစ်ကြောင်း၊ စနစ်တကျစစ်ဆေးခံပြီးမှ ရောင်းချခြင်းဖြစ်တယ်ဆိုတဲ့အကြောင်းတွေကို တရားဝင်လိုင်စင်တွေဆိုင်မှာ ပြသထားပြီးရောင်းချသင့်ပါတယ်"ဟု ၎င်းကပြောကြားသည်။

"မြန်မာနိုင်ငံရဲ့ အသားစားကြက်မွေးမြူရေးလုပ်ငန်းတစ်ခုတည်းရဲ့ လည်ပတ်ငွေက လေးဘီလီယံရှိတယ်။ ပြည်ပကနေအခုလို အေးခဲကြက်သားတွေ မပြတ်ဝင်ရောက်လာမယ်ဆိုရင်တော့ တိုးတက်နေတဲ့စီးပွားရေးမျှချေပျက်စီးပြီး ဈေးကွက်ဆုတ်ယုတ်သွားနိုင်တယ်။ ဒါကြောင့် အဘက်ဘက်ကကြည့်ရင် အကောင်းဘက်ကို မရောက်နိုင်တဲ့ ဒီအေးခဲကြက်သားတွေဝင်ရောက်လာမှုကို တားဆီးသင့်ပါတယ်"ဟု မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ကြက်သားမွေးမြူထုတ်လုပ်ရောင်းချသူများအသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဒေါက်တာကျော်ထင်က ဆက်လက်ပြောကြားသည်။

မန္တလေးမြို့တွင်းသို့ အေးခဲကြက်သားများ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး အဆိုပါအေးခဲကြက်သားများသည် ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ တရားဝင်ခွင့်ပြုထားခြင်းမရှိသည့်အပြင် စားသုံးရန် သက်တမ်းရက်စွဲမပါရှိခြင်း၊ မည်သည့်နေရာ မည်သည့်အခြေအနေမှ လာသည်ကို မသိရှိရခြင်းတို့ကြောင့် စားသုံးသူများ၏ ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေနိုင်ပါသည်။

တရားမဝင် ဝင်ရောက်လျက်ရှိသော အေးခဲကြက်သားများအား တားဆီးနိုင်ရန်အတွက် သက်ဆိုင်ရာမှ နယ်စပ်ဂိတ်များတွင် စစ်ဆေးခြင်း၊ မိုဘိုင်းတင်းများဖြင့် စစ်ဆေးခြင်း ပြုလုပ်လျက်ရှိသည့်အပြင် ပြည်သူများကလည်း ပူးပေါင်းကူညီသတင်းပေးခြင်းများဖြင့် ဆောင်ရွက်ရန် လိုအပ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# သူ၏ စေတနာ

ချစ်နိုင်(စိတ်ပညာ)

**ထန်းရွက်တဲမှ**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၏ အနောက်တောင်ယွန်းယွန်း ၁၀ မိုင်ခန့်အကွာတွင် ရှားတောကျေးရွာရှိသည်။ တောင်သူယာသမား၊ ထန်းသမား၊ ဆင်းရဲသားရွာလေးဖြစ်သည်။ အိမ်ခြေမများလှပေ။ တင်းဂတ်အုပ်စု ထနောင်းကုန်းရွာနှင့်နီးသည်။

ရှားတောရွာမှာ ဦးဖိုးယူနှင့် ဒေါ်ကြက်ရုံးဆိုသော ဆင်းရဲသား ယာသမား လင်မယား ရှိသည်။ သားသမီးငါးဦး ထွန်းကားသည်။ အကြီးဆုံးသား ဩရသက မောင်အုံးဖေတဲ့။ ရွာမှာတော့ သူ့ကိုတောခွေးဟုသာခေါ်ကြ၏။ မိဘနှစ်ပါးဆင်းရဲနွမ်းပါးသဖြင့် သားသမီးကို ကျောင်းမထားနိုင်ပေ။ ဥစ္စာဆင်းရဲရုံမျှမက အသိပညာလည်း ဆင်းရဲကြရှာသည်။

မောင်အုံးဖေကို ဖခင် ဦးဖိုးယူက အသက် ၁၀ နှစ်ကျော်မှ ပခုက္ကူမြို့နယ် စို့တွင်းရွာမြောက်ကျောင်းဆရာတော်ဦးဇဝနထံ အပ်နှံပို့ခဲ့သဖြင့်အသက် ၁၅ နှစ်သားအထိ ဘုန်းကြီးကျောင်းသား၊ ဘုန်းကြီးကျောင်းစာသင်ကြားခဲ့ရ၏။ ရေးတတ်ဖတ်တတ်၊ ဂဏန်းတွက်ချက်တတ်လေသည်။ အတန်းပညာ မသင်ခဲ့ရဖူးပေ။

**ထမင်းစားကျွန်ခံ**

ဆရာတော်စီစဉ်ပေးချက်အရ အသက် ၁၆ နှစ်ခန့်ရှိတော့ ရေစကြိုမြို့ရှိ ကုန်သည်တစ်ဦးအိမ်တွင် ထမင်းကျွေးအလုပ်သမားအဖြစ် အလုပ်လုပ်ရ၏။ ပင်ပန်းဆင်းရဲလှသဖြင့် နှစ်နှစ်ကြာသောအခါ ရန်ကုန်ဆရာစံလမ်းရှိ မြင်းထိန်းခြံတွင် အလုပ်လာလုပ်သည်။ ထမင်းကျွေးလခမဲ့။ မြင်းစာကျွေး၊ မြင်းထိန်း၊ မြင်းကျောင်း။ ယင်းအလုပ်က အဆင်မပြေပြန်သဖြင့် ရန်ကုန်သိမ်ကြီးဈေးတစ်ဝိုက်လှည့်လည်၍ ကွမ်းယာရောင်း၏။

**ဖောင်စီးယောက်ျား**

အသက် ၂၀ ကျော်တွင် ဇာတိရွာသို့ပြန်လာပြီး တောင်သူလုပ်သည်။ ထို့နောက် ဘုံဘေဘားမားသစ်ဖောင်တွင် သုံးနှစ်ခန့် သစ်ဖောင်လုပ်သားဘဝ၊ အလုပ်ကြမ်းကို သက်စွန့်ကြိုးပမ်းလုပ်ကိုင်သည်။ ပညာမရှိတော့ တစ်ဝမ်းတစ်ခါးသည် ခက်ခဲပင်ပန်းလှ၏။

ရန်ကုန်မှာလည်း သုံးနှစ်လောက်နေဖူးသည်။ ဧရာဝတီမြစ်ရိုးမှာလည်း ဖောင်လုပ်သားအဖြစ် အရပ်တကာလှည့်လည်ကာ လူအမျိုးမျိုး၊ အခြေအနေအထွေထွေ၊ အတွေ့အကြုံစုံခဲ့ပေပြီ။ ရွာကလူတွေထက် အုံးဖေက လူရည်လည်သည်။ ဗဟုသုတရှိနေသည်။

ညီတွေ၊ ညီဝမ်းကွဲတွေကလည်း ဆင်းရဲသည်။ အသိဉာဏ်ဗဟုသုတနည်းသည်။ လွတ်လပ်ရေးမရသေးမီ အင်္ဂလိပ်အစိုးရခေတ် ကိုအုံးဖေသည် ပခုက္ကူ မြိုင်၊ ရေစကြိုတစ်ဝိုက် ခါးပြဗိုလ်လုပ်ကာ ခါးပြလည်တိုက်သည်။ ခါးပြရှစ်ကြိမ်တိုက်ဖူးသည်။ အဖမ်းလည်းခံရဖူးသည်။ ထောင်သုံးကြိမ်ကျခဲ့သည်။ သူသည်လူကောင်းမဟုတ်၊ လူဆိုး၊ ခါးပြ၊ ထောင်ထွက် သူ့အကြောင်းသူရေးသည့် စာအုပ်ထဲမှာထုတ်ဖော်ထား၏။

**စာဖတ်ခြင်း**

ကိုအုံးဖေ၏ ထူးခြားသောအရည်အချင်းတစ်ခုမှာ စာဖတ်ခြင်းဖြစ်၏။ ကျောင်းမနေဖူးသော်လည်း သတင်းစာဖတ်သည်။ ဝတ္ထုဖတ်သည်။ နိုင်ငံတကာသတင်း၊ နိုင်ငံရေးသတင်းတွေလည်း ဖတ်သည်။ ဘာသာရေးတော့ ဝါသနာမပါ။ ထောင်ထဲမှာနေစဉ်မှာလည်း ကံကောင်းခြင်းတစ်ချက်က ထောင်ပိုင်ကြီး ဦးမောင်မောင်တင်က စာဖတ်ခြင်းကို အလွန်အားပေးသည်။ ထောင်ထဲမှာ စာကြည့်တိုက်ထားပေးသည်။

မည်ကာမတ္တ စာကြည့်တိုက်ဖွင့်ပေးခြင်းမျိုးမဟုတ်။ အပေါ်ယံမလုပ်။ စာအုပ်စာပေမျိုးစုံကို သူက သေချာစွာရွေးချယ်ပြီး စေတနာပါပါထားပေးခြင်းမျိုး။ စာဖတ်အများဆုံးထောင်သား ကိုအုံးဖေကို စာကြည့်တိုက်မှူးခန့်ထား၏။ ယုံကြည်အားထား၏။

အခြားထောင်သားတွေ ကျောက်ခွဲ၊ မြေတူး၊ သစ်ပင်ရေလောင်း၊ ထင်းခွဲ။ ကိုအုံးဖေတစ်ယောက်ကား စာအုပ်ပုံထဲ ခေါင်းမြုပ်နေ၏။ မဟာဆွေ၊ သခင်ကိုယ်တော်မှိုင်း၊ သခင်ဘသောင်း၊ ဇေယျ၊ သိပ္ပံမောင်ဝ၊ ပီမိုးနင်း၊ ဦးဖိုးကျား၊ ဦးသန့် စသော စာရေးဆရာတွေနှင့် စာအုပ်မှတစ်ဆင့် နေ့စဉ်ရင်းနှီးစွာ ပေါင်းဖော်ခင်မင်ရလေတော့ ခါးပြ ကိုအုံးဖေသည် အမှောင်မှ အလင်းသို့၊ အမည်းရောင်မှ အဖြူရောင်သို့ စိတ်နေစိတ်ထား၊ အတွေးအခေါ်၊ အမြော်အမြင်များ ပြောင်းလဲသွားလေသည်။ ကိုအုံးဖေက ပင်ကိုဉာဏ်ရည် ထက်မြက်၏။

ငါဒီတစ်ခါထောင်ဝကထွက်ရင် ငါ့ဘဝကို လူဆိုးခါးပြဘဝက လူကောင်းသူကောင်းဘဝသို့ ငါ့ကိုယ်ငါ လုံးလုံးကြီးပြောင်းလိုက်မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။ ဖဲရိုက်၊ ကြက်တိုက်၊ ကက်ဆွဲ၊ မိန်းမရှုပ်၊ မဟုတ်တာပြော၊ မကောင်းတာဟူသမျှ အကုန်လုပ်ဖူး၏။

**ဘဝအချိုးအကွေ့**

အသက် ၂၉ နှစ်အထိ မကောင်းမှုမျိုးစုံလုပ်ခဲ့၏။ များလှပြီ။ တော်လောက်ပြီ။ ကျန်သည့်အသက်အပိုင်းအခြားကို စာအုပ်စာပေထဲက (သူ့ထက် နှစ်နှစ်သာကြီးသော)သခင်အောင်ဆန်းကို အားကျ၏။ တို့ဗမာအစည်းအရုံးအတွင်းရေးမှူး သူ့ကိုစံထား၏။

၁၉၄၆ ခုနှစ် ထောင်ကလွတ်လာ။ ရွာမှာကောင်းစွာနေသည်။ ရွာကလူတွေ ကိုအုံးဖေ ဘယ်ချိန်ခါးပြထွက်တိုက်မလဲ စောင့်ကြည့် အကဲခတ်။ ညီခါးပြတွေက ခါးပြတိုက်ဖို့ အဖော်လာစပ်ကြ။ ငါမပါတော့ဘူး။ မင်းတို့တိုက်ချင်ရင် တိုက်ကြ၊ ငါမတားဘူး။ ငါနှုတ်လုံပါ့မယ်။ မင်းတို့ရသမျှ မင်းတို့စံပါ။ ဖြစ်လာရင် မင်းတို့ခံပါ။ ဆင်းရဲချင်လည်း ဆင်းရဲပါစေ။ ရိုးရိုးဖြောင့်ဖြောင့်ပဲနေဖို့ ငါဒိုးဒိုးချ ဆုံးဖြတ်ပြီးပြီ။ အဖြူနှင့်အမည်း လမ်းခွဲလိုက်ပါပြီ။

တစ်နှစ်ကြာတစ်ရွာလုံးကစောင့်ကြည့်လို့ ကိုအုံးဖေခြေငြိမ်တာသိလာကြပြီ။ အရင်လို ဖဲရိုက်၊ ကက်ဆွဲ၊ ငွေသုံးဖြုန်း၊ အရက်သောက်လည်း လုံးဝမလုပ်တော့ဘူး။ စာအုပ်တွေပဲတစ်ထပ်ကြီး ဖတ်နေတယ်။ သူက ရန်ကုန်မှာလည်း နေခဲ့ဖူးတယ်။ ဘာမဆို ဗဟုသုတရှိတယ်။ သူ့ကိုအားလုံးက အထင်ကြီးလေးစားကြ၏။

၁၉၄၇ (သူ့အသက် ၃၀ တိတိ)မှာ တင်းဂတ်တိုက်နယ် ကျေးရွာအုပ်စုသူကြီးအဖြစ် ငါးရွာစလုံးမှ မဲပေးထောက်ခံပြီး တင်မြှောက်လိုက်ကြ၏။ စာပေ၏ကျေးဇူး။ ထောင်ထွက်လည်း သူကြီးဖြစ်၏။

**အရေးသန်**

ပြည်တွင်းသောင်းကျန်းမှုတွေ ဆူပူနှိပ်စက်သဖြင့် တောမှာနေ၍မရ။ အသက်ကိုရန်ရှာလာပြီဖြစ်သဖြင့် (လူထုသတင်းပေးတွေကတစ်ဆင့် သတင်းကြိုရကာ)အလံနီသူပုန်လာမသတ်မီ လက်မတင်လေး လွတ်အောင်ပြေးရ၏။ လှည်းတစ်စီးပါနိုင်သလောက်နှင့် ပခုက္ကူမြို့ပေါ်အရောက် ဒုန်းစိုင်းပြေးလာ၏။ ဈေးကောက်၊ ပွဲစား၊ ဆေးရွက်ကြီးကုန်သည်အဖြစ် လုပ်ကိုင်နေထိုင်သည်။ သူကြီးဘဝ နယ်ပိုင်ကြီးက နေ့စဉ်မှတ်တမ်း (Diary) ရေးမှတ်ရမည်ဆိုသဖြင့် ဒိုင်ယာရီကို နေ့စဉ်မပြတ်ရေးခဲ့၏။ အသက် ၇၆ နှစ်အရွယ်ရောက်တော့ ဒိုင်ယာရီ ၄၆ အုပ်ရှိခဲ့လေပြီ။ တစ်မျက်နှာမှ ကွက်လပ်မရှိ။ ကိုအုံးဖေသည် စာမျက်နှာပေါင်း ၁၆၀၀၀ ကျော်ကို နေ့စဉ်နေ့တိုင်းရေးနေခဲ့သည်။ ရေးလာခဲ့သည်။ ရေးကျင့်ကရနေသဖြင့် (စာမရေးရမနေနိုင်)စာအုပ်ငါးအုပ်ရေးထုတ်ခဲ့သော စာရေးဆရာဖြစ်လာပါလေရော။ စာဖတ်ခြင်းကြောင့် ဗဟုသုတပြည့်ဝခဲ့၏။ အဆက်မပြတ်ရေးမှတ်ခြင်းကြောင့် ကိုအုံးဖေက တိကျ၏။ ရှင်းလင်း၏။ ခိုင်မာ၏။

**အပေးသန်**

၁၉၅၆ ခုနှစ်မှာ သိန်းတစ်ရာဆေးပေါင်းရုံအမည်ဖြင့် ဗာဂျီးနီးယားဆေးပေါင်းလုပ်ငန်းကို စတင်ထူထောင်ကာ ပခုက္ကူမြို့နယ်မှာ လူချမ်းသာထိပ်ပိုင်းစာရင်းဝင်လာခဲ့ပါတော့သည်။ မရှိဆင်းရဲသားများကို လှူသည်။ ဆေးရုံတိုးချဲ့ဆောင် လှူသည်။ မီးသတ်မျှော်စင်လှူသည်။ ထနောင်းကုန်းရွာမှာ "အသိပညာ စာကြည့်တိုက်" တည်ဆောက်ထူထောင်ပေးသည်။ မွေးရာဇာတိ ရှားတောရွာမှာ "ဗဟုသုတစာကြည့်တိုက်" ဆောက်ပြီးလှူသည်။ (ရွာကဆင်းရဲ၊ အိမ်ခြေနည်း၊ ဧရာဝတီမြစ်ရေတိုက်စား၊ ကမ်းပါးပြိုသဖြင့် ရွာလည်းပြောင်း၊ စာကြည့်တိုက်လည်း ယခုမရှိတော့ပါ။)

ပခုက္ကူမြို့ရှိ သူ၏နေအိမ်နံဘေး ခြံဝင်းအကျယ်ကြီးထဲမှာ နှစ်ထပ်တိုက်အကြီးကြီးဆောက်လုပ်ပေးပြီး "ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်" ပြည်သူအများအခမဲ့ငှား၊ အခမဲ့ဖတ်ရန် ထူထောင်ဖွင့်လှစ်ပေးထား၏။ ဝန်ထမ်းလခပေးပြီးခန့်ထား၏။ နေ့စဉ် စာဖတ်သူတွေ ရာချီများပြား၏။

**အလှူရှင်**

ပခုက္ကူ ဦးအုံးဖေစာပေဆုအတွက် ၇၆ သိန်းကျော်နှင့် ပညာရေးဌာနသို့ အလှူငွေ ၅၂၀၁၂၇၉ ကျပ်ကို အခြေခံပညာ ကျောင်းသားကျောင်းသူများ ပညာရည်ချွန်ဆုပေးရန် သူက ၁၉၉၇ ခုနှစ်တွင် လှူဒါန်းခဲ့ပါသည်။ ပညာရေးအလှူငွေကို ၂၀၀၂ ခုနှစ်တွင် ၂၉ သိန်း၊ ၂၀၀၃ ခုနှစ်တွင် သိန်း ၅၀ တို့ကို ထပ်မံ၍လှူဒါန်းပါသည်။ လှူဒါန်းငွေစုစုပေါင်း သိန်း ၂၅၀ ကျော်၏။

မတည်ငွေ၊ အတိုးငွေ၊ စေတနာရှင်များ ထပ်မံဖြည့်တင်းလှူဒါန်းငွေတို့ဖြင့် ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့ ပထမအကြိမ်မှသည် ၂၀၁၅ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့(၂၂)ကြိမ်မြောက် ဆုပေးပွဲအထိ စာပေပညာရှင်များ၊ စာရေးဆရာများနှင့် ပညာရည်ချွန် ကျောင်းသား ကျောင်းသူများကို ဦးအုံးဖေ(အတန်းကျောင်း၊ အတန်းစာ၊ တစ်နှစ်မျှမနေခဲ့ရဖူးရှာသူ) ဆိုသော လူဆိုးခါးပြ ထောင်ထွက်တစ်ယောက်က လှူဒါန်းထောက်ပံ့ကောင်းကျိုးပြုခဲ့ပါပေသည်။ ငွေပင်ငွေရင်းရှိနေသဖြင့် စာပေရေးရာ၊ ပညာရေးရာ ထူးချွန်သူများကို ဆက်လက်၍လည်း နောင်အခါချီးမြှင့်ထောက်ပံ့နေပါလိမ့်ဦးမည်။

ထိုအလှူရှင် ပခုက္ကူ ဦးအုံးဖေ(၁၉၁၇-၂၀၀၈) ဆိုသောပုဂ္ဂိုလ်သည် ၂၀၀၈ ခုနှစ် ဧပြီလ ၁၃ ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပါပြီ။ အသက် ၉၁ နှစ်ထိအောင် ငယ်စဉ်ကသူမိုက်ခဲ့မှားခဲ့၊ တိုက်ခဲ့လုယက်ခဲ့သော အမှားများ ချေဖျက်ရန် နိုင်ငံနှင့်လူမျိုးအကျိုးရှိရာရှိကြောင်း အစွမ်းကုန်ကြိုးပမ်းလုပ်ဆောင်သွားခဲ့ပါ၏။ နာမည်ဆိုးကို သင်ပုန်းချေခဲ့၏။

**တရုတ်ပြည်သို့**

၁၉၉၆ ခုနှစ်(လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်)က ပခုက္ကူ ဦးအုံးဖေနှင့် စာရေးသူစာပေလေ့လာရေးအဖွဲ့အနေဖြင့် ကူမင်း၊ ပီကင်း၊ ရှန်ဟဲမြို့များသို့ ၁၅ ရက်ခရီး အတူတကွသွားခဲ့ကြဖူးပါ၏။ မသွားမီနှစ်လကြိုတင်၍ ရှူးဖိနပ်အကောင်းစားနှစ်စုံ ပခုက္ကူသို့ဝယ်ပို့ပေးပြီး ခြေထောက်အသားကျအောင် နေ့စဉ်စီး၍ လမ်းလျှောက်စေပါ၏။ (ရှူးဖိနပ်စီးလေ့မရှိခဲ့ဘဲ နိုင်ငံခြားသွားရမှ သားရေရှူးဖိနပ်စီးလျှင် သုံးလေးရက်ကြာသော် ဖိနပ်ပေါက်ကာ ခြေထောက်နာတတ်ပါ၏။ ထော့ကျိုးထော့ကျိုးဖြစ်ရတတ်တာဖြစ်ဖူး၏) ဦးလေးအုံးက ပုဆိုးတိုက်ပုံပဲ ဝတ်မည်အတင်းပြောနေသည်ကို ဆောင်းရာသီမှာ ပီကင်း(ယခုပေကျင်း)နားရွက်ကိုက်ခဲအောင် လွန်လွန်ကဲကဲ အေးမြလှကြောင်း၊ ပုဆိုးနှင့်လုံးဝမဖြစ်နိုင်ကြောင်း အကြိမ်ကြိမ်ပြောမှ လက်ခံသည်။ ရှူးဖိနပ်ဖိုးပြန်ပေးပါသည်။ သူ့အတွက်သူတစ်ပါးစိုက်ရတာမကြိုက်ပါ။

တရုတ်ပြည်ခရီးစဉ်မှာ နေ့စဉ် ကျွန်တော်က သူ့ကိုလည်စည်းစည်းပေးရ၏။ ဖိနပ်တိုက်ပေးရ၏။ အဖွဲ့ဝင်တွေထဲမှာ မိမိက အငယ်ဆုံး၊ ဒါတွေ မိမိတာဝန်။ အင်္ဂလိပ်လိုလည်းမတတ်၊ တရုတ်လိုလည်းမတတ်သဖြင့် "ကျုပ်တော့ ဆယ့်ငါးရက်လုံးလုံး အအဖြစ်ရတော့တာပဲ" ဟု ညည်းညူရှာ၏။ ဦးသန်းမောင်၊ ဒေါက်တာရဲနိုင်၊ ခင်စိန်လှိုင်တို့က အင်္ဂလိပ်လို ပြောတတ်ကြ၏။

**စေတနာ**

ဦးအုံးဖေက သူပညာမတတ်သဖြင့် လူတကာကို ပညာတတ်စေချင်လှ၏။ ပညာထူးချွန်စေချင်၏။ သူ့စေတနာကို ကျွန်တော်က အလွန်တရာ ကျေးဇူးတင်၏။ ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုကို မြန်မာနိုင်ငံစာရေးဆရာအသင်း မြန်မာစာပေအဆင့်အတန်းမြင့်မားရေးရည်ရွယ်ချက်ဖြင့် တာဝန်ယူကာ ရွေးချယ်ချီးမြှင့်ပေးနေပါ၏။ ချီးမြှင့်ငွေမှာ ပထမဆု သုံးသိန်း၊ ဒုတိယဆု နှစ်သိန်းနှင့် တတိယဆုတစ်သိန်းဖြစ်ပါသည်။ ကဗျာပေါင်းချုပ်၊ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကျမ်းစာပေ၊ သုတေသနစသည်တို့ဘာသာရပ်အလိုက် ပြိုင်ပွဲဝင်စာမူနှစ်စဉ်ဖိတ်ခေါ်၏။ ဆုငွေက မများလှပါ။

စာမျက်နှာ ၈ ကော်လံ ၁

**■ ဦးအုံးဖေက သူပညာမတတ်သဖြင့် လူတကာကို ပညာတတ်စေချင်လှ၏။ ပညာထူးချွန်စေချင်၏။ သူ့စေတနာကို ကျွန်တော်က အလွန်တရာ ကျေးဇူးတင်၏။ ပခုက္ကူ ဦးအုံးဖေတည်ထောင်သော ပခုက္ကူ စာပေဆုကို မြန်မာနိုင်ငံစာရေးဆရာအသင်း မြန်မာစာပေအဆင့်အတန်းမြင့်မားရေးရည်ရွယ်ချက်ဖြင့် တာဝန်ယူကာ ရွေးချယ်ချီးမြှင့်ပေးနေပါ၏**

## သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါမပြန့်ပွားရေး ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၃**

မိုးရာသီကာလသို့ရောက်ရှိလာသည့်အတွက် သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါမပြန့်ပွားရေး ကြိုတင်ကာကွယ်ဆောင်ရွက်ခြင်းကို ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော် (၉၇) ရပ်ကွက်၌ ဇူလိုင် ၁၁ ရက်က မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနမှ ကော်မတီဥက္ကဋ္ဌနှင့် ဝန်ထမ်းအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ (၉၇)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် လမ်းမှူးများ ပါဝင်သောအဖွဲ့ဝင်များသည် ရပ်ကွက်အတွင်းရှိ ရေနုတ်မြောင်းများကို စက်ဖြင့်ခြင်ဆေးလိုက်လံမှုတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ရပ်ကွက်အတွင်း အိမ်တိုင်ရာရောက် လိုက်လံကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ရပ်ကွက်နေပြည်သူများထံသို့ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးကလည်း ရပ်ကွက်ရှိ ကျောင်းများသို့ကွင်းဆင်း၍ ကျောင်းသားကျောင်းသူများကို သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကျင်မောင်**



ပြည်သူ့လွှတ်တော်အစည်းအဝေး

# ၂၀၁၅ ခုနှစ် မေ ၁ ရက်မှစ၍ မှတ်ပုံတင်သက်တမ်း ၁၀ နှစ်ကျော်သည့် စက်မှုဇုန်ထုတ်ယာဉ်များကိုသာ အပ်နှံလက်ခံခြင်းဆောင်ရွက်သွားမည်

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်းသုံးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်းနှစ်ခုအား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခြင်းတို့ ဆောင်ရွက်ကြသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က ဖြေကြားရာတွင် ကန့်ပက်လက် မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ **ဟန်ပြအတုအယောင်ထုတ်လုပ်နေသော စက်မှုဇုန်ကားလုပ်ငန်းများကို အပြီးအပိုင်ဖျက်သိမ်းပေးနိုင်ခြင်း ရှိ၊ မရှိနှင့် စက်မှုဇုန်ကားများ ခုထုတ်၊ ခုအပ် အကြိမ်ကြိမ်ပြုလုပ်ပြီး စလစ်ထုတ်ယူ၍ ပြည်ပမှ အဆင့်မြင့်ကား ရာပေါင်းများစွာ တင်သွင်းခဲ့ခြင်းကြောင့် နိုင်ငံတော်အခွန်ဘဏ္ဍာငွေ နစ်နာမှုအတွက် ပြန်လည်စစ်ဆေးကြပ်မတ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဖြေကြားရာတွင် စက်မှုဇုန်ထုတ်ယာဉ်များကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁၄ ရက်မှစတင်၍လည်းကောင်း၊ သုံးဘီးယာဉ်များကို ၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်



**ဒုတိယဝန်ကြီး ဦးချန်မောင် ဖြေကြားစဉ်။**

မှစတင်၍လည်းကောင်း ယာဉ်အိုယာဉ်ဟောင်းအဖြစ် ပိုင်ရှင်ဆန္ဒအရ အပ်နှံလျှင် အစားထိုးယာဉ် တင်သွင်းခွင့်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

စက်မှုဇုန်ထုတ် ယာဉ်များကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁၄ ရက်မှ စတင်အပ်နှံခွင့်ပြုခဲ့ရာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်အထိ စက်မှုဇုန်ထုတ်ယာဉ် ၂၃၇၄၅ စီးအပ်နှံခဲ့ပါကြောင်း၊ အဆိုပါယာဉ်များတွင် မှတ်ပုံတင်သက်တမ်း ငါးနှစ်အထက် ၂၁၀၁၅ စီး၊ မှတ်ပုံတင်သက်တမ်း တစ်နှစ်မှ ငါးနှစ်အတွင်း ၁၆၁၃ စီး၊ မှတ်ပုံတင်သက်တမ်း တစ်နှစ်အောက် ၁၁၁၇ စီးဖြစ်သည့်အတွက် မှတ်ပုံတင်သက်တမ်း ငါးနှစ်အထက် ယာဉ်များသာ အပ်နှံမှုများပြားသည်ကို တွေ့ရှိရပါကြောင်း။

စက်မှုဇုန်ထုတ်ယာဉ်များ မမှန်မကန် အပ်နှံဆောင်ရွက်မှု ရှိလာကြောင်း တင်ပြချက်ရရှိသည်နှင့် မမှန်မကန် လုပ်ဆောင်မှုများအား ပြန်လည်စိစစ်နိုင်ရန် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှစ၍ စက်မှုဇုန်ထုတ်ယာဉ်များ အပ်နှံခြင်းကို ယာယီရပ်ဆိုင်းခဲ့ပြီး ၂၀၁၅ ခုနှစ် မေ ၁ ရက်မှစ၍ မှတ်ပုံတင်သက်တမ်း ၁၀ နှစ်ကျော်သည့် စက်မှုဇုန်ထုတ်ယာဉ်များကိုသာ အပ်နှံလက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြော်ငြာခြင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန Website တွင် ထည့်သွင်းဖော်ပြခြင်း၊ မှတ်ပုံတင်သက်တမ်း ၁၀ နှစ်ကျော်လွန်မှသာ အပ်နှံလက်ခံခြင်းများ ဆောင်ရွက်ရန် ညွှန်ကြားထားပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ စက်မှုဇုန်များမှ ထုတ်လုပ်ခဲ့သည့် မော်တော်ယာဉ် စုစုပေါင်း ၉၉၅၄၃ စီးရှိပါကြောင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ကားများ တင်သွင်းခွင့်ပေးခဲ့ရာ စက်မှုဇုန်များမှ အများဆုံးထုတ်လုပ်သည့် အပေါ့စားယာဉ် Light Truck များကိုပါ တင်သွင်းခွင့်ပေးခဲ့သဖြင့် ပြည်တွင်းထုတ်လုပ်သည့် မော်တော်ယာဉ်များသည် ပြည်ပမှ



**ကန့်ပက်လက် မဲဆန္ဒနယ်မှ သူရဦးအောင်ကို မေးမြန်းစဉ်။**

Mass Production ဖြင့် တင်သွင်းလာသည့် မော်တော်ယာဉ်များ၏ အရည်အသွေးနှင့် ဈေးနှုန်းတို့အား ယှဉ်ပြိုင်နိုင်ခြင်းမရှိသဖြင့် စက်မှုဇုန်များ၏ မော်တော်ယာဉ်ထုတ်လုပ်မှု ကျဆင်းလာခဲ့ပါကြောင်း။

စက်မှုဇုန်များအနေဖြင့် မှန်ကန်သည့်လမ်းကြောင်းပေါ်၌ မော်တော်ယာဉ်များ ထုတ်လုပ်စေရန်မှာ မှန်ကန်ပွင့်လင်းမြင်သာသည့် မူဝါဒများဖြင့် ထိန်းကျောင်းပြီး စက်မှုလုပ်ငန်းတိုးမြင့်လာရေးကို အားပေးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ စက်မှုဇုန်များ၌ မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများကို အပြီးအပိုင် ဖျက်သိမ်းပေးရန်မှာ ယင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နေသည့် ကုမ္ပဏီများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ စားဝတ်နေရေးကိုလည်း လျစ်လျူရှု၍ မရပါကြောင်းဖြင့် ဖြေကြားသည်။

လောင်းလုံး မဲဆန္ဒနယ်မှ ဦးအောင်စိုးက **တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်-မြိတ် မီးရထားလမ်းကို နိုင်ငံတော်ဘဏ္ဍာငွေ မည်မျှသုံးစွဲခဲ့ပြီး ယင်းစီမံကိန်းကို ယခုအစိုးရလက်ထက်တွင် မည်သို့ဆက်လက်ဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း မေးခွန်း**နှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ထားဝယ်-မြိတ် ရထားလမ်းစီမံကိန်းကို ၂၀၀၈-၂၀၀၉ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ခရီးမိုင်မှာ ၁၃၂ ဒသမ ၅၀ မိုင်ခန့်ရှိပါကြောင်း၊ ထားဝယ်-မြိတ် ရထားလမ်းပိုင်းရှိ ထားဝယ်-သရက်ချောင်း လမ်းပိုင်း ခရီးမိုင် ၁၉ ဒသမ ၃၁ မိုင်ကို ၂၀၁၁ ခုနှစ် ဇွန် ၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ရထားစီးခရီးသည် စီးနင်းမှုနည်းပါးခြင်းကြောင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ရထားပြေးဆွဲခြင်း ရပ်ဆိုင်းခဲ့ပါကြောင်း၊ ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ လုပ်ငန်းများ ခေတ္တရပ်ဆိုင်းခဲ့ပြီး အဆိုပါစီမံကိန်းအတွက် သုံးစွဲပြီး ဘဏ္ဍာငွေမှာ ငွေကျပ် ၂၃၀၉၉ ဒသမ ၁၈၉ သန်းဖြစ်ပါကြောင်း။

ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကို နိုင်ငံတော်ဘဏ္ဍာငွေအခြေအနေအရ ရပ်ဆိုင်းခဲ့သော်လည်း အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး စနစ်အဖြစ် နိုင်ငံအဝန်း ပျံ့နှံ့ပို့ဆောင်နိုင်ရန် ရည်မှန်း၍ နှစ် ၂၀ စီမံကိန်း၏ တတိယ ငါးနှစ် စီမံကိန်းကာလဖြစ်သော ၂၀၂၁-၂၀၂၂ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ထည့်သွင်းလျာထားဆဲဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကျော်မြတ်က **စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း**အား လွှတ်တော်သို့ တင်သွင်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသည့် **ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **မော်တော်ယာဉ်ဥပဒေကြမ်း**တို့အား လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# အရက်၊ ဘီယာ၊ စီးကရက် ကြော်ငြာအားလုံး အထူးကန့်သတ်လျှော့ချသွားရန် အဆိုတင်သွင်းရာ လွှတ်တော်ကဆွေးနွေးရန်သဘောတူ

**နေပြည်တော် ဇူလိုင် ၁၃**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၈ ရက်မြောက်နေ့တွင် မေးခွန်းခြောက်ခု မေးမြန်းဖြေကြားခြင်း၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသောဥပဒေကြမ်းခုနစ်ခုနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများ ပြန်လည်ဖတ်ကြားတင်သွင်းခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခြင်း၊ ပြည်ထောင်စုအစိုးရအားတိုက်တွန်းသည့် အဆိုတစ်ခုတင်သွင်းခြင်းတို့ ဆောင်ရွက်ကြသည်။

မေးခွန်းများ မေးမြန်းရာတွင် **မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးသော်ဇင်ဦး၏ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများရှိ ဆရာ ဆရာမများအား ထောက်ပံ့ကြေးငွေ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းအပေါ် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ငွေးက ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် သင်ကြားပြသပေးနေသော ဆရာ ဆရာမများအတွက် သာသနာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေမှ မူလတန်းအဆင့်သင် ဆရာ ဆရာမတစ်ဦးလျှင် ငွေကျပ် ၃၆၀၀၀၊ အလယ်တန်းအဆင့်သင် ဆရာ ဆရာမတစ်ဦးလျှင် ငွေကျပ် ၄၁၀၀၀၊ အထက်တန်းအဆင့်သင် ဆရာ ဆရာမတစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ လစဉ်ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဆရာ ဆရာမ ၆၈၂၀ အတွက် ငွေကျပ် သုံးဘီလီယံနှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ဆရာ ဆရာမ ၇၄၅၇ ဦးအတွက် ငွေကျပ် ၃ ဒသမ ၃၂၆ ဘီလီယံထောက်ပံ့ပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဆရာ ဆရာမ ၇၅၈၄ ဦးအတွက် ငွေကျပ် ၃ ဒသမ ၄၇၅ ဘီလီယံ ထောက်ပံ့ပေးသွားမည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ သာသနာရေးဝန်ကြီးဌာန၊ ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေမှ လစဉ် ထောက်ပံ့ပေးလျက်ရှိပါကြောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာ ဆရာမများအား ထောက်ပံ့ကြေးငွေ တိုးမြှင့်ပေးရန် အစီအစဉ် မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေ၏ **နိုင်ငံခြားမှ တရားဝင်အခွန်ပေးဆောင်၍ တင်သွင်းလာခဲ့သော မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိပြီးပိုင်ရှင်မှ ထုတ်ယူသောအခါ မူလကပါဝင်ခဲ့သော ကားအတွင်းပိုင်းပစ္စည်းများ ခိုးယူခံနေရခြင်းသည် မည်သူ့တွင် တာဝန်ရှိသည်ကိုသိရှိလိုပါကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ် ကားပစ္စည်း



**ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်ငွေး ဖြေကြားစဉ်။**



**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးသော်ဇင်ဦး မေးမြန်းစဉ်။**

အခွန်လွတ်ဈေး၌ ရောင်းချနေသော မော်တော်ယာဉ် အပိုပစ္စည်းများ၏ ၉၀ ရာခိုင်နှုန်းသည် နယ်စပ်မှ မှောင်ခိုတင်သွင်းလာခြင်းမဟုတ်ဘဲ ဆိပ်ကမ်းမှ ခိုးယူလာသော ပစ္စည်းများဖြစ်နေကြောင်း သိရှိရပြီး ထိုကဲ့သို့ ခိုးယူမှုပပျောက်အောင် ဆောင်ရွက်မည့်အစီအစဉ်ကို သိရှိလိုသည့် မေးခွန်း**အပေါ် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်က ရှင်းလင်းဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီးက တာမွေမြို့နယ်ရှိ အခွန်လွတ်ဈေး၌ ရောင်းချနေသော မော်တော်ယာဉ် အပိုပစ္စည်းများ၏ ၉၀ ရာခိုင်နှုန်းသည် နယ်စပ်မှ မှောင်ခိုတင်သွင်းလာခြင်းမဟုတ်ဘဲ ဆိပ်ကမ်းမှ ခိုးယူသောပစ္စည်းများဖြစ်သည်ဟု ယေဘုယျပြောဆိုရုံမျှဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖမ်းဆီးအရေးယူ၍ မရပါကြောင်း၊ နစ်နာသူများအနေဖြင့် မိမိတို့၏ ပစ္စည်းများ လျော့နည်းပျောက်ဆုံးမှု ရှိပါက မြန်မာ့ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့နှင့် သက်ဆိုင်ရာ ရဲစခန်းများသို့ သတင်းပေးတိုင်ကြားရန် လိုအပ်ပါကြောင်း၊ နစ်နာသူများမှ တိုင်ကြားလာပါက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် တည်ဆဲဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

သက်ဆိုင်ရာ ဆိပ်ကမ်းများ၊ သင်္ဘော၊ လိုင်းများအနေဖြင့်မော်တော်ယာဉ်ပါပစ္စည်းများ ပျက်စီး၊ ပျောက်ဆုံးမှုနှင့်ပတ်သက်၍ တာဝန်ရှိမှုအလိုက် တာဝန်ယူဖြေရှင်းပေးနေသကဲ့သို့ ထုတ်ယူသည့် Agent များကလည်း မော်တော်ယာဉ်ကို ထုတ်ယူရာတွင် Inspection Sheet နှင့် တိုက်ဆိုင်စစ်ဆေးပြီးမှ ထုတ်ယူရန် လိုအပ်ပါကြောင်း၊ မိမိတို့ တာဝန်ယူထုတ်ယူပြီးသည့် မော်တော်ယာဉ်အား ပိုင်ရှင်လက်ဝယ်သို့ ပေးအပ်သည့် အချိန်အထိ ထိခိုက်ပျက်စီးမှု မရှိစေရေးနှင့် မော်တော်ယာဉ်ပါပစ္စည်းများ လျော့နည်းပျောက်ဆုံးမှု မဖြစ်စေရေးအတွက် အထူးဂရုပြုဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

Agent များအနေဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်ရာတွင် မိမိတို့ဆောင်ရွက်နိုင်သည့် ပမာဏထက် ကျော်လွန်ပြီး လက်ခံဆောင်ရွက်ခဲ့ခြင်းကြောင့် ဆိပ်ကမ်းမှ လွှဲပြောင်းလက်ခံပြီးနောက် ပိုင်ရှင်ထံမအပ်နှံမီကာလအတွင်း မော်တော်ယာဉ်များအား ပေါ့လျော့စွာရပ်နားထားခြင်း၊ ဆိပ်ကမ်းပြင်ပတွင် မေ့လျော့ကျန်ခဲ့သည့်ဖြစ်စဉ်များ သိရှိရပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် မော်တော်ယာဉ်ပါပစ္စည်းများ လျော့နည်းပျောက်ဆုံးမှု မဖြစ်ပေါ်စေရေးအတွက် လိုအပ်သည့် ညွှန်ကြားချက်များထုတ်ပြန်၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်္ဘော၊ လိုင်းများ၊ ဆိပ်ကမ်းတံတားများမှလည်း တာဝန်ယူဖြေရှင်းပေးလျက်ရှိပြီး မော်တော်ယာဉ်တင်သွင်းသူများ အနေဖြင့် မော်တော်ယာဉ်များ ထုတ်ယူချိန်တွင် ပစ္စည်းလျော့နည်းနေပါက အထောက်အထားများဖြင့် တင်ပြတောင်းခံနိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကိုတတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့နှင့်စပ်လျဉ်းသည့် အစီရင်ခံစာများကို ဥပဒေကြမ်းကော်မတီက ပြန်လည်ဖတ်ကြားတင်သွင်းခဲ့ပြီး အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုခဲ့သည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေက **အရက်၊ ဘီယာ၊ စီးကရက် ကြော်ငြာအားလုံး အထူးကန့်သတ်လျှော့ချသွားရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အဆိုတင်သွင်းရာ လွှတ်တော်ကလက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။ **(သတင်းစဉ်)**

# အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



နေပြည်တော် ဇူလိုင် ၁၃

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စ လိုင်လာဇာရိုဂီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် ဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံပြီး အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

**(သတင်းစဉ်)**

# (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ရန်ကုန် ဇူလိုင် ၁၃

၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အဖွင့်အမှာစကားပြောကြားသည်။**(ဝဲပုံ)**

ထို့နောက် ၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူး မြို့တော်ဝန် ဦးလှမြင့်တို့က အခမ်းအနားကျင်းပခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေးဆပ်ကော်မတီများနှင့် တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက် ထားရှိမှုများနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး အခမ်းအနား ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

ဖွဲ့ကပင်အသင်းမှာ လူစုံအသုံးပြုခဲ့သော်လည်း တိုက်စစ်၌ အချိတ်အဆက် လွဲချော်၍ ဂိုးသွင်းခွင့်မရခဲ့ပေ။ ၄၁ မိနစ်တွင် ဇေယျာရွှေမြေ ဒုတိယဂိုးရခဲ့ပြီး ပယ်နယ်တီမှတ်ဆင့် ဗစ်တာကသွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းအစတွင် ဖွဲ့ကပင်အသင်းတိုက်စစ်အားမြင့်လာခဲ့ပြီး ၆၁ မိနစ်တွင် စိုင်းမင်းထွန်း၊ ၆၄ မိနစ်တွင် ဇီကိုဗစ်တို့က ချေပဂိုးများ ပြန်လည် သွင်းယူပေးခဲ့သည်။ သရေကျပြီး နောက်ပိုင်းတွင် ဇေယျာရွှေမြေက ပြန်ဖိကစားနိုင်ပြီး ၈၁ မိနစ်တွင် ဗစ်တာက ဦးဆောင်ဂိုး ထပ်မံသွင်းယူပေးခဲ့သည်။ ဇေယျာရွှေမြေ အသင်း အနိုင်ရလဒ်ထိန်းရန်ကြိုးပမ်းခဲ့သော်လည်း ဖွဲ့ကပင်ကွင်းလယ်လူ ဘင်မ်က ချေပဂိုး ပြန်သွင်းခဲ့၍ အချိန်ပို ဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။

အချိန်ပိုအစတွင် ဖွဲ့ကပင်အသင်း အနိုင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး ဇီကိုဗစ်က သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဇေယျာရွှေမြေအသင်း ချေပဂိုးရရန်ကြိုးပမ်းခဲ့သော်လည်း ဖွဲ့ကပင်အသင်းက ထိန်းကစားသွားခဲ့သည်။

**(သုဝဏ္ဏကွင်း)**

ရောဝတီ - ခုနစ်ဂိုး

(ရစ္စတီ-လေးဂိုး၊ ပြည့်ဖြိုးဦး၊ ဗီဒစ်လာဇီနှင့် သီဟဇော်-တစ်ဂိုးစီ)

တက္ကသိုလ်လက်ရွေးစင် - ဂိုးမရှိ

**ယနေ့ပွဲ**

**(အောင်ဆန်းကွင်း)**

မနောမြေ - Southern

**(သုဝဏ္ဏကွင်း)**

ရခိုင် - နေပြည်တော်

■ *ရှေ့ဖုံးမှ*

(ချင်းချောင်းနန်းတော်) အဆောက်အအုံသည် ကိုလိုနီခေတ်၏ ရှားပါးလှသော လက်ရာတစ်ခုဖြစ်သည့်အတွက် ယဉ်ကျေးမှုအမွေအနှစ်ဒေသ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်အဖြစ် သတ်မှတ်၍ ထိန်းသိမ်းစောင့်ရှောက်ခွင့်ပြုပါရန် တင်ပြခဲ့ရာ နိုင်ငံတော်သမ္မတက ပုဂ္ဂလိကသို့ ငှားရမ်းခြင်းမပြုဘဲ ယဉ်ကျေးမှုဌာနကသာ ဆက်လက်ထိန်းသိမ်းရန် လမ်းညွှန်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၀(ခ)အရ ယဉ်ကျေးမှုဝန်ကြီးဌာနသည် ကမ္ဘောဇရိပ်သာ(ချင်းချောင်းနန်းတော်) ကို ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ၂၀၁၅ ခုနှစ် ဇူလိုင် ၇ ရက် ရက်စွဲပါ အမိန့်အမှတ် ၁/၂၀၁၅ ဖြင့် ကမ္ဘောဇရိပ်သာ (ချင်းချောင်းနန်းတော်) အဆောက်အအုံကို ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရသည်။

**မြောက်ပိုင်းဒေသများ၌ မိုးပိုလာမည်**

**တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာမည်။** (မိုး/ဇလ)

# ကွန်ကာကပ်ဖ်ဖလား ထရီနီဒက်က ကျူးဘားကို အနိုင်ရရှိ

မြောက်အမေရိကဇုန် ကွန်ကာကပ်ဖ် ရွှေဖလားအုပ်စု (ဂ) ပွဲစဉ်များကို တနင်္လာနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ထရီနီဒက်နှင့် ကျူးဘားပွဲစဉ်တွင် ထရီနီဒက်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲစတင်ပြီး ပွဲချိန် ၁၇ မိနစ်တွင် ရှယ်ဒွန်ဘာတီအူက ထရီနီဒက်အသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီး ပွဲချိန် ၄၂ မိနစ်တွင် အန်ထရီဘော့ကော့ဒ်က ဒုတိယမြောက်ဂိုး သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံးလူစားလဲမှုများ ပြုလုပ်ခဲ့သော်လည်း ဂိုးသွင်းနိုင်ခြင်းမရှိပေ။ တခြားပွဲစဉ်ဖြစ်သည့် ဂွါတီမာလာနှင့် မက္ကဆီကိုပွဲတွင်ဂိုးမရှိ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ပွဲချိန် ၇၆ မိနစ်တွင် ဂွါတီမာလာအသင်းမှ ကွန်တာရက်စ် နှစ်ဝါ-တစ်နီဖြင့် ထုတ်ပယ်ခံရသော်လည်း တစ်ယောက်အသာရသော မက္ကဆီကိုအသင်း ဂိုးမသွင်းနိုင်ဘဲ သရေတစ်မှတ်စီသာ ရရှိခဲ့သည်။

အုပ်စု(ဂ) ရပ်တည်မှုတွင် နှစ်ပွဲကစားအပြီး ထရီနီဒက်က ခြောက်မှတ်ရရှိကာ မက္ကဆီကိုက လေးမှတ်၊ ဂွါတီမာလာက တစ်မှတ်နှင့် ကျူးဘားအသင်းမှာ အမှတ်မရရှိသေးဘဲ သွင်းဂိုးမရှိ၊ ပေးဂိုးအများဆုံးဖြင့် ဇယားအောက်ဆုံးမှာ ရပ်တည်နေသည်။

**သီဟ-ရေးသည်**



**ကျူးဘားအသင်း ထရီနီဒက်အသင်းဘက်သို့ ထိုးဖောက်စဉ်။**

*စာမျက်နှာ ၆ မှ*

ယှဉ်ပြိုင်စရာမလိုဘဲ ထိုက်တန်သောပုဂ္ဂိုလ်ကြီးများကို နှစ်စဉ်တစ်ဦး၊ နှစ်ဦးရွေးချယ် လျက်တစ်သက်တာစာပေဆုချီးမြှင့်၏။ ယခုနှစ်မှာ စာရေးဆရာ ညိုဝင်းနှင့် ဆရာ ဒေါက်တာချစ်တို့ ဂုဏ်ပြုငွေကျပ် ငါးသိန်းစီချီးမြှင့်ခံရ၏။ ငွေထက်ဂုဏ်က တန်ဖိုးမြင့်၏။

**ကောင်းမှု**

ပခုက္ကူ ဦးအုံးဖေ၏ကောင်းမှုဟူ၍ နတ်လူသာဓုခေါ်စရာ ကောင်းမှုများစွာအနက် စာရေးသူက အလေးနက်အထက်သန်ဆုံးပတ္တာအနုမောဒနာပြုမိသော ကုသိုလ်ကြီးကား ဆရာ ဆရာမကြီး ၂၆ ဦးကို သူတို့မကွယ်လွန်မီ တစ်သက်တာစာပေဆုချီးမြှင့် ဂုဏ်ပြုလိုက်နိုင်ခဲ့ခြင်းပါတည်း။ သာဓု၊ သာဓု၊ သာဓုပါ။

ပခုက္ကူ ဦးအုံးဖေတစ်သက်တာစာပေဆုရရှိခံစားခဲ့ကြရသော ဆရာကြီး ဆရာမကြီးများမှာ- ၁။မောင်ထင်၊ ၂။သခင်ဝါ၊ ၃။ ရန်အောင်၊ ၄။သုခ၊ ၅။ဇေယျာမောင်၊ ၆။တက္ကသိုလ်ထင်ကြီး၊ ၇။တက်တိုး၊ ၈။ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၊ ၉။တိုက်စိုး၊ ၁၀။ဒဂုန်တာရာ၊ ၁၁။ပါရဂူ၊ ၁၂။မောင်ဆုရှင်၊ ၁၃။စောမုံညင်း၊ ၁၄။မကြန်၊ ၁၅။ဆင်ဖြူကျွန်းအောင်သိန်း၊ ၁၆။ မမြတ်လေး၊ ၁၇။ခင်ဆွေဦး၊ ၁၈။ဦးသော်ကောင်း၊ ၁၉။ဒေါက်တာကျော်စိန်၊ ၂၀။ညွန့်ဝေ(ကသာ)၊ ၂၁။မောင်မြင့်ကြွယ်၊ ၂၂။တက္ကသိုလ်မောင်မောင်ခင်၊ ၂၃။ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ ၂၄။တက္ကသိုလ်တင်ခ၊ ၂၅။ ညိုဝင်း(အမျိုးသားစာပေဆုရ)၊ ၂၆။ဒေါက်တာချစ်။ ၂၆ ဦးတွင် ကွယ်လွန်သွားသူက များလေပြီ။ ဆရာကြီး ဆရာမကြီးတို့မသေလွန်မီ ပခုက္ကူ ဦးအုံးဖေ၏ ပူဇော်ကန်တော့ခြင်းကို ခံယူသွားနိုင်ခဲ့ကြသည်။ စာရေးသူနံဘေးမှ ကြည်နူးဝမ်းသာပီတိဖြာခဲ့ရ၏။ အမျိုးသား အမျိုးသမီးခွဲခြားကြည့်လျှင်ကား အမျိုးသမီးက နည်းနေ၏။

စာရေးဆရာကြီး ၂၂ ဦး၊ ဆရာမကြီး လေးဦး။ ကဗျာ၊ ဝတ္ထုနှင့်သုတစာပေ၊ ဘာသာပြန်ဟုစာပေပုံသဏ္ဌာန်ကို အခြေပြု၍ အရေအတွက် ခွဲခြားကြည့်ပြန်သောအခါ ကဗျာဆရာနှစ်ဦး၊ ဝတ္ထုဆရာရှစ်ဦးနှင့် သုတနှင့်ဘာသာပြန် ၁၆ ဦး ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယနေ့သက်ရှိထင်ရှားရှိနေကြသေးသော ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု ချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်များမှာမူ ဆင်ဖြူကျွန်းအောင်သိန်း၊ ညိုဝင်း၊ ခင်ဆွေဦး၊ မကြန်၊ ဒေါက်တာချစ်၊ ဦးသော်ကောင်း၊ တက္ကသိုလ်တင်ခစသည်ဖြင့် အနည်းငယ်သော အရေအတွက်မျှသာရှိကြလေသည်။ လက်ချိုးရေ၍ ရပေသည်။ အသက်တွေဆိုလည်း ၇၀၊ ၈၀၊ ၉၀ တန်း။

**နိဂုံး**

ပခုက္ကူမြို့အနီးရှိထန်းတောယာတောကျေးရွာငယ်လေး၌ မွေးဖွားခဲ့သော ဆင်းရဲသားကလေးငယ်၊ ဆင်းရဲပင်ပန်းစွာ ဘဝကိုရုန်းကန်ခဲ့ရသောလူငယ်၊ လုယက်ခိုးဆိုးတိုက်ခိုက်၊ ထောင်အကြိမ်ကြိမ်ကျခဲ့ဖူးသူ၊ စာအုပ်စာပေဖတ်ရှုခြင်းကြောင့် လူတစ်လုံး၊ သူတစ်လုံးဘဝဖြစ်အောင် မိမိကိုယ်ကိုယ် ပြုပြင်ပျိုးထောင်ပြီး မြို့မျက်နှာဖုံးသူဌေးကြီး (အချိန်ပိုင်းတရားသူကြီးပင် တင်မြှောက်ခံခဲ့ရသေး၏)၊ စာရေးဆရာ၊ စာပေဆုအလှူရှင်၊ ပညာရေးထူးချွန်ဆုအလှူရှင်၊ အများအကျိုးပြုပုဂ္ဂိုလ်ဖြစ်လာခဲ့သူ ဦးအုံးဖေ (၁၉၁၇-၂၀၀၈) အသက် ၉၁ နှစ်တွင် ကွယ်လွန်သူအား ကောင်းရာသုဂတိသို့ လားနိုင်ပါစေဟု ဆုတောင်းမိပေသည်။

# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအုပ်ချုပ်မှု အထောက်အကူပြုကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၃

**ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအုပ်ချုပ်မှုအထောက်အကူပြုကော်မတီအစည်းအဝေး (၃/၂၀၁၅)ကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက် အမှာစကားပြောကြားသည်။** (အောက်ပုံ)



အစည်းအဝေးသို့ ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ကော်မတီဝင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ဗိုလ်ချုပ်တင်အောင်ချစ်၊ ဦးသန့်ရှင်း၊ ဒေါက်တာ ဝင်းမြင့်၊ အကြံပေးပုဂ္ဂိုလ် ဦးလှမြင့်၊ ကော်မတီအတွင်းရေးမှူး ဦးဘုန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ မျိုးထွန်းတို့က Video Conferencing ဖြင့် ပါဝင်ဆွေးနွေးသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌက ကိုးကန့်ဒေသတွင် တည်ငြိမ်မှု ပျက်ပြားခဲ့ရသည့်အတွက် ဥပဒေနှင့်အညီ စစ်အုပ်ချုပ်ရေးကို ဆောင်ရွက်ခဲ့ရပါကြောင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးနှင့် နယ်ဘက်အုပ်ချုပ်ရေးပြန်လည်ထူထောင်ရာတွင် မိမိတို့ကော်မတီအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့်အတူ အစိုးရအဖွဲ့၏ စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်၍ ဟန်ချက်ညီ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် လှူဒါန်းငွေများ၊ ကူညီထောက်ပံ့မှုများနှင့် ထောက်ပံ့ပစ္စည်းများကို စနစ်တကျမှတ်တမ်းတင် အတည်ပြုရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးထံမှလည်း ကုလသမဂ္ဂအနေဖြင့် ကူညီဆောင်ရွက်နိုင်ရန် ကမ်းလှမ်းမှုများ ရရှိထားပါကြောင်း၊ ကိုးကန့်ဒေသ ပြန်လည်ထူထောင်ရေး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်များကို ဝိုင်းဝန်းဆွေးနွေးကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ကိုးကန့်ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ထားမှုများအား ဗီဒီယိုဖြင့် ရှင်းလင်းဆွေးနွေးပြီး ကော်မတီအတွင်းရေးမှူးက ကိုးကန့်ဒေသတွင် ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက် အခြေချနေထိုင်မှုများနှင့် ကူညီထောက်ပံ့မှုများအား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီးနှင့် အကြံပေးပုဂ္ဂိုလ်တို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြရာ ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌက အုပ်ချုပ်မှုယန္တရားများ အကောင်အထည်ဖော်ရာတွင် အရေးကြီးဆုံးမှာ ဒေသတွင်းတည်ငြိမ်အေးချမ်းမှု ရှိရမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှ တရားဥပဒေစိုးမိုးပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်နိုင်မည် ဖြစ်ကြောင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ထူးခြားသည့် ဝိသေသများဖြင့် တည်ရှိနေသည့်အတွက် ပတ်ဝန်းကျင်၏ ကောင်းမွေဆိုးမွေများ၊ ဘာသာစကားနှင့် ကိုးကွယ်ယုံကြည်မှုများကို အလေးထား၍ ယခင်အခြေအနေများကို သင်ခန်းစာရယူပြီး ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

**✱ ကျောဖုံးမှ**

စောင်းကောက်ကျွန်းသို့ ရောက်ရှိခဲ့ကြောင်း၊ ၎င်းတွင် ပွဲစား နှစ်ဦးက မလေးရှားနိုင်ငံသို့ ပို့ဆောင်ပေးနိုင်ရန် ဘင်္ဂလား ဒေ့ရှ်ငွေ တာကာ နှစ်သိန်းခွဲ ပေးရမည်ဟု ပြောကြားပြီး မိဘဆွေမျိုးများနှင့် ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များ တောင်းယူဆက်သွယ်ကာ ငွေမပေးပါက သတ်ပစ်မည့် ပုံစံမျိုး ပြုလုပ်ပြောကြားခဲ့ကြောင်း၊ ၎င်းတို့တောင်းခံသော ငွေများအား ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ပွဲစားတစ်ဦးက ငွေပေးမည့်သူများ၏ အိမ်များသို့ ဆက်သွယ်ပြီး ငွေလက်ခံရရှိကြောင်း ပြန်ကြားသူများကို ပွဲစားနှစ်ဦးက မလေးရှားနိုင်ငံသို့ ဦးစားပေးပို့ဆောင်မည့် အုပ်စုတွင် သီးခြားခွဲထားကြောင်း၊ ၁၀ ရက်လျှင် တစ်ကြိမ်ခန့် လှေငယ်ဖြင့် ရိက္ခာများ လာရောက်ပို့ဆောင်ချိန်တွင် ဦးစားပေးပို့ဆောင်မည့် အုပ်စုမှ လူများကို သယ်ဆောင်သွားကြောင်း ကနဦးသိရသည်။

တပ်မတော်က စောင်းကောက်ကျွန်းနှင့် အနီးပတ်ဝန်းကျင်ရှိ ကျွန်းများအား ဆက်လက်ရှင်းလင်းရှာဖွေလျက်ရှိပြီး ထိန်းသိမ်းရရှိသည့် ဘင်္ဂါလီလူမျိုး ၁၀၂ ဦးအား ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



**ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြေရေးနေ့ကို ကြိုဆိုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းရီနှင့် ဆရာ/ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ယနေ့နံနက်ပိုင်းတွင် ပျိုးပင် ၃၀၀ ကို စိုက်ပျိုးကြစဉ်။**

(ပညာရေး)

# စဉ့်ကိုင်မြို့နယ်၌ ကျေးလက်လမ်းများအဆင့်မြှင့်တင်

**စဉ့်ကိုင် ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် စဉ့်ကိုင်မြို့နယ်အတွင်း အရှည် ၁၁/၅ ဒသမ ၂ မိုင်ရှိ ကျေးလက်လမ်း ခုနစ်လမ်းကို မြေသားလမ်းမှ ဂဝံခင်းခြင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ငွေကျပ် ၁၄၆ ဒသမ ၂၁ သန်းဖြင့် ရွှေဝင်းစတားကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာစန်းနှင့် ဝန်ထမ်းများသည် ဇူလိုင် ၁၃ ရက်က အဆင့်မြှင့်တင်နေသောလမ်းများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။ **တင်တင်ထွေး(စဉ့်ကိုင်)**

# မိုင်းကိုင်၊ ကွန်ဟိန်း၊ လမိုင်း၊ ခန္တီးနှင့် နမ္မား ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများမှ ဒီဂျစ်တယ်စနစ် DVB-T2 ဖြင့်စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိကြောင်း အသိပေးတင်ပြခြင်း

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် Analogue စနစ်မှ Digital စနစ်သို့ အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဖြစ်သည့် စစ်ကိုင်း၊ ပျဉ်းမနား(နေပြည်တော်)၊ တပ်ကုန်း (နေပြည်တော်)နှင့် ရန်ကုန်တို့တွင် DVB-T2 စနစ်ဖြင့် (၁၅-၁၀-၂၀၁၃) ရက်တွင် စတင်ထုတ်လွှင့်ခဲ့ပါသည်။ ဒုတိယအဆင့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ(၂၂)ရုံ ဖြစ်သည့် မော်လမြိုင်၊ ဘားအံ၊ မိတ္ထီလာ၊ တောင်ငူ၊ တောင်ကြီး၊ ပုသိမ်၊ ကျောက်ကုန်း၊ မင်းဘူး၊ ပုပ္ပား၊ စစ်တွေ၊ ပြည်၊ ပဲခူး၊ လွိုင်ကော်၊ လားရှိုး၊ ညောင်လေးပင်၊ မုံရွာ၊ မြစ်ကြီးနား၊ ကျိုင်းတုံ၊ မြိတ်၊ ကနေဒီ၊ ဖလမ်းနှင့် ဟသ်ာတရုပ်သံစက်ရုံတို့တွင် DVB-T2 စနစ်ဖြင့် ထုတ်လွှင့်မှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တတိယအဆင့် ဆောင်ရွက်သွားမည့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ (၆၉)ရုံအနက် မိုင်းကိုင် စက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းတို့ကို (၃၀-၅-၂၀၁၅) ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ (၁-၆-၂၀၁၅) ရက်တွင် ပြီးစီးခဲ့ပြီး ၎င်းရက်နေ့မှ စတင်၍ လွှင့်အား 50 W ၊ လိုင်းနှုန်းချန်နယ် (E-22) ဖြင့် ဒီဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါ စက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏ အနောက်ဘက်တွင် ကဖွီးကျေးရွာအထိ လည်းကောင်း၊ မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်အထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

ကွန်ဟိန်းစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို (၂-၆-၂၀၁၅) ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ (၅-၆-၂၀၁၅) ရက်တွင် ပြီးစီးခဲ့ပြီး ၎င်းရက်နေ့မှ စတင်၍ လွှင့်အား 50 W ၊ လိုင်းနှုန်း (E-22) ဖြင့် ဒီဂျစ်တယ် ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါ စက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏ အရှေ့ဘက် ဟိုမွန်း၊ ဝမ်တိန်း၊ မြို့မ၊ ပန်မုံ၊ သိန်းဖျံ၊ နမ့်ခမ်း၊ ဝမ်ပန်၊ ပိန်းနန်း ကျေးရွာများ အထိလည်းကောင်း၊ အနောက်ဘက်တွင် ဟိုကျယ်၊ သံတံတား(ခိုလိတ်) အထိ လည်းကောင်း၊ တောင်ဘက်တွင် ပလောင်း၊ ပန်လိုင်း၊ လုံမော့ကျေးရွာများအထိလည်းကောင်း၊ မြောက်ဘက်တွင် နားကျိုင်း၊ ဝမ်တုံ၊ နားပေါင်း၊ ဝိန်းလုံကျေးရွာများအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

လမိုင်းစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို (၂၁-၆-၂၀၁၅) ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ (၂၄-၆-၂၀၁၅) ရက်တွင် ပြီးစီးခဲ့ပြီး ၎င်းရက်နေ့မှ စတင်၍ လွှင့်အား 300 W ၊ လိုင်းနှုန်း (E-21) ဖြင့် ဒီဂျစ်တယ် ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါ စက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏ အရှေ့တောင်ဘက် မော့ကနင်၊ ကြိုးတံတား၊ စံပြမော့ကနင် ကျေးရွာများအထိလည်းကောင်း၊ အနောက်ဘက်တွင် ကော့ဒွတ်၊ နှစ်ကရင်ကျေးရွာများအထိလည်းကောင်း၊ တောင်ဘက်တွင် ဒုံဖိကျေးရွာအထိလည်းကောင်း၊ မြောက်ဘက်တွင် ရွာသစ်ကျေးရွာအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

ခန္တီးစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို (၂၆-၆-၂၀၁၅) ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ (၁-၇-၂၀၁၅)ရက်တွင် ပြီးစီးခဲ့ပြီး ၎င်းရက်နေ့မှ စတင်၍ လွှင့်အား 300 W၊ လိုင်းနှုန်း (E-22) ဖြင့် ဒီဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏ အရှေ့ဘက်တိန်းအင်၊ နားနောင်း၊ မှန်ပင်၊ ကောင်းမူ၊ ပဒူးမုန်း(ရွာသစ်)ကျေးရွာများအထိလည်းကောင်း၊ အနောက်ဘက်တွင် ကျွန်းဖို၊ ကျောက်ရွက်၊ ကတိုးကြီးကျေးရွာများအထိလည်းကောင်း၊ တောင်ဘက်တွင် အောင်မြေ၊ လာဝယ်၊ စိန်နန်း၊ လုံတုံ၊ ဟိန်စွန်း၊ မိုင်းနောင်၊ မယ်ပုတ်၊ လောင်တောက်ကျေးရွာများအထိလည်းကောင်း၊ မြောက်ဘက်တွင် ဆင်သေ၊ ပါဆောင်၊ လောင်ပ၊ လောင်ဆောက်ကြီး၊ လောင်ဆောက်လေးကျေးရွာများအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

နမ္မား စက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို (၂၈-၆-၂၀၁၅) ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ (၃-၇-၂၀၁၅)ရက်တွင် ပြီးစီးခဲ့ပြီး ၎င်းရက်နေ့မှ စတင်၍ လွှင့်အား 300 W ၊ လိုင်းနှုန်း (E-22) ဖြင့် ဒီဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏ အရှေ့ဘက် တောင်အင်း၊ နန့်ဆော်လော်ကျေးရွာများအထိလည်းကောင်း၊ အနောက်ဘက်တွင် ခုနစ်မိုင်ကျေးရွာအထိလည်းကောင်း၊ တောင်ဘက်တွင် ဆယ်မိုင်၊ ကာဒူကျေးရွာများအထိလည်းကောင်း၊ မြောက်ဘက်တွင် ဟိုပင်မြို့၊ ပင်းဘော၊ မြို့သစ်ကလေး၊ ရွာသစ်ကြီးကျေးရွာများအထိလည်းကောင်း ကောင်းမွန်စွာဖမ်းယူရရှိနိုင်ပါသည်။

တတိယအဆင့်စက်ရုံ(၆၉)ရုံအနက် (၉-၇-၂၀၁၅) ရက်အထိ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ(၆၈)ရုံမှ ဒီဂျစ်တယ်စနစ် DVB-T2 ဖြင့် ထုတ်လွှင့်လျက်ရှိကြောင်း သတင်းရရှိသည်။

မိဘပြည်သူများအနေဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသော MRTV ဒီဂျစ်တယ်စနစ် DVB-T2 ဖြင့် ထုတ်လွှင့်သော ရုပ်သံလိုင်းများအား သက်ဆိုင်ရာရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများမှ ဖမ်းယူကြည့်ရှုရာတွင် DVB-T2 Set-top Box၊ DVB-T2 Tuner ပါ ရုပ်မြင်သံကြားဖမ်းစက်များဖြင့် ဖမ်းယူကြည့်ရှုရမည်ဖြစ်ပါသည်။

ဒီဂျစ်တယ်ရုပ်မြင်သံကြားလိုင်းများ ဖမ်းယူရာတွင် Antenna ကို စက်ရုံတည်ရှိရာအရပ်သို့ ဦးတည်၍ အမြင့်တစ်နေရာတွင် ခိုင်ခံ့စွာ တပ်ဆင်ရပါမည်။ ယင်းနောက် Set-top Box ၊ DVB-T2 Digital TV တို့ရှိ Remote ပါ ခလုတ်များမှ Menu ကိုနှိပ်၍ Installation သို့ သွားရပါမည်။

ယင်းနောက် Channel Search တွင် ဘေးမြားနှိပ်၍ခေတ္တစောင့်ပါ။ Progress Page တွင် မိမိတို့နေထိုင်ရာ ဒေသတွင်ရှိ အခမဲ့ထုတ်လွှင့်သော DVB-T / T2 ဒီဂျစ်တယ်ရုပ်သံလိုင်းများ၊ ရေဒီယိုလိုင်းများ ဖမ်းယူရရှိပါမည်။ ယင်းနောက် Exit ခလုတ်ကိုနှိပ်၍ မိမိနှစ်သက်ရာ ရုပ်သံလိုင်းများ ဖမ်းယူရရှိနိုင်မည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

# စစ်တွေအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းနှင့် စစ်တွေကလေးပြုစုရေးဌာနများဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၁၃**

ရခိုင်ပြည်နယ် စစ်တွေမြို့ စစ်တွေအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းဖွင့်ပွဲကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ကျင်းပရာ လူမှုကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် စစ်တွေကလေးပြုစုရေး အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကလေးဆောင်များနှင့် အဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာ (၁၀)နှစ်စီမံကိန်း (၂၀၁၃-၂၀၂၂) ကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ စီမံကိန်း၏ အဓိကလုပ်ငန်းစဉ် (၁၂)ရပ်အနက် ပထမလုပ်ငန်းစဉ်မှာ အမျိုးသမီးများနှင့် အသက်မွေးဝမ်းကျောင်းမှုဖြစ်ပါကြောင်း၊ နိုင်ငံတော်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၂၇၇၂ သိန်းနှင့် ဆောက်လုပ်ပြီးစီးကာ စစ်တွေမြို့ အိမ်တွင်းမှုသက်မွေး လုပ်ငန်း ပညာသင်ကျောင်းကို ထပ်မံဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ၁၁၈ သိန်းခန့် တန်ဖိုးရှိ သင်ထောက်ကူပစ္စည်းများကိုလည်း ထောက်ပံ့ပေးထားပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နှင့် ချင်းပြည်နယ် ဟားခါးမြို့တို့တွင်လည်း မကြာမီ တိုးချဲ့ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း။

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့မှာလည်း အဆောက်အအုံ တည်ဆောက်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၁၄၂၄ သိန်းဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ကလေးပြုစုရေးဌာနတစ်ခုကို ထပ်မံဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ၃၆ သိန်းခန့် တန်ဖိုးရှိ အထောက်အကူပြုပစ္စည်းများကိုလည်း ထောက်ပံ့ပေးထားကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စစ်တွေခရိုင်ကယ်ဆယ်ရေးဂိုဒေါင်များကို လှည့်လှည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စီးပွားဖြစ်မဟုတ်သော လူမှုအသိုင်းအဝိုင်းများနှင့် လူနေမှုအဆင့် (E)ရှိသော အိမ်ထောင်စုများသို့ DVB- T2 Set Top Box များ လှူဒါန်း

မန္တလေး ဇူလိုင် ၁၃

**ပြန်ကြားရေးဝန်ကြီးဌာနက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စီးပွားဖြစ်မဟုတ်သော လူမှုအသိုင်းအဝိုင်းများနှင့် လူနေမှုအဆင့် (E) ရှိသော အိမ်ထောင်စုများသို့ DVB- T2 Set Top Box များ လှူဒါန်းပွဲအခမ်းအနားကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မြို့မတူရိယာအသင်းခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။**

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက DVB-T2 Set Top Box များကို တစ်နိုင်ငံလုံးရှိ စီးပွားဖြစ်မဟုတ်သော လူမှုအသိုင်းအဝိုင်းများနှင့် လူနေမှုအဆင့်(E)ရှိသော အိမ်ထောင်စုများအား အခမဲ့ပေးအပ်ခြင်းသည် ပြည်သူ့ဗဟိုပြုမှုဝါဒ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ Digital Video Broadcasting (DVB) စနစ်ကို နိုင်ငံတော်၏ National Standard အဖြစ် ၂၀၀၈ ခုနှစ်တွင် သတ်မှတ်ခဲ့ပြီး နောက်ဆုံးပေါ် နည်းစနစ်ဖြစ်သည့် DVB- T2 စနစ်ကို ရွေးချယ်ခဲ့ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံး Digital စနစ်ပြောင်းလဲမှု ဆောင်ရွက်မည်ဖြစ်ရာ ပထမအဆင့်အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စက်ရုံ ၂၆ ရုံ၊ ဒုတိယအဆင့်အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စက်ရုံ ၆၉ ရုံ၊ တတိယအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စက်ရုံ ၅၀ ကို Digital စနစ်သို့ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ ရုပ်သံထုတ်လွှင့်မှုကို Digital စနစ်သို့ ပြောင်းလဲထုတ်လွှင့်သကဲ့သို့ မြန်မာ့အသံမှ ရေဒီယိုထုတ်လွှင့်မှုကိုလည်း Medium Wave, Short Wave နှင့် ထုတ်လွှင့်ခြင်းထက် အသံအရည်အသွေး ပိုမိုကြည်လင်ပြတ်သားသည့် FM ထုတ်လွှင့်မှုစနစ်နှင့် ပြောင်းလဲထုတ်လွှင့်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ရေဒီယို FM လွှင့်စက်ရုံ ၁၅ ရုံကိုလည်းကောင်း၊ ၂၀၁၄-၂၀၁၅ တွင် ၃၅ ရုံကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၂၅ ရုံကိုလည်းကောင်း ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် DVB-T2 Set Top Box များကို မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဒေါက်တာမြင့်ကြူက ပြင်ဦးလွင်မြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ မိုးကုတ်မြို့နယ်နှင့် တကောင်းမြို့နယ်ခွဲတို့မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများထံ ထပ်ဆင့်ထပ်မံလွှဲပြောင်းပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့ ပေးအပ်လှူဒါန်းသည့် DVB-T2 Set Top Box ၅၁၃၄ လုံး ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ယမန်နှစ်ကလည်း Set Top Box ၃၄၆၀၇ လုံးရေကို ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြီးခဲ့သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတွက် Set Top Box ၃၂၇၈၆၃ လုံး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၂၄၅ သန်းဖိုး လှူဒါန်းပေးအပ်ပြီး ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တွင် ၇၉၆၉၈ လုံး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂၇ သန်း လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Set Top Box များဖြင့် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသည့် ရုပ်သံလိုင်း ၁၄ လိုင်း၊ မြဝတီရုပ်မြင်သံကြားစက် တပ်ဆင်ထုတ်လွှင့်လျက်ရှိသည့် နေရာများတွင် MWD ရုပ်သံလိုင်းကိုလည်း ဖမ်းယူရရှိနိုင်မည်ဖြစ်သည့်အပြင် FM ရေဒီယိုလိုင်းများကိုလည်း ဖမ်းယူနားဆင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်၊ အောင်သူရ**



# မုံရွာမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**မုံရွာ ဇူလိုင် ၁၃**

မုံရွာမြို့နယ် ကြေးမုံကျေးလက်ကျန်းမာရေးဌာန ကြီးကြပ်မှုအောက်ရှိ ကျေးရွာများသို့ ဖုံး၊ သွန်၊ လဲ၊ စစ် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၃ ရက်က ကြေးမုံကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ ကြေးမုံကျေးလက်ကျန်းမာရေးဌာန ကြီးကြပ်မှုအပိုင်းအတွင်းမှာ ကြေးမုံ၊ ပုရစ်ကုန်း၊ မြေနဲ၊ အောင်သာ၊ မအူလယ်ဇင်၊ ကူတောပုလ္လင်၊ မင်းရွာ စသဖြင့် ရွာကြီး ၃၁ ရွာနှင့် ရပ်ကွက်(၁)ရပ်ကွက်တွေကို ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့်အတူ ဒေသခံများပူးပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းတွေကို တစ်ရွာချင်းအလိုက် တစ်အိမ်တက်ဆင်းအဖွဲ့ခွဲတွေခွဲပြီး ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု ကြေးမုံကျေးလက်ကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသည့် ကလေးများမှာ အဖျားတက်ပြီးခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ခံတွင်းပျက်ခြင်း၊ လက်နှင့်ရင်ဘတ်များတွင် အနီစက်များထွက်ခြင်း၊ ပျို့အန်ခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ သွေးအန်ခြင်း၊ ကော်ဖီရောင်များအန်ခြင်း၊ ဝမ်းသွားပါက အမည်းရောင်ဝမ်းသွားခြင်းများ ဖြစ်ပွားနိုင်ကြောင်း သိရသည်။

**ကျော်ဇင်(မုံရွာ)**



# ပွင့်ဖြူ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ပွင့်ဖြူ ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာများဖြစ်သည့် ထူး၊ ကံလှ၊ ကျောင်းစု၊ ဇီးကျွန်း၊ ရွှေဘိုရွာသစ်ကျေးရွာ၌ ဇူလိုင် ၁၃ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် မြစိမ်းရောင်ကော်မတီအဖွဲ့ဝင်များပါဝင်သောအဖွဲ့သည် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်နိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ အဖွဲ့သည် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ ဆောင်ရွက်ရမည့်နည်းလမ်းများ၊ စီမံကိန်းမှရရှိမည့် အကျိုးကျေးဇူးများစသည့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ဒေသခံကျေးရွာလူထု၏ဆန္ဒဖြင့် ပွင့်လင်းမြင်သာစွာ ကော်မတီဝင် ခုနစ်ဦးရွေးချယ်၍ မြစိမ်းရောင်ကော်မတီဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်ရင်းနှီးလည်ပတ်ငွေကျပ် သိန်း ၃၀၀ ချပေးပြီး ၎င်းရင်းနှီးငွေဖြင့် မွေးမြူရေးလုပ်ငန်းများ၊ ငါးဖမ်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စီမံကိန်းဖြစ်ကြောင်းနှင့် ယခင်နှစ်က သံကိုင်းကျေးရွာတစ်ရွာကို မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာ ၁၃ ရွာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး၏ ပြောကြားချက်အရ သိရသည်။ **အောင်သူရ (ပွင့်ဖြူ)**



# မြောင်မြို့နယ်အတွင်း ဝါစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးလျက်ရှိ

**မြောင် ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီမှ တိုင်းဒေသကြီးအတွင်းရှိ တောင်သူများ လုပ်ငန်းခွင်အဆင်ပြေစေရေး စိုက်ပျိုးစရိတ်ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် နှစ်စဉ်ထုတ်ချေးပေးလျက်ရှိရာ မြောင်မြို့နယ်အတွင်း ဝါစိုက်တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ဇူလိုင် ၈ ရက်မှစတင်ပြီး စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးနေကြောင်း သိရသည်။

"မြောင်မြို့နယ်အတွင်း ဝါစိုက်ပျိုးသည့် တောင်သူများရှိတဲ့ ကျေးရွာပေါင်း ၁၅ ရွာအတွက် စိုက်ပျိုးစရိတ်ချေးငွေစုစုပေါင်း ၅၉၂ သိန်းကို အတိုးနှုန်းတစ်ရာလျှင် တစ်ကျပ်ငါးဆယ်ပြားနှုန်းနဲ့ ထုတ်ချေးပေးခြင်းဖြစ်ပါတယ်။ ပြန်ဆပ်ရမယ့်အချိန်က ထုတ်ချေးပေးတဲ့နေ့မှ ခြောက်လကြာမြင့်လို့ ဝါစိုက်တောင်သူတွေအတွက် အဆင်ပြေစေပါတယ်။ ရရှိလာတဲ့ အတိုးငွေတွေကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီရဲ့ ညွှန်ကြားချက်နဲ့အညီ တစ်ကျပ်အတိုးနှုန်းကို တိုင်းဒေသကြီးသို့ ပေးသွင်းရမှာဖြစ်ပါတယ်။ ငါးဆယ်ပြားနှုန်းအတိုးရငွေကို လုပ်ငန်းကုန်ကျစရိတ်နဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ အသုံးပြုရမှာ ဖြစ်ပါတယ်။ ယခုနှစ်မှာ ဝါစိုက်တောင်သူ ၅၅၁ ဦးရှိပြီး တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းနဲ့ ဝါစိုက်ဧက ၂၉၆၀ ကို ထုတ်ချေးပေးနိုင်ခဲ့ပါတယ်" ဟု မြို့နယ်ဝါစိုက်ပျိုးရေးမန်နေဂျာ ဒေါ်စန်းစန်းဝင်းက ပြောပြသည်။

"ကျွန်တော်တို့ ကျေးရွာအတွင်း အမှန်တကယ်ဝါစိုက်တောင်သူတွေပဲ ထုတ်ချေးတာဖြစ်ပါတယ်။ နှစ်စဉ်လည်း ဝါကို စိုက်ပျိုးကြပြီး ပြန်ဆပ်တဲ့အချိန်တွေမှာလည်း အရင်းရော၊ အတိုးပါ ကျေအောင်ပြန်ဆပ်နိုင်ကြပါတယ်။ နှစ်စဉ်ဝါကို အဓိကထားစိုက်ပျိုးကြပြီး အထွက်နှုန်းကောင်းမွန်ရေးကို မြို့နယ်ဝါလုပ်ငန်းမှ ကွင်းဆင်းပြီး ညှိနှိုင်းဆောင်ရွက်ပေးတာကြောင့် အောင်မြင်ဖြစ်ထွန်းပါတယ်" ဟု ကိုးပင်ကျေးရွာမှ ဝါစိုက်တောင်သူတစ်ဦးက ပြောပြသည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**

# စိုက်ပျိုးရေးလုပ်ကိုင်သူများနှင့် မြေသြဇာလုပ်ငန်းလုပ်ကိုင်သူများ သိရှိစေရန် အသိပေးကြေညာချက်

➢ မြေသြဇာကော်မတီသည် အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီသော မြေသြဇာများကို စိုက်ပျိုးရေးလုပ်ကိုင်သူများသုံးစွဲနိုင်ရန် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ စနစ်တကျပြုလုပ်ပြီး မြေသြဇာမှတ်ပုံတင်လက်မှတ်များထုတ်ပေးလျက်ရှိပါသည်။

➢ ယခုအခါတွင် ဈေးကွက်အတွင်း မြေသြဇာမှတ်ပုံတင် လက်မှတ်မရှိသော မြေသြဇာများ ရောင်းဝယ်ခြင်းများ မြေသြဇာဖြန့်ဖြူးရောင်းချခွင့် လိုင်စင်မရှိဘဲ ဖြန့်ဖြူးရောင်းချနေသူများ ရှိနေကြောင်း သိရှိရပါသည်။

➢ အောက်ဖော်ပြပါ မြေသြဇာများမှာ မြေသြဇာကော်မတီတွင် မှတ်ပုံတင်ထားခြင်းမရှိသဖြင့် အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီမှု အာမခံချက်မရှိကြောင်း အသိပေးအပ်ပါသည်။

➢ ယင်းမြေသြဇာများကို ဝယ်ယူသုံးစွဲမိသူများမှာ သီးနှံအထွက်နှုန်းများ ထိခိုက်လျော့နည်းပြီး သုံးစွဲသူများအတွက် စီးပွားရေးတွက်ခြေမကိုက်ဘဲ ဆုံးရှုံးနစ်နာမှုများ ဖြစ်နိုင်သဖြင့် မြေသြဇာကော်မတီတွင် မှတ်ပုံတင်ထားသောမြေသြဇာများကိုသာ ဝယ်ယူသုံးစွဲရန် တိုက်တွန်းအပ်ပါသည်။

➢ မြေသြဇာထုတ်လုပ် တင်သွင်းသည့် ကုမ္ပဏီ၊ လုပ်ငန်းများ၊ မြေသြဇာရောင်းချသည့် အရောင်းဆိုင်များသည် မြေသြဇာကော်မတီတွင် မှတ်ပုံတင်ထားခြင်းမရှိသော မြေသြဇာများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက မြေသြဇာဥပဒေပုဒ်မ (၃၁၊၃၂၊၃၃၊ ၃၄၊ ၃၅) တို့အရ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေသြဇာကော်မတီ**

## မြေသြဇာ မှတ်ပုံတင်လက်မှတ်မရှိသော မြေသြဇာများစာရင်း

| စဉ် | မြေသြဇာအမည် | ဖော်ပြထားသော စံချိန်စံညွှန်း | တွေ့ရှိရာဒေသ |
|---|---|---|---|
| ၁။ | Merica (အဝါရောင်) (2.5)Kg | (N ≥12 % , $P_2O_5$ ≥5%, $K_2O$≥3%) | မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၂။ | Merica (အပြာရောင်) (25)Kg | (N≥ 12 % , $P_2O_5$ ≥5%, $K_2O$≥3%) | မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၃။ | Fight in drought (တံဆိပ် အိတ်ခွံအပြာ) | (N:17% ,$P_2O_5$: 5%, $K_2O$:13%) | မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၄။ | Crown | (Gypsum:65%, Bone Meal :5%, Moisture: 5%) | လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅။ | $A_1$ ပဒေသာ | (N:6.68%, $P_2O_5$:3.14%, $K_2O$:4.75%, Ca: 13.58%, S:3.98%, Mg : 1.21) | လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

# ဇူလိုင် ၁၃ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၃ ရက်၊ တနင်္လာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ | | | | | |
|---|---|---|---|---|---|
| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၄၅၀၀၀ |
| ၂ | ဧရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၁၅၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၃၀၀ မှ ၂၈၅၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၂၈၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၂၅၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၇၂၀၀၀ |
| ၈ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၃၀၀၀ မှ ၈၄၀၀၀ |
| ၉ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၅၀၀၀ မှ ၁၀၅၀၀၀ |
| ၁၀ | နှမ်းနက်စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၉၀၀၀၀ မှ ၁၉၈၀၀၀ |
| ၁၁ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြစ်သား၊ မိတ္ထီလာ၊ မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၀၀ မှ ၈၇၅ |
| ၁၂ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၆၀ မှ ၂၀၀၀ |
| ၁၃ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၅၀ မှ ၂၅၅၀ |
| ၁၄ | အာလူး | ဟဲဟိုး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၉၀ မှ ၇၅၀ |
| ၁၅ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀ မှ ၂၈၀၀ |
| ၁၆ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ မှ ၁၈၀၀၀ |
| ၁၇ | သရက်သီး (စိန်တလုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ မှ ၁၉၀၀၀ |
| ၁၈ | နဂါးမောက်သီး | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ မှ ၁၆၀၀၀ |
| လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။ | | | | | |

မှတ်ချက် - **ဇူလိုင် ၁၀ ရက် (သောကြာနေ့) ဈေးကွက်ပိတ်ချိန်တွင် မတ်ပဲ (FAQ)(ပဲ) တစ်တန် ဈေးနှုန်းမှာ ၁၃၁၉၀၀၀ ဈေးနှုန်းပေါက်ခဲ့ပြီး ဇူလိုင် ၁၃ ရက် (တနင်္လာနေ့) ဈေးကွက်ပိတ်ချိန်တွင် မတ်ပဲပေါက်ဈေးနှုန်းမှာ ၁၃၇၂၀၀၀ ဈေးနှုန်းရှိခဲ့သဖြင့် အနည်းငယ်တက်ခဲ့သည်။**

# နေပြည်တော်နယ်မြေအတွင်း တရားမဝင်ဆင်ဆာမဲ့ဗီဒီယိုခွေများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၃**

တရားမဝင် ဆင်ဆာမဲ့ဒီဗီဒီခွေ လက်ဝယ်ထားရှိ ဖြန့်ဝေနေသူအား သတင်းအရ ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေစစ်ဆေးရာ ဇွန် ၁၂ ရက်က နှစ်ဦး၊ ဇွန် ၂၂ ရက်က သုံးဦး၊ ဇွန် ၂၄ ရက်တွင် နှစ်ဦးနှင့် ပိုင်ရှင်မဲ့ တစ်မှု၊ ဇူလိုင် ၅ ရက်တွင် တစ်ဦးနှင့် ပိုင်ရှင်မဲ့ တစ်မှု၊ ဇူလိုင် ၇ ရက်တွင် တစ်ဦး၊ ဇူလိုင် ၁၀ ရက်တွင် တစ်ဦး ဖမ်းဆီးရမိခဲ့သည်။

တရားမဝင် ဆင်ဆာမဲ့ခွေများအား လက်ဝယ်ထားရှိ ဖြန့်ဝေသူဟု သတင်းရရှိထားသော လယ်ဝေးမြို့ အမှတ်(၁)ရပ်ကွက် ဂေါ်မိတ်လမ်းနေ ဦးကျော်ဆွေလတ်(၅၄နှစ်)၏ နေအိမ်သို့ ဇူလိုင် ၁၀ ရက် ညနေ ၄ နာရီခွဲက ဝင်ရောက်ရှာဖွေခဲ့ရာ တရားမဝင် ဆင်ဆာမဲ့ခွေတွေ့ရှိခဲ့၍ သိမ်းဆည်းခဲ့သည်။

အဆိုပါ ဆင်ဆာမဲ့ဒီဗီဒီခွေ လက်ဝယ်ထားရှိသူ ဦးကျော်ဆွေလတ်အား ဥပဒေအရ အရေးယူပေးပါရန် နေပြည်တော် ဗီဒီယိုအခြေခံအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မင်းထက်က တရားလိုပြုလုပ်တိုင်တန်းလာသဖြင့် လယ်ဝေးမြို့မရဲစခန်းက ဗီဒီယိုအက်ဥပဒေပုဒ်မအရ အမှုဖွင့်ပြီး တရားစွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရားမဝင် ဆင်ဆာမဲ့ခွေများနှင့် ပတ်သက်၍ ၂၀၁၅ ဇွန် ၁၂ ရက်မှ ဇူလိုင် ၁၂ ရက်အထိ အမှုပေါင်း ၁၂ မှု ဖမ်းဆီးရရှိခဲ့ပြီး တရားမဝင် ဆင်ဆာမဲ့မြန်မာဗီဒီယို ခွေ ၃၀၁ ခွေ၊ တရားမဝင်ဆင်ဆာမဲ့ နိုင်ငံခြားဇာတ်ကား ၇၃၅၆ ခွေ၊ သီချင်းခိုးကူးခွေ ၁၉၄၃ ခွေ၊ ညစ်ညမ်းဇာတ်ကားခွေ ၆၀ စုစုပေါင်းအခွေ ၉၆၆၀ အား ဖမ်းဆီးရရှိခဲ့သည်။ အလားတူ ပြစ်မှုများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲရဲ**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ဆင်ပေါင်ဝဲမြို့နယ် ဥပဒေရုံးနှင့် ကံမမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်များဖွင့်

**နေပြည်တော် ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင်အတွင်းရှိ ဆင်ပေါင်ဝဲမြို့နယ် ဥပဒေရုံးနှင့် ကံမမြို့နယ် ဥပဒေရုံး အဆောက်အအုံတို့ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ခွင့်ပြုချက်ရန်ပုံငွေဖြင့် ရုံးအသစ်များ တည်ဆောက်ခြင်းတို့ဆောင်ရွက်ပြီးစီး၍ ဇူလိုင် ၁၁ ရက်က ရုံးသစ် ဖွင့်ပွဲကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးဇေယျ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ဦးကျော်ဆန်း၊ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးကျော်ကျော်အောင်တို့ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ **(ဓာတ်ပုံ)**



အဆိုပါ ဖွင့်ပွဲအခမ်းအနားများသို့ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိများ၊ သရက်ခရိုင် ဥပဒေအရာရှိ ဦးလှမြင့်နှင့် မြို့နယ် ဥပဒေအရာရှိများ၊ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ များတက်ရောက်ကြပြီး ဆင်ပေါင်ဝဲ မြို့နယ်ဥပဒေအရာရှိ ဒေါ်ပြုံးသီရိဝေ နှင့် ကံမမြို့နယ် ဥပဒေအရာရှိ ဒေါ်စုကေခိုင်တို့က ရုံးဖွင့်ပွဲအထိမ်းအမှတ် အလံများကို ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

**ဓာတ်ပုံ-ကျော်ဇေယျဝင်း(ပြန်/ဆက်)**

## ကျောင်းနှင့် ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၃**

ဇူလိုင် ၁၂ ရက်က ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ်အဖြစ် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများတွင် သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ကျောင်းနှင့်ဝန်းကျင်များတွင် အရိပ်ရပင်၊ လေကာပင်၊ ဘယဆေးပင်၊ ပန်းအလှပင်များ စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်တို့ပူးပေါင်း၍ ပျိုးပင်များဖြန့်ဝေကာသစ်ပင်များ စိုက်ပျိုးပေးခဲ့ကြောင်းသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# တောင်ငူမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်

**တောင်ငူ ဇူလိုင် ၁၃**

တောင်ငူမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက တောင်ငူမြို့ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ငူမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းနှင့် ကော်မတီဝင်များက ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဒိုင်အဖွဲ့အား လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် မြို့နယ်အားကစားမှူး ဒေါ်လှသန္တာက မျိုးဆက်သစ် အားကစားသမားများပေါ်ထွန်းရေး၊ မြို့များမှ ခရိုင်၊ တိုင်းအဆင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများပေါ်ထွန်းရေး၊ စည်းစနစ်မှန်ကန်စွာ ကစားတတ်အောင် ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။



အဆိုပါပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် သုံးဦးတွဲ ပြိုင်ပွဲဝင် ၁၄ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဇူလိုင် ၁၂ ရက်မှ စတင်၍ ၁၆ ရက်အထိ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ **သူရ (တောင်ငူ)**

## စွယ်တော်မြတ်စေတီတော်(ရန်ကုန်)ဓမ္မစကြာအခါတော်နေ့ ဝါဆိုရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေ၌ တည်ထားကိုးကွယ်တော်မူသော ဝရဒါဌာ ဓာတုစေတိယစွယ်တော်မြတ်စေတီတော်(ရန်ကုန်)စေတီတော်ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၇၇ ခုနှစ် ဝါဆိုလပြည့် ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီတွင် (၁၈)ကြိမ်မြောက် ဓမ္မစကြာအခါတော်နေ့နှင့် (၉)ကြိမ်မြောက် ဝါဆိုရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို စေတီတော်ဂန္ဓကုဋိတိုက်အတွင်း၌ကျင်းပမည်ဖြစ်ရာ ရဟန်းရှင်လူပြည်သူအများ လာရောက်ကြည်ညို လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။

**အောင်ချစ်သန်း**

# ကော့သောင်း Mobile Team အဖွဲ့ ပညာပေးကာလ လုပ်ငန်းများကွင်းဆင်းဆောင်ရွက်

**ကော့သောင်း ဇူလိုင် ၁၃**

ကုန်သွယ်ရေးစခန်း(ကော့သောင်း) Mobile Team အဖွဲ့မှ နယ်စပ်ဒေသမှတစ်ဆင့် ပြည်တွင်းသို့ တရားမဝင်ဝင်ရောက်ပြီး ပြည်ပသို့ တရားမဝင်တင်ပို့မည့်ကုန်ပစ္စည်းများအား တားဆီးကာကွယ်မှုပညာပေးလုပ်ငန်းအဖြစ် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းက ကော့သောင်းမြို့အနီး ပင်လယ်ပြင်တစ်ဝိုက် ကွင်းဆင်းဆောင်ရွက်ကြသည်။

အဆိုပါ Mobile Team အဖွဲ့မှ စားသုံးသူကာကွယ်ရေးနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများမဖြစ်ပေါ်စေရေးနှင့် မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့မှ ပြည်တွင်းသို့ထွက်ခွာမည့် သင်္ဘောများ၌ တင်ဆောင်ထားသည့် ကုန်ပစ္စည်းများအတွက် နိုင်ငံတော်သို့ ပေးသွင်းရမည့်အခွန်အခများပေးသွင်းမှု အထောက်အထားများနှင့် ကုန်ပစ္စည်းအမျိုးအမည် မှန်ကန်ကိုက်ညီမှု ရှိမရှိ ကန့်သတ်တားမြစ်ထားသည့် ကုန်ပစ္စည်းများ တင်ဆောင်ခြင်း ရှိ မရှိ စသည်များကို စစ်ဆေး ကြပ်မတ်ပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ငွေဆောင်ကမ်းခြေ၌ ရေဆင်းကူးရာမှ နှစ်ဦးပျောက်ဆုံး

**ငွေဆောင် ဇူလိုင် ၁၃**

ပုသိမ်ခရိုင် ငွေဆောင်မြို့ ငွေဆောင်ကမ်းခြေ၌ ဇူလိုင် ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် Celebrity & Model Agency အဖွဲ့မှ စုစုပေါင်း ၃၂ ဦးသည် ယာဉ်မောင်း ကိုကျော်ကျော်နိုင် မောင်းနှင်လာသော ကားအမှတ် YGN 3G/----မှန်လုံအမြန်ယာဉ်(တိုးလ်ကား) ငွေဆောင်ကမ်းခြေသို့ လာရောက်၍ ဆန်နီပါရာဒိုက် ဟိုတယ်လမ်းကြားရှိ Public Area ၌ လာရောက်အပန်းဖြေခဲ့ရာ ရန်ကုန်မြို့နေ ကိုရန်နိုင်အောင်(၂၄ နှစ်) ကိုရဲကျော်ကျော်(စုံစမ်းဆဲ)၊ ကိုအောင်သက်ဦး(၂၄ နှစ်)တို့သုံးဦး ပင်လယ်ထဲသို့ ရေဆင်းကူးရာ ကိုအောင်သက်ဦးတစ်ဦးသာ ကမ်းခြေသို့ ပြန်တက်လာပြီး ကျန်နှစ်ဦးမှာ ပျောက်ဆုံးနေကြောင်း သိရသည်။

အဆိုပါပျောက်ဆုံးနေသူနှစ်ဦးကို ပြန်လည်တွေ့ရှိနိုင်ရေးအတွက် မြို့အုပ်ချုပ်ရေးမှူး ဦးဆောင်ကာ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရေကူးကျွမ်းကျင်သူများဖြင့်ပူးပေါင်း၍ လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ငွေဆောင်)**




# ဒလမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့ ယာဉ်စစ်ပိတ်ဆို့ ခိုးမှုမသင်္ကာတွေ့ရှိသူ အမျိုးသားသုံးဦးအား ဖော်ထုတ်ဖမ်းဆီး

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့က ဒလမြို့အဝင်/အထွက်ဂိတ်၌ ယာဉ်စစ်ပိတ်ဆို့ဆောင်ရွက်စဉ် ဇူလိုင် ၁၂ ရက် နံနက် ၁ နာရီ မိနစ် ၂၀ က မင်္ဂလာဒုံမြို့နယ်မှ အမျိုးသားသုံးဦးအား ခိုးယူမှုမသင်္ကာတွေ့ရှိသဖြင့် ဖမ်းဆီးအရေးယူကာ ဖော်ထုတ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲမြင့် ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များသည် တာဝန်ရှိသူများနှင့်အတူ ချောင် ကျောင်းစုရပ်ကွက် မြို့ အဝင်/အထွက်ဂိတ်တွင် ဇူလိုင် ၁၁ ရက် ည ၉ နာရီခွဲမှစ၍ ယာဉ်စစ်ပိတ်ဆို့ဆောင်ရွက်စဉ် ဇူလိုင် ၁၂ ရက် နံနက် ၁ နာရီမိနစ် ၂၀ တွင် ဒလ-တွံတေးကားလမ်းအတိုင်း ဒလမြို့မှ တွံတေးမြို့ဘက်သို့ (နံပါတ်မပါ) ဆိုင်ကယ်စီးနင်းလာကြသော မင်္ဂလာဒုံမြို့နယ် ကံ့ကော်လမ်း ပေါက်ကုန်းရပ်ကွက်နေ ကိုမျိုး(ခ) သော်ဇင် (၁၉ နှစ်) ကျပန်း၊ မင်းခန့် (၂၇ နှစ်)ပန်းရန်၊ ခလောက်ကွန်ဒိုင်ရပ်ကွက်နေ နေမျိုးထွန်း(ခ) အဟာမက် (၁၈ နှစ်) ကျပန်းတို့သုံးဦးအား ရပ်တန့်စစ်ဆေးရှာဖွေခဲ့ကြသည်။

ဆိုင်ကယ်အတွင်း အရှည်နှစ်ပေခန့်ရှိ သံဖြတ်ကတ်တာ တစ်လက်မ၊ ရှစ်လက်မခန့်နှင့် ခုနစ်လက်မခန့် ကတ်ကြေး နှစ်လက်၊ ဝက်အူလှည့် နှစ်ချောင်း၊ ဆိုင်ကယ်သော့သုံးချောင်းနှင့် ဖုန်းနှစ်လုံးတွေ့ရှိရသည်။

တွေ့ရှိရသည့် ပစ္စည်းများနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်းမပြောဆိုနိုင်သဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့်သိမ်းဆည်းပြီး တစ်နေရာရာမှ ခိုးယူကျူးလွန်သည်ဟု မသင်္ကာ၍ ထိုသုံးဦးအား ဖမ်းဆီးအရေးယူခဲ့ခြင်းဖြစ်သည်။

အဆိုပါသုံးဦးအား ဒလမြို့မရဲစခန်းက အမှုဖွင့်အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဌေး(ဒလ)**



# ငါ့သရောက်မြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့၍ လမ်းအချို့ပျက်စီး

**ငါ့သရောက် ဇူလိုင် ၁၃**

မန္တလေးတိုင်း ဒေသကြီး ငါ့သရောက်မြို့နယ်၌ ဇူလိုင် ၁၁ ရက် ညနေပိုင်းက မိုးသည်းထန်စွာ ရွာသွန်းပြီး လမ်းအချို့ မိုးရေတိုက်စားမှုဖြင့် ပျက်စီးသွားခဲ့သည်။

ထိုသို့ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ငါ့သရောက်-ဂျမ်းလှီး သွားလမ်းဖြစ်သည့် ကျောက်ချောလမ်းပေါ်ရှိ ဝက်ကျရေကျော်ချောင်းမှာ မိုးရေတိုက်စားမှုဒဏ်ကြောင့် ပျက်စီးသွားခဲ့ကြောင်း သိရပြီး အဆိုပါလမ်းအား ပြုပြင်ပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ပြန်/ ဆက်)**

# ရပ်ကွက်အုပ်ချုပ်ရေးမှူးအား ဓားဖြင့်ထိုးပြေးသူဖမ်းမိ

**ရန်ကုန် ဇူလိုင် ၁၃**

ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းတောင် အနောက်ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးကို ဓားဖြင့်ထိုးပြေးသွားသူတစ်ဦးအား ဇူလိုင် ၁၂ ရက် ညက ဖမ်းမိကြောင်း ကြည့်မြင်တိုင်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၀ ရက် ည ၈ နာရီခွဲခန့်က သူခိုး သူခိုး ဟု အော်သံကြားပြီး လူငယ်နှစ်ဦး ဦးကြွယ်ဟိုးလမ်းအတွင်းပြေးလာစဉ် မကျည်းတန်းတောင် အနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမင်းနှင့် ထိပ်တိုက်တွေ့ဆုံကာ အုပ်ချုပ်ရေးမှူးက အသင့်ပါလာသည့် ထိုးဖြင့်ပြေးလာသည့် လူငယ်တစ်ဦးကို ရိုက်လိုက်စဉ် ထိုးမှာကျိုးသွားပြီး ထိုအရိုက်ခံရသူလူငယ်က အရိုးလေးလက်မ၊ အသွား ခုနစ်လက်မခွဲခန့်ရှိ ဓားရှည်ဖြင့် ထိုးပြေးသွားခဲ့သည်။

ထွက်ပြေးသွားသည့် ပြစ်မှုကျူးလွန်သူများကို အမြန်ဆုံး ဖမ်းမိနိုင်ရေးအတွက် နယ်ထိန်းအရာရှိ ရဲအုပ်ဖြိုးဝေမင်း၊ အမှုစစ်ဒုတိယရဲအုပ် ဝင်းဇော်ဦးနှင့် အဖွဲ့က ပြစ်မှုကျူးလွန်သူများအား ပိတ်ဆို့ဖမ်းဆီးခဲ့ရာ ပြစ်မှုကျူးလွန်သူများအနက် ဖြိုးဝေကို ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းရှိ အလတ်ချောင်းရပ်ကွက် ဘောဂဗလ (၃)လမ်း၌ ဇူလိုင် ၁၂ ရက် ည ၈ နာရီခန့်က ဖမ်းဆီးရမိခဲ့ပြီး ၎င်းပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သောဓားကို ကြည့်မြင်တိုင် ဆိပ်ကမ်းသာပန်းခြံအတွင်းမှ သိမ်းဆည်းရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ ဖြိုးဝေကို အမှုဖွင့်အရေးယူစစ်ဆေးလျက်ရှိပြီး ကျန်ပြစ်မှု ကျူးလွန်သူများကို ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ကိုကြီးတင်**

# ဆိုင်ကယ်နှင့်အတူ မသင်္ကာဖွယ်သူတစ်ဦးကို အမှုဖွင့်စစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက မပေါ်ပေါက်သေးသည့် အမှုများကို ကူညီဖော်ထုတ်နိုင်ရန် နယ်မြေအတွင်း သတင်းစုံစမ်းနေစဉ် ရမည်းသင်းမြို့ ဝါတိုးဈေးကုန်းရပ်၌ ဆိုင်ကယ်တစ်စီးနှင့် မသင်္ကာဖွယ်သူတစ်ဦးကို တွေ့ရှိသဖြင့် စစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ ကျော်သက် (၁၉)နှစ် ဖြစ်ပြီး အဆိုပါဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ခိုင်လုံသော အထောက်အထားတစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသောကြောင့် ၎င်းအား ရမည်းသင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



# ထားဝယ်မြို့ ဆန်းချီရပ် မီးလောင်မှုဖြစ်ပွား

**ထားဝယ် ဇူလိုင် ၁၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဆန်းချီရပ် မြို့သစ်(၈)လမ်းရှိ အုတ်စီ၊ ထရံကာ၊ ခနိမိုး တစ်ထပ်အိမ်သည် ဇူလိုင် ၁၃ ရက် နံနက် ၂ နာရီတွင် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ထားဝယ်ခရိုင် မီးသတ်ဦးစီးမှူး ဦးမောင်မောင်နိုင်နှင့် အဖွဲ့ဝင်များသည် မီးသတ်ယာဉ်နှစ်စီးနှင့်အတူ လာရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုမှာ အဆိုပါနေအိမ်၌ ငှားရမ်းနေထိုင်သူများ ပုလောမြို့နယ်ရှိ အလှူတစ်ခုသို့ သွားရောက်စဉ် ကရင်ဆိုသူအား အိမ်စောင့်အဖြစ်ထားခဲ့ပြီး ကရင်ဆိုသူက ဇူလိုင် ၁၂ ရက် ည ၁၁ နာရီခန့်က ဝက်သတ်သည့်လုပ်ငန်းလုပ်ကိုင်ရန် နေအိမ်မှထွက်ခွာသွားစဉ် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
နည်းပညာတက္ကသိုလ်(မကွေး)

**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ နည်းပညာတက္ကသိုလ်(မကွေး)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အသုံးပြုမည့် ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁။ | Desktop Computer Dell(Memory 4GB, HDD 500 GB, Processor Intel Core i7) | ၉ လုံး | |
| ၂။ | UPS(Power Tree)550 VA | ၉ လုံး | |

၂။ တင်ဒါလျှောက်လွှာစတင်လက်ခံမည့်ရက် - ၁၃-၇-၂၀၁၅ရက်(တနင်္လာနေ့)
၃။ တင်ဒါပိတ်မည့်ရက်/အချိန် - ၂၃-၇-၂၀၁၅ရက် (ကြာသပတေးနေ့) ၁၄း၀၀နာရီ
၄။ တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၂၄-၇-၂၀၁၅ရက်(သောကြာနေ့) ၁၄း၀၀နာရီ
၅။ တင်ဒါစစ်ဆေးရွေးချယ်မည့်နေရာ - စီမံဌာန၊ နည်းပညာတက္ကသိုလ်(မကွေး)
တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစစ်ဆေးရေးအဖွဲ့**
**နည်းပညာတက္ကသိုလ်(မကွေး)**
**ဖုန်း-၀၆၃-၂၈၃၀၉၊၀၉-၅၃၄၂၈၆၁**

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
**ကန်ရိပ်သာလမ်းသိုလှောင်ရုံပြင်ဆင်ရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းပိုင် ကန်ရိပ်သာလမ်းရှိ စက္ကူသိုလှောင်ရုံများ အသေးစားပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် လုပ်ငန်းဆောင်ရွက်လိုသော လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဈေးနှုန်းလွှာများ တင်သွင်းကြပါရန် ဖိတ်ကြားအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါများကို ၁၃-၇-၂၀၁၅ရက်မှ ၂၄-၇-၂၀၁၅ရက် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၅-၇-၂၀၁၅ရက် နံနက် ၉နာရီမှ ညနေ ၃နာရီအတွင်း အောက်ပါလိပ်စာသို့ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ သတ်မှတ်ချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ပါအတိုင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်နှင့် တင်ဒါတင်သွင်းရန်လိပ်စာ**
**ကန်ရိပ်သာလမ်း ဂိုဒေါင်ပြင်ဆင်ရေးကော်မတီ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရန်ကုန်ရုံး)**
**အမှတ် ၂၁၂၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်**
**ဖုန်း-၀၁-၂၀၀၈၁၂၊ ၀၁-၂၀၁၁၉၂**

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**
**(၁/၂၀၁၅-၂၀၁၆)အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

၁။ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာနှစ်အတွင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအတွက် အသုံး ပြုရန်လိုအပ်သော အောက်ပါပစ္စည်း(၁၁)မျိုးကို ယှဉ်တွဲပါအရေအတွက်များအတိုင်း မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | A4 70g(Supreme) | ၁၀၀၀ ထုပ် |
| ၂။ | ဘတ်ထရီမျိုးစုံ(N-70,N-120, ဆိုင်ကယ်ဘတ်ထရီ) | ၆၀ လုံး |
| ၃။ | တာယာဆိုက်စုံ | ၁၂၅ လုံး |
| ၄။ | ဖိုင်ဘာကန်(ဂါလန်၄၀၀ဆံ့/ဂါလန်၈၀၀ဆံ့)(Super Line) | ၁၀ လုံး |
| ၅။ | ဓာတ်မြေဩဇာ(N+P+K)(15+15+15) | ၂၂၅ အိတ် |
| ၆။ | Brush Cutter Shoulder Type(Honda) | ၂ လုံး |
| ၇။ | ပုစဉ်းခေါင်းထော်လာဂျီ(Hydraulic System) | ၁ စီး |
| ၈။ | Multimedia Projector(with motorized Screen 12'x12') | ၁ စုံ |
| ၉။ | A3 Color Printer(Epson) | ၁ လုံး |
| ၁၀။ | Laptop Computer(DELL,Core i7) | ၅ လုံး |
| ၁၁။ | ဒီဇယ်ဆီ | ၁၀၀၀၀ ဂါလန် |

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက်/အချိန် - ၁၃-၇-၂၀၁၅ရက် နံနက် ၉း၃၀နာရီ
တင်ဒါပိတ်မည့်ရက်/အချိန် - ၂၇-၇-၂၀၁၅ရက် ညနေ ၁၆း၃၀နာရီ
တင်ဒါပုံစံတစ်စုံ - ကျပ် ၂၀၀၀
ဆက်သွယ်ရန်လိပ်စာ - အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန(ရုံးချုပ်) စီမံခန့်ခွဲရေးဌာန၊ဖုန်း-၀၂-၅၇၀၃၈၊ ၀၉-၉၇၇၂၇၆၁၂၃

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**
**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန(ရုံးချုပ်)**
**မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့**

**မိခင်အမည်မှန်**

တောင်ဥက္ကလာပမြို့နယ်၊ အထက (၂) တက္ကသိုလ်ဝင်တန်း(B)မှ မချောဆုဆုသူ၏ မိခင်အမည်မှန်မှာ ဒေါ်ဌေးဌေးဦး ၁၂/ဥကတ(နိုင်)၀၄၄၈၆၉ ဖြစ်ပါကြောင်း။
**ဒေါ်ဌေးဌေးဦး**

**အမည်ပြောင်း**

ဦးရန်နိုင်စိုး၏သမီး ရန်ကုန်တိုင်းဒေသကြီး မြတ်အားမာန် ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ မဖြူသန့်ခိုင်အား မဖြူသျှင်းသန့်အောင်ဟု ပြောင်းလဲခေါ်ပါရန်။
**မဖြူသျှင်းသန့်အောင်**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် အာကာခင်စိုး CDC/ 55173 ၏ SID ကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၉၉၂၂၄၂၂**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ လေးအိမ်တန်းကျေးရွာအုပ်စု၊ အင်ကြင်းပင်ကျေးရွာနေ ဦးငွေပေါ်၏သား ဦးဖိုးကုလား ၉/မခန(နိုင်)၀၄၈၀၈၀နှင့် ဦးသန့်ဇင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးဖိုးကုလား(ခ)ဦးသန့်ဇင်**

# မြန်မာ-ထိုင်း နှစ်နိုင်ငံ မြို့နယ်အဆင့်နယ်ခြားကော်မတီ ညှိနှိုင်းဆွေးနွေးချက်ဖြင့် တာချီလိတ်မြို့ ရေလွှမ်းမှုလျော့ပါးစေရေး ရေတားတမံများ ဖယ်ရှားရှင်းလင်း

**တာချီလိတ် ဇူလိုင် ၁၃**

မြန်မာနိုင်ငံ တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံမယ်ဆိုင်မြို့တို့အကြား နှစ်နိုင်ငံ နယ်နိမိတ်အဖြစ် ဖြတ်သန်းစီးဆင်းလျက်ရှိသော မယ်ဆိုင်ချောင်းအတွင်း ဆယ်စုနှစ် နှစ်ခုစာမျှ အဟန့်အတားဖြစ်ပေါ်လျက်ရှိသည်။ ဝါးဆိပ် (ပုန်းထွန်ရပ်ကွက်)၊ ဂရင်းဆိပ် (ဆန်ဆိုင်းရပ်ကွက်)နှင့်ငှက်ပျောဆိပ် (ရန်အောင်မြေရပ်ကွက်) ရေတားတမံများကြောင့် နှစ်စဉ်မိုးကာလ ရေကြီးရေလျှံမှုဖြစ်ပွားကာ တာချီလိတ်မြို့အား ရေလွှမ်းမိုးမှုများဖြစ်ပွားနေသည့်အတွက် မြန်မာ-ထိုင်း နှစ်နိုင်ငံမြို့နယ်အဆင့် နယ်ခြားကော်မတီများ၏ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးချက်အရ နှစ်စဉ်မိုးကာလရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေးအတွက် အဆိုပါရေတားတမံများအား ဇူလိုင် ၁၃ ရက် နံနက်ပိုင်းမှစတင်ကာ နှစ်နိုင်ငံ တာဝန်ရှိသူများက ကြီးကြပ်လျက် စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်း ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံမယ်ဆိုင်မြို့ လယ်သမားများက ယင်းအတားအဆီးများကို ဖယ်ရှားလိုက်ပါက မယ်ဆိုင်မြို့ လယ်ယာစိုက်ခင်းများအတွက် ရေရရှိမှု လျော့နည်းသွားမည်ကို မကျေနပ်သည့်အတွက် ကျေးလက်တောင်သူ လယ်သမားအဖွဲ့ခေါင်းဆောင် နိုင်းပစစ်ပူဝမ်စူလင်း ဦးဆောင်သည့် ထိုင်းတောင်သူလယ်သမားအင်အား ၂၀၀ခန့်သည် မယ်ဆိုင်မြို့ရှိ မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား အမှတ်(၁)ထိပ် (ထိုင်းဖက်ခြမ်း)တွင် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်က စတင်ဆန္ဒပြကြပြီး ဆန္ဒပြသူများက ၎င်းတို့၏အစီအစဉ်ဖြင့် နံနက် ၉ နာရီတွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအား တစ်ဖက်သတ် ပိတ်လိုက်ကြသည့်အတွက် ယာဉ်သွားလာမှုများ ယာယီရပ်ဆိုင်းသွားခဲ့သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်ပြီး တာချီလိတ်ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေ၊ အတွင်းရေးမှူး ဦးကျော်စွာလွင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့နှင့် ထိုင်းနိုင်ငံ နယ်ခြားကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ပါဖတ်ဖုလ်ဖူးဝမ်း၊ မယ်ဆိုင်မြို့ပိုင် နိုင်းဆုမ်ချိုင်းရွှန်းဆာရန်းဦးဆောင်သည့် ထိုင်းကိုယ်စားလှယ်အဖွဲ့တို့သည် တာချီလိတ်မြို့ ရွှေနန်းတော်ကုန်တိုက်၌ အရေးပေါ် ညှိနှိုင်းအစည်းအဝေး တစ်ရပ်ကျင်းပပြီး နှစ်နိုင်ငံသဘောတူညီချက်အား လေးစားစွာလိုက်နာရေး၊ မယ်ဆိုင်ချောင်းရေကို နှစ်နိုင်ငံ အညီအမျှခွဲဝေသုံးစွဲရေး၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအား မထိခိုက်စေရေးတို့အတွက် ဆွေးနွေးညှိနှိုင်းကြကာ မယ်ဆိုင်ချောင်းအတွင်းရှိ အဟန့်အတားများဖယ်ရှားမှုလုပ်ငန်းအား မယ်ဆိုင်မြို့စိုက်ပျိုးရေးအတွက် ရေသွယ်မြောင်းအတွင်းရှိ နုန်းများအား ဖယ်ရှားစဉ်အတွင်း ဇူလိုင် ၂၃ ရက်ထိ ယာယီရပ်ဆိုင်းထားရန် သဘောတူညီချက်ရရှိခဲ့ကြပြီး ဆန္ဒပြမှုအား နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရုပ်သိမ်းပေးကာ အမှတ်(၁)မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားကို နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ပြန်လည်ဖွင့်လှစ်ကာ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နေကြောင်း သိရသည်။

**မောင်ယဉ်ကျေး**



မယ်ဆိုင်ချောင်းအတွင်းရှိ အဟန့်အတားများအား ဖယ်ရှားစဉ်။

ထိုင်းလယ်သမားများက ချစ်ကြည်ရေးတံတားကိုပိတ်ကာ ဆန္ဒပြစဉ်။



## ရှာငံမြို့နယ်တွင် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းဖွင့်

**ရှာငံ ဇူလိုင် ၁၃**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးတွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှာငံမြို့နယ်အတွင်းရှိရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲဝင်များအား ဥပဒေ၊ နည်းပဒေနှင့်လုပ်ငန်းလမ်းညွှန် ပညာပေးသင်တန်းကို ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့ဗထူးခန်းမ၌ ဇူလိုင် ၁၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်တင့်က ၂၀၁၅ခုနှစ်အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ရွေးကောက်ပွဲမတိုင်မီ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲဆောင်ရွက်ပြီး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို သိရှိနားလည်စေရန်နှင့်အထွေထွေရွေးကောက်ပွဲကြီးကို တည်ငြိမ်အေးချမ်းပြီး သန့်ရှင်းစွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပို့ချပြီး တက်ရောက်လာသည့် ရပ်/ကျေး ကော်မရှင် အဖွဲ့ခွဲဝင်များက ရွေးကောက်ပွဲနှင့်ပတ်သက်၍ သိရှိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက ဖြေကြားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရှာငံ)**

## ဓမ္မစကူးလ်သင်တန်းဖွင့်

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၁၃**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် သုံးတိုင်ကျေးရွာ ဗုဒ္ဓအေးရိပ်ကျောင်းတိုက်၌ ဓမ္မစကူးလ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၂ ရက်က ကျင်းပသည်။

အလားတူ ကြာအင်းဆိပ်ကြီးမြို့ အမှတ်(၆ )ရပ်ကွက် ကျောင်းသစ်ကျောင်းပရိယတ္တိစာသင်တိုက်၌လည်း ဖွင့်လှစ်လျက်ရှိသည်။ အဆိုပါ ဓမ္မစကူးလ်သင်တန်းကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းဦး (ပြန်/ဆက်)**

### တစ်ဦးတည်းဖြစ်ပါကြောင်း

အထကခွဲ တော်ခရမ်းကြီး ကွမ်းခြံကုန်းမြို့နယ် တက္ကသိုလ်ဝင်တန်း(A)မှ မသဇင်နွယ်၏ ဖခင်အမည်မှန်မှာ ဦးကျော်လင်း(ခ) ဦးတင်ဝင်း ၁၂/ကခက(နိုင်)၀၁၀၉၈၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်လင်း(ခ)ဦးတင်ဝင်း**

**Y.E.S.** Since 1994 ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
**International English Language Centre**
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**
Mon to Thurs-3:00-5:00 pm 6 Jul
Mon to Thurs-1:00-3:00 pm 13,27 Jul
Sat & Sun - 12:30-3:30 pm 18 Jul
Sat & Sun - 3:45-4:45 pm 18 Jul
Mon to Thurs 7:30-9:30am 20,27Jul,10Aug
Mon to Thurs-5:30-7:00 pm 27 Jul
Sat & Sun - 9:00-12:00 am 8 Aug

**Pre-Intermediate English**
Mon to Thurs-10:30-12:30 am 13 Jul
Mon to Thurs-7:30-9:30 am 27 Jul
Mon to Thurs-10:30-12:30 pm 10 Aug

**Grammar Foundation Course**
Mon to Thurs - 10:00-12:00 am 13 Jul

**Structure & Written Expression**
Sat & Sun - 12:30-3:30-6:30pm 18 Jul
Mon to Thurs-4:00-5:30pm 27 Jul
Mon to Thurs-5:30-7:00pm 27 Jul

**Basic Writing Course**
San & Sun - 12:30 - 3:30 pm 18 Jul
San & Sun - 3:45 - 6:15 pm 25 Jul

**Vocabulary Enrichment Course**
Mon to Thurs - 3:30-5:00 pm 20 Jul
San & Sun - 10:00 - 12:00 am 25 Jul

**TOEFL,SAT,IELTS,API,AWC,IE**

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910

### မြန်မာကော်ဇော– ကူရှင်ဏီ

* ခန်းဆီးလိုက်ကာပိတ် နှင့် Blindsမျိုးစုံချုပ်လုပ်ခြင်း။
* လိုက်ကာတန်း မျိုးစုံတပ်ဆင်ခြင်း
* Sofa, Cushion ဒီဇိုင်းမျိုးစုံ ချုပ်လုပ်ခြင်းနှင့် ပြုပြင်ခြင်း။
* မွေ့ယာအမျိုးမျိုးရောင်းချခြင်းနှင့် ပြုပြင်ခြင်း
* ခန်းဆီးလိုက်ကာ ပိတ်စများကို လက်လီ/လက္ကား ရရှိနိုင်ပါသည်။

အမှတ်-(၁၂၀)၊မဟာဗန္ဓုလလမ်း နှင့် (၅၇)လမ်းထိပ်၊ ရန်ကုန်မြို့။
Ph: 291317/202921 /09-8627489

### ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ အထက(၇) အဋ္ဌမတန်း(A)မှ မောင်အောင်ကောင်းမြတ်နှင့် ဆဋ္ဌမတန်း(A)မှ မောင်သက်ပိုင်နှင့် စတုတ္ထတန်း(A)မှ မဖူးပြည့်ခင်တို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းလင်း ၁၂/ဥကမ(နိုင်)၁၇၃၀၁၅ ဖြစ်ပါကြောင်း။

### CLAIMS DAY NOTIC

### M.V BRIGHT STATE VOY:NO(114)

Consignees of cargo carried by M.V BRIGHT STATE VOY: NO (114) are here by notified that the vessel will arrive of about 16-7-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက်လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်–

ဖုန်း–၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### ဖခင်အမည်မှန်

ဖျာပုံခရိုင်၊ အမာမြို့နယ်၊ အထက ဒေါ်ညိမ်းကျေးရွာ သတ္တမတန်းတွင် ပညာသင်ကြားနေသော မထက်ထက်ဝင်း၏ဖခင် ဦးကျော်၏ အမည်မှန်မှာ ဦးလေးကျော် ၁၄/ဖပန(နိုင်)၀၄၉၈၇၆ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ဖျာပုံခရိုင်၊ အမာမြို့နယ်၊ အထက ဒေါ်ညိမ်းကျေးရွာ သတ္တမတန်းတွင် ပညာသင်ကြားနေသော မလဝန်းမေ၏ဖခင် ဦးမောင်ဇော်၏ အမည်မှန်မှာ ဦးမင်းဇော် ၁၄/ဖပန(နိုင်)၀၀၇၇၀၂ ဖြစ်ပါကြောင်း။

### အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ကျိုက်ဖနဲရပ်ကွက်၊ အကွက်အမှတ် ၅၊ ဦးပိုင်အမှတ်(၁၆၅/က)၊ ဧရိယာ ၀ဒသမ၀၈၆ ဧကရှိမြေသည် ဦးငွေဘုံ–ဒေါ်နှင်းရွှေအမည်ဖြင့် ဦးပိုင်ပေါက်ပြီး DORP No (ငါး) ၁၆/၅၇–၅၈ အရ နှစ်၃၀အငှားဂရန် ရရှိထားပါသည်။ ထိုမြေအား တစ်ဦးတည်းသောသမီး ဒေါ်ကြည်(ခ)ဒေါ်ချော(ခ)ဒေါ်ကြည်ကြည်မှ အမွေဆက်ခံပိုင်ဆိုင်လာပြီး ဒေါ်ကြည်(ခ) ဒေါ်ချော(ခ)ဒေါ်ကြည်ကြည်ထံမှ ဦးသိန်းဝင်းမှ စာချုပ်စာတမ်းဖြင့်ဝယ်ယူခဲ့ပြီး ဝယ်ယူစဉ်မူပင် အငှားဂရန်စာချုပ်မှာ ရရှိထားခြင်းမရှိသဖြင့် ယခု နှစ်၃၀အငှားဂရန်သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမှတ်ပုံတင်စာချုပ်မူရင်းတရားရုံးဒီကရီများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူး**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်–မော်လမြိုင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/ 7144, Shwe M-yanmar L/T, P/U ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင်ဦး ၃/ဘအန(နိုင်)၀၂၇၈၁၉က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)**

# ကြေးခေတ် သင်္ဂြိုဟ်မှု ဓလေ့များ

**မောင်သာ(ရှေးဟောင်းသုတေသန)**



*၇-၇-၂၀၁၅ ရက်နေ့မှဆက်*

အရိုးစုများအဖြစ်ကျန်ရှိနေသည့် လူရုပ်အလောင်းအများစုအား မြောက်အရပ်သို့ ဦးခေါင်းထားကာ မြှုပ်နှံခဲ့ကြသော်လည်း တောင်အရပ်သို့ ခေါင်းပြုမြှုပ်နှံထားသည့် ရုပ်အလောင်းနှစ်ခုကိုလည်း တွေ့ရှိခဲ့ရပေသည်။ ရုပ်ကြွင်းအများစုသည် ပက်လက်အနေအထားဖြစ်ကြပြီး အရပ် ၃ ပေ မှ ၅ ပေ ၈ လက်မအထိရှိကြသည်။ ဘေးစောင်းမြှုပ်နှံထားမှုနှင့် အထက်အောက်ထပ်လျက် မြှုပ်နှံထားသော ရုပ်ကြွင်းအချို့ကိုလည်း တွေ့ခဲ့ရသည်။ မြောက်ဘက်သို့ မြှုပ်နှံသည့်ဓလေ့အပေါ် ယူဆချက်များ အမျိုးမျိုးရှိသည်။ အချို့က ဓူဝံကြယ်ရှိရာသို့ ဦးတည်မြှုပ်နှံသည်ဟု ယူဆကြသော်လည်း အချို့က ညောင်ကန်သင်္ချိုင်းတွင် မြှုပ်နှံထားသည့် ရုပ်အလောင်းများသည် ညောင်ကန်ဒေသခံများ မဟုတ်ဟု ယူဆကြသည်။ ယင်းတို့သည် မြောက်ဘက်အရပ်မှ ညောင်ကန်သို့ ရွှေ့ပြောင်းရောက်ရှိလာသူများဖြစ်ကြပြီး ကွယ်လွန်ချိန်တွင် မိမိတို့မူလအရပ်ဒေသသို့ ခေါင်းပြုမြှုပ်နှံကြသည်ဟု ယူဆချက်များလည်းရှိသည်။ သို့သော်လည်း တောင်အရပ်သို့ ခေါင်းတည်မြှုပ်နှံထားခြင်းသည်ကား အဖြေမသိသေးသည့် ပဟေဠိတစ်ရပ်ဖြစ်နေပေသည်။

အိုးကြီးတစ်လုံးအတွင်း ထည့်သွင်းမြှုပ်နှံထားသည့် လူဦးခေါင်းခွံတစ်ခုကို တူးကွက် အမှတ် (SE 15) တွင် တွေ့ရှိခဲ့ရသည်။ ထိုနေရာတွင် လူဦးခေါင်းခွံတစ်ခုနှင့်အတူ လက်မောင်းရိုးတစ်ခု၊အရွယ်စုံအိုးများ၊ တိရစ္ဆာန်အရိုးများ တွေ့ရှိခဲ့ရသည်။ မူလမြှုပ်နှံမှုသည် လူအလောင်းနှင့် တိရစ္ဆာန်အရိုးများသာဖြစ်ပြီး ထိုနေရာမှပင် ဒုတိယမြှုပ်နှံမှုတစ်ခု ပြုလုပ်ထားသည်ဟု ပညာရှင်များက ယူဆကြသည်။ တူးဖော်မှု အမှတ် (SE 5) တွင် လူရုပ်ကြွင်းနှင့်အတူ နွားနှင့်ခွေးခေါင်းခွံ၊ တိရစ္ဆာန်ခွာတစ်ခုကို တွေ့ရှိခဲ့ရသည်။

တူးဖော်ခဲ့သော တစ်နေရာတွင် အမျိုးသားရုပ်ကြွင်းတစ်ခု၊ အမျိုးသမီးရုပ်ကြွင်းတစ်ခုနှင့် ကလေးရုပ်ကြွင်းတစ်ခုတို့ကို တစ်နေရာတည်းတွင် မြှုပ်နှံထားသည်ကို တွေ့ရသည်။ (ရုပ်ကြွင်းများအား တင်ပါးဆုံကွင်းကို ကြည့်၍ ကျား မခွဲခြားနိုင်သည်။) ယင်းရုပ်ကြွင်းများနှင့်အတူ အရွယ်စုံအိုးများနှင့် ကြေးမြားခေါင်း တစ်ခုကိုလည်း တွေ့ရှိရသည်။ တူးကွက် အမှတ်(SE 2) တွင်လည်း ရုပ်ကြွင်းနှစ်ခုအား ဘေးချင်းယှဉ်လျက် မြှုပ်နှံထားသည်ကို မြင်တွေ့ကြရသည်။ ယင်းသို့မြှုပ်နှံခြင်းသည် ထိုသူများသည် တစ်ပြိုင်တည်း သေဆုံးခြင်းဖြစ်နိုင်သကဲ့သို့ မသေဆုံးမီက အတူနေထိုင်ခဲ့ကြသည့် မိသားစုဝင်များအား ကွယ်လွန်ချိန်တွင် တစ်နေရာတည်း၌ မြှုပ်နှံသည့် ဓလေ့လည်း ဖြစ်နိုင်ကြောင်း ပညာရှင်များက ကောက်ချက်ချကြသည်။

အချို့သော ရုပ်ကြွင်းများ၏လက်တွင် ကြေးလက်နက်ပစ္စည်းများ ကိုင်တွယ်ထားသည်ကို တွေ့ရှိရသဖြင့် ယင်းကြေးလက်နက်၊ အသုံးအဆောင်များသည် ညောင်ကန်သားများ မသေဆုံးမီက ကိုင်တွယ်သုံးစွဲခဲ့သောပစ္စည်းများဖြစ်ကြောင်း ဖော်ညွှန်းနေပေသည်။ ကွယ်လွန်ချိန်တွင် ယင်းတို့ ကိုင်တွယ်သုံးစွဲခဲ့သည့်ပစ္စည်းကို ထည့်သွင်းမြှုပ်နှံပေးခြင်း ဖြစ်နိုင်ပေသည်။

ကြေးလှံသွားတစ်ခုသည် ၁၁ လက်မ ရှည်၍ နှစ်လက်မ အကျယ်ရှိသည်။ ရုပ်ကြွင်းများနှင့်အတူ ပုတီးစေ့များကို ထည့်သွင်းမြှုပ်နှံထားခဲ့သည်ကိုလည်း တွေ့ကြရသည်။ အရွယ်မျိုးစုံ၊ မြေပုတီးစေ့၊ ကျောက်ပုတီးစေ့နှင့် ခရုခွံပုတီးစေ့များကို ရုပ်ကြွင်းများ၏ လည်တိုင်နှင့် လက်ကောက်ဝတ်အနီးတွင် အများဆုံး တွေ့ရှိရသဖြင့် မသေဆုံးမီက အဆင်တန်ဆာများအဖြစ် ဝတ်ဆင်ခဲ့သည့် ပစ္စည်းများဖြစ်နိုင်ကြောင်း သုံးသပ်နိုင်ပေသည်။

ညောင်ကန်တွင်နေထိုင်ခဲ့ကြသည့် ကြေးခေတ်သားတို့သည် ကွယ်လွန်ချိန်တွင် သေဆုံးသူ၏ ဒုတိယဘဝအတွက် အသုံးအဆောင်ပစ္စည်းများကို ထည့်သွင်းပေးသည့် ဓလေ့တစ်ခုရှိနိုင်ကြောင်း ယူဆကြသည်။ ကြေးခေတ်တွင် ဘာသာအယူဝါဒ ထွန်းကားခဲ့မှုကို မတွေ့ရှိရသေးသော်လည်း ကြေးခေတ်သားများသည် ဒုတိယဘဝကို လက်ခံယုံကြည်ကြဖွယ်ရှိနေသည်။ ယခုခေတ်တွင် အချို့သော တရုတ်လူမျိုးများ ကွယ်လွန်ချိန်တွင် နောင်ဘဝတွင် သုံးစွဲနိုင်ရန် အဝတ်အစားများအပါအဝင် သေဆုံးသူ၏ အသုံးအဆောင်များကို ထည့်သွင်းမြှုပ်နှံသည့်သဘောနှင့် ဆင်တူနေသည်ကို တွေ့ရှိနိုင်ပေသည်။

အချို့သော အရိုးစုများတွင် ကျောက်ကွင်းများကို လည်တိုင်နှင့် လက်ကောက်ဝတ်နေရာများတွင် တွေ့ရှိရသည်။ ကျောက်ကွင်းများသည် ပုံသဏ္ဌာန်အမျိုးမျိုးရှိသကဲ့သို့ လေးလက်မမှ ၇ ဒသမ ၅ လက်မအထိ အရွယ်မျိုးစုံဖြစ်သည်။ ကျောက်ကွင်းများသည် မကွယ်လွန်မီကတည်းက ဝတ်ဆင်ခဲ့သည့် တန်ဆာများဖြစ်နိုင်သကဲ့သို့ ကွယ်လွန်ချိန်တွင် ရာထူးအဆင့်အတန်း အားလျော်စွာ ဝတ်ဆင်ပေးခြင်းလည်း ဖြစ်နိုင်ပြီး ယင်းတို့သည် အများအားဖြင့် ဒေသခေါင်းဆောင်များ ဖြစ်နိုင်သည်ဟု ယူဆကြသည်။

ညောင်ကန် တူးဖော်မှုများတွင် စာအရေးအသား၊ ဒင်္ဂါးများကို တွေ့ရှိခဲ့ရခြင်းမရှိသဖြင့် ညောင်ကန်ယဉ်ကျေးမှုသည် သရေခေတ္တရာ၊ ဟန်လင်း၊ ဗိဿနိုးစသည့် ပျူယဉ်ကျေးမှုအဆင့်သို့ မရောက်ရှိသေးကြောင်း ဖော်ညွှန်းနေပေသည်။ သို့သော်လည်း ညောင်ကန်တွင် တွေ့ရှိရသည့် ကျောက်ကွင်းများသည် ဟန်လင်းတွင်တွေ့ရှိခဲ့ရသည့် ကျောက်ကွင်းများနှင့် ပုံသဏ္ဌာန်၊ အရွယ်အစား၊အမျိုးအစားများ တူညီနေသည်ကို တွေ့ရသည်။ ကျောက်ကွင်းအများစုသည် သပ်ရပ်၊ ချောမွတ်နေကြပေသည်။

ကြေးခေတ် သင်္ဂြိုဟ်မြှုပ်နှံမှုများတွင် လူများနှင့်အတူ အိုးများသာမက ဆီမီးခွက်များ၊ မြေပန်းကန်များ၊ ကြိုးပေါက်ရာပါသော အိုးများကို ထည့်သွင်းမြှုပ်ထားသည်ကိုလည်း တွေ့ကြရပေသည်။ အိုးများသည် အချင်း ၁ ဒသမ ၅ လက်မမှသည် ၂၂ လက်မ အထိရှိသည်။အိုးအကြီးထဲတွင် အိုးအသေးများကို ထည့်သွင်းမြှုပ်နှံထားသည်မှာလည်း ထူးခြားချက် တစ်ရပ်ဖြစ်ပေသည်။ ညောင်ကန်ယဉ်ကျေးမှုသည် ပျူယဉ်ကျေးမှုထက် များစွာစောသော်လည်း လူရုပ်ကြွင်းများနှင့် အိုးများကို အတူတကွ မြှုပ်နှံသည့်ဓလေ့မှာ တူညီနေကြောင်း တွေ့ကြရပေသည်။

လူသားများ ကွယ်လွန်ကြချိန်တွင် ကြွင်းကျန်သော ရုပ်ကလာပ်ကို စွန့်ပစ်ကြရမြဲဖြစ်ပေရာ အများအားဖြင့် မီးရှို့ခြင်းနှင့် မြေမြှုပ်ခြင်းတို့ကို ပြုလုပ်လေ့ရှိကြသည်။ ထိုသို့ သင်္ဂြိုဟ်ကြရာတွင် နိုင်ငံနှင့်လူမျိုးများ ကွဲပြားသည့်အလျောက် ကျင့်သုံးကြသည့် ဓလေ့ထုံးတမ်းများသည်လည်း ကွဲပြားကြပေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၅၀၀ ဝန်းကျင်၊ မြန်မာ့ကြေးခေတ်ကာလ လူသားများ၏ သင်္ဂြိုဟ်မှု ဓလေ့များသည်လည်း စိတ်ဝင်စားဖွယ်ကောင်းလှသဖြင့် ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသန ပညာဌာနသို့ မဟာဝိဇ္ဇာတန်း သုတေသနစာတမ်းငယ်တစ်စောင်ကို ကျွန်တော် တင်သွင်းခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ ကြေးခေတ် သင်္ဂြိုဟ်မြှုပ်နှံမှု ဓလေ့များကို ပိုမိုတိကျခိုင်မာစွာ ဖော်ထုတ်နိုင်ရန် သုတေသီတို့ ဆက်လက် သုတေသနပြုကြရဦးမည်သာ ဖြစ်ပါပေသည်။

**‘ကြေးခေတ် သင်္ဂြိုဟ်မြှုပ်နှံမှုများတွင် လူများနှင့်အတူ အိုးများသာမက ဆီမီးခွက်များ၊ မြေပန်းကန်များ၊ ကြိုးပေါက်ရာပါသော အိုးများကို ထည့်သွင်းမြှုပ်ထားသည်ကိုလည်း တွေ့ကြရပေသည်။ အိုးများသည် အချင်း ၁ ဒသမ ၅ လက်မမှသည် ၂၂ လက်မအထိ ရှိသည်။ အိုးအကြီးထဲတွင် အိုးအသေးများကို ထည့်သွင်းမြှုပ်နှံထားသည်မှာလည်း ထူးခြားချက် တစ်ရပ်ဖြစ်ပေသည်။’**

## ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အမျိုးသားရေးတာဝန်အဖြစ် ပူးပေါင်းဆောင်ရွက်

**ဟိုပန် ဇူလိုင် ၁၃**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ စိုင်းစံဝင်းသည် ဇူလိုင် ၁၀ရက် က “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့သို့ရောက်ရှိပြီး မြို့တော်ခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ၂၀၁၅ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမည့်ရက်ကို ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်က ကြေညာပြီးဖြစ်ကြောင်း၊ ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ နိုင်ငံရေးပါတီများ ကွင်းဆင်းစည်းရုံးခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်တို့ကို ကြေညာပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများသည် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မဲစာရင်းတွင်မပါရှိသေးသည့် မဲဆန္ဒရှင်များအား နောက်တစ်ကြိမ်ကပ်သည့်အခါ၌ ပါရှိရေးလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးသွားရန် မှာကြားလိုကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူ အားလုံးက အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်ပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

တက်ရောက်လာသည့် နိုင်ငံရေးပါတီများကလည်း မရှင်းလင်းသည့်အချက်များကိုမေးမြန်းရာ ဒေါက်တာစိုင်းစံဝင်းနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်တာဝန်ရှိသူများက ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



## ခြင်ဆေးဖျန်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်မြို့ အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် အမှတ်(၄) ရပ်ကွက်တွင် ကျန်းမာရေးသန့်ရှင်း ဆောင်ရွက်မှုကို ဇူလိုင် ၁၂ ရက်က ကျင်းပရာ လှည်းတန်းလမ်း အထက(၂) ကျောင်းဆောင်များနှင့် (၉)လမ်း၊ (၁၀)လမ်း နောက်ဖေးလမ်းများတွင် ခြင်ဆေးဖျန်းခြင်း၊ သန့်ရှင်းရေးနှင့် အမှိုက်ကောက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ပေးဝေခြင်း၊ လမ်းတွင်း/ လမ်းပြင် ကြော်ငြာလက်ကမ်းဝေငှခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး၊ ခွင့်မပြုဆိုးဆေးနှင့် ကျန်းမာရေးစာစောင်များ ဝေငှခြင်းတို့ကို ပြုလုပ်ကြသည်။

မြို့နယ် အထောက်အကူပြု ကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် တာဝန်ရှိသူများက ကျန်းမာရေး သန့်ရှင်းရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်မြင့်သန်း(လမ်းမတော်)**

## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**သာစည် ဇူလိုင် ၁၃**

မိတ္ထီလာခရိုင် သာစည်မြို့နယ် အမှတ်(၂၆) စက်မှုလယ်ယာစခန်း သာစည်မြို့မှဖွင့်လှစ်သော လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်းကို ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီခွဲက ရွာကြီးကျေးရွာ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းရှေ့တန်းစခန်း၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

တောင်သူများ လယ်ယာလုပ်ငန်းခွင်တွင် အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရန် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းဆောင်ရွက်လျက်ရှိရာ လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာ ထိန်းသိမ်းမောင်းနှင်နိုင်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ထွန်ယက်စက် အကြီးအသေးများဖြင့် စာတွေ့လက်တွေ့ သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်း သိရှိရသည်။ **ထွန်းထွန်း(သာစည်)**

# ဟောင်းနွမ်းငွေစက္ကူများကို တစ်ဝက်နှုန်းဖြင့် လိုက်လံလဲလှယ်နေ

**သီပေါ ဇူလိုင် ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မြို့ပေါ်ရပ်ကွက်များ၌ ငါးထောင်ကျပ်တန်နှင့် တစ်သောင်းကျပ်တန်အပါအဝင် ဟောင်းနွမ်းငွေစက္ကူများကို အမည်မသိ ဆိုင်ကယ်စီးသူတစ်ဦးက အသံချဲ့စက်ဖြင့် ကြေညာကာ လိုက်လံလဲလှယ်လျက်ရှိကြောင်း သိရသည်။

**'သီပေါမှာ မြန်မာ့စီးပွားရေးဘဏ်လည်းရှိတယ်။ ဒါဟာ မသိနားမလည်သူတွေအပေါ် ကိုယ်ကျိုးရှာ အမြတ်ထုတ်တာပဲဖြစ်တယ်။ ဒီလိုလူစားမျိုးတွေကို တရားဥပဒေအရ အရေးယူဖို့လိုတယ်. . .'**

"တစ်သောင်းတန်ကိုလဲရင် ငါးထောင်၊ ငါးထောင်တန်ကိုလဲရင် ၂၅၀၀၊ တစ်ထောင်တန်ကိုလဲရင် ၅၀၀ ပဲရတယ်။ သီပေါမှာ မြန်မာ့စီးပွားရေးဘဏ်လည်း ရှိတယ်။ ဒါဟာ မသိနားမလည်သူတွေအပေါ် ကိုယ်ကျိုးရှာ အမြတ်ထုတ်တာပဲဖြစ်တယ်။ ဒီလိုလူစားမျိုးတွေကို တရားဥပဒေအရ အရေးယူဖို့လိုတယ်" ဟု သီပေါမြို့ ပန်းတိမ်တောင်ရပ်ကွက်မှ ဆယ်အိမ်မှူးတစ်ဦးက ပြောသည်။ ငွေများလိုက်လံလဲလှယ်နေသူဆိုင်ကယ်သမားနှင့် ပတ်သက်၍ "မန္တလေးဘက်က လာတာလို့တော့ပြောတယ်။ သီပေါမှာတော့ ညမအိပ်ဘူး။ ကျောက်မဲမှာ တည်းခိုတယ်လို့သိရတယ်"ဟု ၎င်းက ဆက်ပြောသည်။

ယခုကဲ့သို့ ငွေကိုတဝက်နှုန်းဖြင့် လိုက်လံလဲလှယ်သောဖြစ်စဉ်မျိုး သီပေါမြို့၌ လွန်ခဲ့သည့်နှစ်နှစ်ခန့်ကလည်း တစ်ကြိမ်ဖြစ်ပွားခဲ့ဖူးကြောင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများက လိုက်လံရှာဖွေသည့်အခါ တိမ်းရှောင်သွားခဲ့သဖြင့် ဖမ်းဆီးရမိမှုမရှိခဲ့ကြောင်းလည်း သိရသည်။ **စိုင်း(သီပေါ)**



# အင်းတော်ကြီးဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**မိုးညှင်း ဇူလိုင် ၁၃**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသတွင် ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ပြီးစီးရန်နှင့် စံချိန်စံညွှန်းနှင့်ကိုက်ညီစွာပြီးစီးရန်အတွက် ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ဇူလိုင် ၁၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း ဦးဆောင်သောအဖွဲ့သည် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ နန်မွန်းကျေးရွာသို့ သွားရောက်ကာ နန်မွန်းကျေးရွာ ကချင်စုရပ်ကွက်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးရုံး ပြုပြင်ရန်ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ နန့်မွန်းရွာ ကက်သလစ်ဘာသာရေးကျောင်းအတွက် အလှူငွေကျပ် သုံးသိန်း၊ ကချင်နှစ်ချင်းဘာသာရေးကျောင်းအတွက် အလှူငွေသုံးသိန်းနှင့် ရွှေမဥ္ဇူစေတီတော်ရေလယ်ဘုရားသို့ အလှူငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဟဲပုကျေးရွာရှိ အာရ်စီကွန်ကရစ်တံတားနှင့် ကျေးလက်ကျန်းမာရေးဆေးပေးခန်း အာရ်စီကွန်ကရစ်အဆောက်အအုံ တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ အထောက်အကူပြုကော်မတီသို့ အလှူငွေကျပ် နှစ်သိန်းကို ထောက်ပံ့ပေးအပ်သည်။ ထို့နောက် နန်းမွန်းကျေးရွာရှိ (၁၆)ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံဆောက်လုပ်နေမှုများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**နီတိုး**

# မိတ္ထီလာကန်ကူးတံတားသစ် တည်ဆောက်ပြီးသဖြင့် စတင်ဖြတ်သန်းခွင့်ပြု

**မိတ္ထီလာ ဇူလိုင် ၁၃**

မိတ္ထီလာကန်ကူးတံတားသစ်ကို တည်ဆောက်ပြီးစီးပြီဖြစ်ရာ ဇူလိုင် ၁၂ ရက်နံနက်မှစ၍ ဒေသခံပြည်သူများအား ဖြတ်သန်းသွားလာခွင့်ပြုထားပြီဖြစ်ကြောင်း သိရသည်။

"မိတ္ထီလာကန်ကူး တံတားသစ်ပေါ်ကနေပြီး ဇူလိုင် ၁၂ ရက် နံနက် ၅ နာရီ ၄၅ မိနစ်ကစပြီး မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို ဖြတ်သန်းသွားလာခွင့်ပြုတာပါ။ တံတားက အရှည်ပေ ၈၀၀၊ အကျယ်ယာဉ်သွားလမ်း ၂၄ ပေ နှစ်လမ်းသွားဖြစ်ပါတယ်။ တံတားသစ်ပေါ်က လမ်းအရှည်ပေ ၈၀၀ ကို နိုင်လွန်ကတ္တရာခင်းပေးထားတယ်။ ဆက်လက်ပြီးတော့ ကန်ကူးတံတားဟောင်းကိုလည်း တည်ဆောက်သွားမှာပါ။ နိုဝင်ဘာလထဲမှာ စတင်တည်ဆောက်မှာဖြစ်ပြီး လာမယ့် ၂၀၁၆ ခုနှစ် မတ်လကုန်ပိုင်းမှာ ပြီးစီးအောင်တည် ဆောက်သွားမှာပါ"ဟု တံတားသစ်တည်ဆောက်ရာတွင် ဦးဆောင်ကြီးကြပ်ဆောင်ရွက်သည့် အင်ဂျင်နီယာမှူးကြီး ဦးသိန်းအောင်က ပြောသည်။



**တံတားသစ်စတင်ဖွင့်လှစ်ပြီး တာဝန်ရှိသူများ ဖြတ်သန်းကြည့်ရှုနေစဉ်။**

မိတ္ထီလာကန်ကူးတံတားသစ်ကို ဖြတ်သန်းရာတွင် ကျောက်ပန်းတောင်းမြို့ (ကန်အနောက်ထိပ်) ဘက်မှ မောင်းနှင်သွားလာသူများဖြတ်သန်းရမည်ဖြစ်ပြီး မိတ္ထီလာမှကျောက်ပန်းတောင်းသို့ မောင်းနှင်သွားလာသူများမှာ တံတားဟောင်းပေါ်မှ ဖြတ်သန်းရမည်ဖြစ်သည်။ မိတ္ထီလာကန်ကူးတံတားသစ် တည်ဆောက်ပြီးစီးသွားဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် ယခင်ကထက် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သည်။

မိတ္ထီလာကန်ကူးတံတားအသစ်တစ်စင်း ထပ်မံတည်ဆောက်ပေးရန် မိတ္ထီလာမဲဆန္ဒနယ်မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်လှယ်စားလှယ်များဖြစ်သည့် ဦးကျော်အေး၊ ဦးစောဌေးတို့က တိုင်းဒေသကြီးလွှတ်တော်တွင် စတင်မေးမြန်း တင်ပြခဲ့ပြီးနောက် အမျိုးသားလွှတ်တော်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်က ထပ်မံတင်ပြခဲ့သည်။ ထို့နောက် မိတ္ထီလာသို့ ပြည်ထောင်စုဒုတိယဝန်ကြီးများပါဝင်သည့် ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ (Delivery Unit) လာရောက်စဉ်တွင် မြို့နယ်အဆင့်တာဝန်ရှိသူများက မိတ္ထီလာကန်ကူးတံတားအသစ်တစ်စင်းထပ်မံတည်ဆောက်ပေးရန် တင်ပြတောင်းခံခဲ့သဖြင့် ဒေသခံပြည်သူများယာဉ်အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ကန်ကူးတံတားသစ်ကို နိုင်ငံတော်မှ ထပ်မံတည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီထုတ်ယူနိုင်ရန် ရုံးပိတ်ရက်တွင်ပါ ထုတ်ချေးပေးမည်

**မြို့သစ် ဇူလိုင် ၁၃**

မကွေးခရိုင် မြို့သစ်မြို့နယ်အတွင်းမှ တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးလျက်ရှိရာ တောင်သူများအနေဖြင့် လိုအပ်သော ချေးငွေများအချိန်မီထုတ်ယူရရှိနိုင်ရန်အတွက် ချေးငွေထုတ်ချေးမှုကို ရုံးပိတ်ရက်များတွင်ပါ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့သစ်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု ၄၀၊ ကျေးရွာပေါင်း ၁၅၀ ခန့်မှ တောင်သူများအတွက် ထုတ်ချေးပေးမည်ဖြစ်ပြီး ချေးငွေကျပ်သိန်းပေါင်း ၃၀၅၀၀ ခန့်ကို ထုတ်ချေးရန် လျာထားကြောင်း၊ ဇူလိုင် ၇ ရက်အထိ ကျေးရွာအုပ်စု ခြောက်ခုမှ တောင်သူ ၆၀၆ ဦး၏ စပါး ၂၀၅၄ ဧကနှင့် နှမ်း ၄၃၈ ဧက အတွက် ချေးငွေကျပ် ၂၁၄၀ ဒသမ ၆ သိန်းကို ထုတ်ချေးပေးပြီးဖြစ်ကြောင်း၊ ကျန်တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သော ချေးငွေများ အချိန်မီရရှိနိုင်ရန်အတွက် ချေးငွေထုတ်ပေးမှုကို ရုံးဖွင့်ရက်များတွင် ရုံးချိန်ကျော်လွန်သည်အထိ ဆောင်ရွက်ပေးလျက်ရှိကာ ရုံးပိတ်ရက်များတွင်လည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

တောင်သူများအား ချေးငွေထုတ်ချေးရာတွင် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇) ရရှိထားသူများအား ထုတ်ချေးပေးနေခြင်းဖြစ်ပြီး တောင်သူသုံးဦးလျှင် အစုအဖွဲ့တစ်ဖွဲ့သတ်မှတ်ကာ အစုအဖွဲ့အလိုက်ထုတ်ချေးပေးကြောင်း၊ စပါးတစ်ဧကအတွက် ကျပ်တစ်သိန်းနှင့် အခြားသီးနှံတစ်ဧကအတွက် ကျပ်နှစ်သောင်းနှုန်းကို အတိုးနှုန်း ကျပ်တစ်ရာလျှင် တစ်လ ၄၂ ပြားနှုန်းဖြင့် ထုတ်ချေးပေးကြောင်း၊ တောင်သူများအနေဖြင့် ချေးငွေပြန်လည်ပေးဆပ်ချိန်တွင် သတ်မှတ်ကာလအတွင်း အချိန်မီပေးဆပ်ပါက နောက်နှစ်များတွင် ချေးငွေသစ်ကို စောစီးစွာထုတ်ပေးနိုင်မည်ဖြစ်ကြောင်း မြို့သစ်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးတင်ဌေးအောင်က ပြောကြားသည်။

**အောင်ကျော်(မြို့သစ်)**

# လယ်ယာသုံးစက်ကိရိယာများ အရစ်ကျစနစ်ဖြင့် ရောင်းချပေး

**တန့်ယန်း ဇူလိုင် ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်းမှ တောင်သူလယ်သမားများအား မြို့နယ်သမဝါယမဦးစီးဌာနက စိုက်ပျိုးစရိတ်ချေးငွေများပေးအပ်ပွဲနှင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ အရစ်ကျရောင်းချပေးအပ်ပွဲကို ဇူလိုင် ၁၁ ရက်က ကျင်းပခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုင်းမြင့်ဆွေတို့က အမှာစကားပြောကြားကြပြီး မြို့နယ်သမဝါယမဦးစီးဌာနမှူးက တောင်သူလယ်သမားများအတွက် ချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများ အရစ်ကျရောင်းချ ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စိုက်ပျိုးစရိတ် ချေးငွေကျပ် ၅၄၄ သိန်းနှင့် အရစ်ကျရောင်းချသော ထွန်စက်နှစ်စီး၊ ထော်လာဂျီငယ် ငါးစီး၊ လက်တွန်းလယ်ထွန်စက် သုံးစီး၊ ငါးတန်ကုန်သယ်ယာဉ်တစ်စီး၊ ဟာလာကြိတ်ခွဲစက်တစ်စုံနှင့် သုံးဘီးဆိုင်ကယ်တစ်စီးတို့ကို မြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးစိုင်းထွန်းကျော်နှင့် တာဝန်ရှိသူများက တောင်သူများထံ ပေးအပ်ခဲ့သည်။

**မင်းလွင်ဦး(iprd)**




## ထီးလင်းမြို့နယ်မှ ဒေသခံပြည်သူများအား အထူးကုဆရာဝန်များက ကွင်းဆင်းဆေးဝါးကုသ

**ထီးလင်း ဇူလိုင် ၁၃**

ဂန့်ဂေါမြို့နယ် ထီးလင်းမြို့ပြည်သူ့ဆေးရုံ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှုများကို ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်များက ဇူလိုင် ၇ ရက်နှင့် ၈ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံမှ မျက်စိအထူးကု ဒေါက်တာထွန်းထွန်းအောင် ဦးဆောင်၍ မီးယပ်နှင့်သားဖွားအထူးကု ဒေါက်တာခင်စိုးမြင့်၊ မေ့ဆေးအထူးကု ဒေါက်တာချိုသန္တာကြည်၊ ခွဲစိတ်အထူးကု ဒေါက်တာစောစိုင်းအောင်တို့ပါဝင်သည့် အဖွဲ့က ကွင်းဆင်းကုသပေးခဲ့ခြင်းဖြစ်ပြီး ထီးလင်းမြို့ပေါ်နှင့် ကျေးရွာများမှ နား၊ နှာခေါင်းဝေဒနာရှင် ၈၆ ဦး၊ မျက်စိဝေဒနာရှင် ၅၂ ဦး၊ အရိုးအကြော ဝေဒနာရှင် ၁၇၀၊ သားဖွားမီးယပ်ဝေဒနာရှင် ၂၀၊ အထွေထွေရောဂါ ၁၂၃ ဦး၊ ခွဲစိတ်ကုသမှု ၂၁ ဦး၊ ကလေးငယ် ၄၂ ဦး စုစုပေါင်း ဒေသခံပြည်သူ ၈၃၃ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း သိရသည်။

အထူးကုဆရာဝန်များနှင့်အဖွဲ့က ဒေသခံပြည်သူများအား ဆေးဝါးကုသပေးရာသို့ မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်စန်းစန်းမြင့်နှင့်အဖွဲ့က ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၁၀၁)**

# ရေပေးဝေရေးအကောင်အထည်ဖော်ရန် သတင်းအချက်အလက်များ စတင်ကောက်ယူ

**မန္တလေး ဇူလိုင် ၁၃**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ရပ်ကွက်ငါးခုတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) တို့ ပူးပေါင်းဆောင်ရွက်မည့် ရေပေးဝေရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်အတွက် ရပ်ကွက်အတွင်း သတင်းအချက်အလက် စုဆောင်းခြင်းနှင့် မြေပြင်အခြေအနေကြည့်ရှုခြင်းတို့ကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

“အခု ရေပေးဝေရေး အကောင်အထည်ဖော်နိုင်အောင် ရပ်ကွက်သူရပ်ကွက်သားတွေကို ချပြတယ်။ သူတို့ဆီက ရေမီတာလျှောက်လွှာတွေ လက်ခံတယ်။ ရေပေးဝေရေးအတွက်ကတော့ တစ်မြို့နယ်လုံး မပါနိုင်ဘူးထင်တယ်။ အနည်းဆုံးတော့ အိမ်ခြေ ၃၀၀၀ လောက် ဆောင်ရွက်နိုင်အောင် ညှိနှိုင်းနေတုန်းပါ” ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးငွေအောင်က ပြောသည်။

JICA ၏ အဓိက ကူညီပံ့ပိုးဆောင်ရွက်မည့် ပြည်ကြီးတံခွန်မြို့နယ်အတွင်း ရေပေးဝေရေးစနစ်လုပ်ငန်း ဆောင်ရွက်ရာတွင် ရေမီတာလျှောက်ထားသူက လျှောက်လွှာ တန်ဖိုးငွေကျပ် ၁၀၀ သာ ပေးသွင်းရမည်ဖြစ်ပြီး ရေမီတာ တပ်ဆင်ပြီးစီးသည်အထိ တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အိမ်အတွင်းသို့ သွယ်ယူလိုပါက ရေမီတာအထွက်မှ အိမ်အတွင်းသို့ သွယ်ယူလိုသည့် ကုန်ကျစရိတ်သာ ရေသွယ်ယူလိုသူက ကုန်ကျခံရမည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် ပုံမှန်အားဖြင့် ရေမီတာတစ်လုံး တပ်ဆင်လျှောက်ထားပါက ငွေကျပ် ၁၃၀၀၀၀ ဝန်းကျင်ခန့် ကုန်ကျမည်ဖြစ်ကာ JICA နှင့် ပူးပေါင်းဆောင်ရွက်သည့် အချိန်ကာလတွင် ရေသွယ်သူများ လုံးဝပေးချေရန် မလိုအပ်ကြောင်း သိရသည်။

ရေပေးဝေရေးစနစ်ကို သတင်းအချက်အလက်များ ပြည့်စုံစွာရရှိပြီး ၂၀၁၆ ခုနှစ် ဇွန်လခန့်တွင် လုပ်ငန်းများစတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေပေးဝေရေးလုပ်ငန်းများအားလုံးပြီးစီးသည့် အချိန်မှစတင်ကာ စီမံကိန်းကာလသတ်မှတ်ချက် ၂၀၁၇ ခုနှစ် အောက်တိုဘာလမှ စတင်နိုင်ရန် သတ်မှတ်ထားကြောင်း၊ နောက်ကျဆုံးအချိန်အဖြစ် ၂၀၁၈ခုနှစ် နှစ်ဦးပိုင်းတွင် ပေးဝေနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း JICA မှ တာဝန်ပေးအပ်ထားသည့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသူ



Ms. YAMADA SHOKO ၏ ပြောကြားချက်အရ သိရသည်။

ရေပေးဝေရေးစနစ် ပြီးဆုံးသွားပါက ရေသွယ်ယူသူများအနေဖြင့် ကလိုရင်းဆေးခတ်စနစ်ဖြင့် သန့်စင်ပြီး ပိုးမွှားကင်းစင်၍ သန့်ရှင်းသောရေကို သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ ၂၄ နာရီရေပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်ထားမည်ဖြစ်ပြီး ရေဖြန့်ဝေအားကောင်းမွန်သောကြောင့် ရေမော်တာအသုံးပြုရန် လုံးဝမလိုအပ်ကြောင်း၊ ရေသွယ်ယူသူများအနေဖြင့် ရေသုံးစွဲမှု ရေအခွန်အတွက်လည်း ရေပေးဝေရေးစနစ်အတွက်လိုအပ်သော လျှပ်စစ် မီတာခ၊ စက်ပစ္စည်းထိန်းသိမ်းရန်အတွက် တစ်ကုဗမီတာ (၂၂၀ ဂါလန်) အတွက် ၈၅ ကျပ်သာ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

## အခြေခံပညာကျောင်းများ၌ စားသုံးသူရေးရာ ကျန်းမာရေးအသိပညာပေး

**နတ်မောက် ဇူလိုင် ၁၃**

မကွေးခရိုင် နတ်မောက်မြို့နယ် စိုင်ကောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် နဘူးတွဲကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းများ၌ စားသုံးသူရေးရာကျန်းမာရေးအသိပညာပေး ဟောပြောပွဲများကို ဇူလိုင် ၁၀ ရက်က ကျင်းပရာ ဟောပြောပွဲတွင် စားသုံးသူများရရှိထားသော အခွင့်အရေးများ၊ တာဝန်များ၊ စုပေါင်းကာကွယ်မှ အောင်မြင်မည့် ကြာရှည်ခံထိန်းဆေး၊ ဓာတုဆိုးဆေးများနှင့် ရောဆီများစားသုံးမှုအန္တရာယ်၊ ထုပ်ပိုးမှုလုပ်ပြီး အာဟာရမရှိသည့် ဈေးကွက်အတွင်းမှ ကလေးကြိုက်မုန့်များအကြောင်းကို အသိပညာပေးဟောပြောခဲ့ကြပြီး တက်ရောက်လာသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

## ဝါးမျှစ်များချိုးယူမှုများလာ၊ ဝါးထွက်လျော့နည်းမှု စိုးရိမ်ရ

**ဘားအံ ဇူလိုင် ၁၃**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့၌ ယခုနှစ်မိုးဦးကျကာလ ဇွန်လဝက်မှစတင်ကာ ဝါးမျှစ်အဝယ်ဒိုင်များမှ မျှစ်အရောင်းအဝယ်များရှိသဖြင့် မျှစ်ချိုးဒိုင်သွင်းသူများ များလာလျက်ရှိကြောင်း သိရသည်။

တောတောင်များတွင်ပေါက်ရောက်သော ဝါးမျှစ်များထွက်ရှိချိန်၌ မျှစ်အဝယ်ဒိုင်များ ဖွင့်လှစ်ဝယ်ယူသဖြင့် ဒေသခံများ မျှစ်ချိုးဒိုင်သွင်းရောင်းချခြင်းဖြင့် မီးဖိုချောင်စရိတ် အပိုဝင်ငွေရရှိသော်လည်း ဝါးပင်များလျော့နည်းလာခြင်းသည် စိုးရိမ်ဖွယ်ရာပင်ဖြစ်သည်။ ယခုနှစ်မိုးရွာစောခြင်းကြောင့် မျှစ်ထွက်စော၍ ပိုမိုဝယ်ယူနိုင်လျက်ရှိကြောင်း အဝယ်ဒိုင်များထံမှ သိရသည်။

လိပ်သိုမြို့တွင် ယခုနှစ် ဇူလိုင်လဝက်ထိ မျှစ်အဝယ်ဒိုင်သုံးဒိုင်ထိရှိပြီး တစ်ပင်တိုင်၊ ဝါးနွယ်၊ ဝါးပိုးမျှစ်များကို ပြုတ်၍ တစ်ပိဿာလျှင်ငွေကျပ် ၃၀၀၊ မျှစ်ချဉ်ပြုလုပ်ရန်အတွက် မျှစ်စိမ်းများ၊ တစ်ပိဿာငွေကျပ် ၂၅၀ ဖြင့် တစ်ရက်လျှင်ပိဿာချိန် ၁၅၀၀ ခန့် ဝယ်ယူရရှိကြောင်းနှင့် အဆိုပါဝယ်ယူပြီးမျှစ်များကို အပြားလိုက်ခြစ်ခြင်း၊ လှီးခြင်းများပြုလုပ်ကာ တောင်ငူမြို့နှင့်အထက်မြန်မာပြည်မြို့များသို့ မျှစ်ခြောက်၊ မျှစ်ချဉ်လုပ်ငန်းရှင်များထံသို့ ဆက်လက်တင်ပို့ရောင်းချကြကြောင်း အဝယ်ဒိုင်များထံမှ သိရသည်။

သို့ဖြစ်၍ ဝါးနုစဉ် မျှစ်အဖြစ်အရောင်းအဝယ်ကောင်းနေသဖြင့် ချိုးယူရောင်းချသူ၊ ရောင်းဝယ်သူ နှစ်ဦးနှစ်ဖက်စီးပွားရေးအဆင်ပြေစေနိုင်သော်လည်း ဝါးအထွက်နှုန်းလျော့ကျလာဖွယ်ရှိခြင်းမှာ စိုးရိမ်ရဖွယ်ဖြစ်သည်။

**မနွယ် (ပြန်/ဆက်)**

## ကျေးရွာများရှိကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်

**မူဆယ် ဇူလိုင် ၁၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်၌ မိုးရာသီတွင် ဖြစ်တတ်သော သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေး ဟောပြောခြင်းနှင့် တီဘီရောဂါ အသိပညာပေး ဟောပြောခြင်းတို့ကို ဇူလိုင်ဒုတိယပတ်က မန်နောင်ကျေးရွာ (အမကမူလွန်)နှင့် ခိုလုံကျေးရွာတို့တွင် အသိပညာပေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာ၌ မိုးရာသီတွင်ဖြစ်တတ်သော သွေး လွန်တုတ်ကွေးရောဂါ အသိပညာပေးဟောပြောခြင်း၊ ကျေးလက်နေပြည်သူများ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိရေး အသိပညာပေးဟောပြောခြင်း၊ တီဘီရောဂါ အကြောင်း ပိုမိုသိရှိလိုက်နာဆောင်ရွက်ရေး အသိပညာပေး ဟောပြောခဲ့ကြသည်။

**အယ်လ်စိုး(မူဆယ်)**



## လယ်ယာလုပ်သားရှားပါးလာမှုကြောင့် ကြဲစိုက်ပျိုးသူများလာ

**ညောင်တုန်း ဇူလိုင် ၁၃**

ရာသီဥတုပြောင်းလဲလာမှုများနှင့် လယ်ယာလုပ်သား ရှားပါးလာမှုကြောင့် ညောင်တုန်းမြို့နယ်တွင် စပါးပျိုးထောင်စိုက်ပျိုးသူ သိသိသာသာ လျော့နည်းလာပြီး လယ်ယာမြေများကို သမန်းရအောင်ညက်ညက် ထွန်ယက်ပြီး မျိုးစပါးကို ရေစိမ်အဆို့ဖောက် ကြဲပက်စိုက်ပျိုးသူ ပိုမိုများပြားလာကြောင်း သိရသည်။

“လယ်ယာလုပ်သားကတော့ တကယ့်ကိုရှားပါးလာတာပါ။ ရွာမှာက ဝင်ငွေမမှန်တော့ မြို့ကြီးတွေက စက်ရုံ၊ အလုပ်ရုံတွေဆီသွားရောက် အလုပ်လုပ်ကြသူ ပိုမိုများပြားလာတယ်။ လယ်ယာလုပ်သားရှားပါးလာတော့ ပျိုးထောင်စိုက်ပျိုးသူနည်းပါးလာပြီး ကြဲစိုက်တောင်သူ များပြားလာတာဖြစ်ပါတယ်” ဟု ညောင်တုန်းမြို့နယ် နတ်ပေးကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

ကျေးလက်ဒေသများတွင် မိသားစုများသော တောင်သူလယ်သမားများ၊ ဆွေမျိုးမိတ်ဆွေပေါများသော တောင်သူလယ်သမားများ၊ ပင်တိုင်ယာလုပ်သားရှိသော တောင်သူလယ်သမားများသာ စပါးစိုက်ပျိုးရာတွင် သိပ္ပံနည်းကျပျိုးပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း၊ ရိုးရိုး ပျိုးထောင်စိုက်ပျိုးခြင်းများကို ဆောင်ရွက်နိုင်ကြပြီး အများစုသည် ကြဲပက်စိုက်ပျိုးကြရကြောင်း သိရသည်။

ကြဲပက်စိုက်ပျိုးသော တောင်သူလယ်သမားများအနေဖြင့်လည်း ကြဲပက်စိုက်ပျိုးရာတွင် ကြိုတင်၍သဘာဝမြေဩဇာများချခြင်း၊ လယ်မြေများကို စနစ်တကျ သမန်းရအောင်ထွန်ယက်ခြင်း၊ မျိုးသန့်စပါးကို ရေစိမ် အဆို့ဖောက်ကာ ညီညီညာညာကြဲပက်ခြင်း၊ အပင်ဖြစ်လာချိန်တွင် လိုအပ်သော ပေါင်းသတ်ဆေးအမျိုးအစားကို စနစ်တကျအသုံးပြုခြင်း၊ စပါးပင်အားဆေးနှင့် ဓာတ်မြေဩဇာများကို စနစ်တကျအသုံးပြုခြင်း သမန်းနှိုးခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်မှုများကြောင့် အထွက်နှုန်းလျော့နည်း ခြင်းမရှိဘဲ အထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။ **နေလင်း(ညောင်တုန်း)**

## ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းရေးနေ့ လွိုင်ကော်၌ ကျင်းပ

**လွိုင်ကော် ဇူလိုင် ၁၃**

ကယားပြည်နယ်၌ လွိုင်ကော်မြို့ပေါ်နှင့် အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်း



သာယာလှပစေရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ဇူလိုင် ၁၂ ရက်က အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အခမ်းအနားကို စုပေါင်းကျင်းပခဲ့ကြသည်။

သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် လူဦးရေ ၇၁၀ တို့က အရိပ်ရအပင်များဖြစ်ကြသည့် ကျွန်းပင် ၃၀၊ ကံ့ကော်ပင် ၁၀ ပင်၊ ခရေပင် ၂၀၊ စိန်ပန်းပင် ၂၀၊ ကုက္ကိုပင် ၂၀ နှင့် ပန်းအလှပင် ၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ရဲနောင်(လွိုင်ကော်)**

# အခြေခံသမဝါယမအသင်းများသို့ ချေးငွေကျပ်သိန်းပေါင်း ၁၅၀၀၀ ကျော် ထုတ်ပေး

**ပန်းတနော် ဇူလိုင် ၁၃**

သမဝါယမဝန်ကြီးဌာန၏ ဆင်းရဲမှုလျှော့ချရေးအစီအစဉ်အရ အခြေခံသမဝါယမအသင်းများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Exim Bank မှ ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးလျက်ရှိရာ ပန်းတနော်မြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများမှ အသင်းသားများအတွက် စတုတ္ထအကြိမ်မြောက်ချေးငွေ ကျပ်သိန်းပေါင်း ၁၅၀၀၀ ကျော်ကို ပန်းတနော်မြို့ အနောက်ပိုင်းရပ်ကွက် ယွန်းကျောင်းပရိယတ္တိစာသင်တိုက် ယွန်းသိရီမင်္ဂလာဓမ္မာရုံ၌ ဇူလိုင် ၁၁ ရက်တွင် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ပန်းတနော်မြို့နယ်အတွင်းမှ သမဝါယမအသင်းသားများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ချေးငွေများနှင့် လယ်ယာသုံးစက်ကိရိယာများ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရန် ပံ့ပိုးချေးငွေများကို သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးပေးနေခြင်းဖြစ်သည်။ စတုတ္ထအကြိမ်မြောက် ပံ့ပိုးချေးငွေကျပ် ၁၅၄၄၆ သိန်းနှင့် လယ်ယာသုံးစက်ကိရိယာနှင့် ဆက်စပ်ပစ္စည်းများ အရစ်ကျဝယ်ယူရန်အတွက် ချေးငွေကျပ် ၇၂၇ ဒသမ ၇ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချေးငွေများပေးအပ်ပွဲတွင် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးငြိမ်းမြင့်က စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း ၁၃၇ သင်းမှ အသင်းသား ၈၄၀၄ ဦးကိုယ်စား အသင်းကိုယ်စားလှယ်တစ်ဦးကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမန်းသက်တင်က မွေးမြူရေးနှင့်အထွေထွေလုပ်ငန်း ၁၁၈ သင်းမှ အသင်းသား ၇၇၄၂ ဦးကိုယ်စား အသင်းကိုယ်စားလှယ်တစ်ဦးကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကိုတင့်က ကျပ်တစ်သိန်းမှ နှစ်သိန်းအထိ အဆင့်တိုးမြှင့်ထုတ်ချေးပေးသည့် စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း လေးသင်းမှ အသင်းသား ၁၄၃ ဦးအတွက် အသင်းကိုယ်စားလှယ်တစ်ဦးကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးသမဝါယမအသင်းစု အတွင်းရေးမှူးက လယ်ယာသုံးစက်ကိရိယာနှင့် ဆက်စပ်ပစ္စည်းဝယ်ယူထားသည့် သမဝါယမအသင်း ၅၀မှ အသင်းသား ၉၆ ဦးအတွက် အသင်းကိုယ်စားလှယ် တစ်ဦးကိုလည်းကောင်း ထောက်ပံ့ချေးငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်မောင်ဇော်မြင့်**

# ကျေးရွာတိုက်နယ်ဆေးရုံ မကြာမီဖွင့်လှစ်မည်

**မိုးညို ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ဆင်ဂေါင်းကျေးရွာအုပ်စု ရေအိုးစင်ကုန်းရွာ၌ ၁၆ ကုတင်ဆန့် တိုက်နယ်ဆေးရုံကို ရွှေပိုးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ရာ ဆောက်လုပ်ရေးလုပ်ငန်းများ ပြီးစီးနေပြီဖြစ်သဖြင့် မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

တိုက်နယ်ဆေးရုံကို မကြာမီဖွင့်လှစ်တော့မည်ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် ကျန်းမာရေးအတွက် အားကိုးအားထားပြုနိုင်တော့မည်ဖြစ်ကြောင်း၊ တာဝန်ကျ တိုက်နယ်ဆရာဝန်လည်း ရက်ပိုင်းအတွင်းရောက်ရှိလာမည်ဖြစ်ကြောင်း၊ ဆေးရုံအတွက် လိုအပ်သည့်ပစ္စည်းကိရိယာများကိုလည်း မကြာမီရရှိမည်ဖြစ်ကြောင်း၊ ဆေးရုံဖွင့်လှစ်ပါက ဒေသခံများထဲမှ အခြေခံပညာအလယ်တန်းအောင် ယောကျ်ားလေး၊ မိန်းကလေးများအား သန့်ရှင်းရေးလုပ်သား၊ အနာဆေးထည့်လုပ်သားနှင့် အစောင့်လုပ်သားများအဖြစ် ခန့်အပ်သွားမည်ဖြစ်ရာ ဒေသခံလူငယ်များအလုပ်အကိုင်များရရှိလာမည်ဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းလင်းက ပြောသည်။

ဆေးရုံပတ်ဝန်းကျင်တွင်လည်း ဈေးဆိုင်များ ဖွင့်လှစ်နေပြီဖြစ်ကာ ဆေးရုံနေရာသည် လမ်းပန်းဆက်သွယ်ရေးလည်းကောင်းမွန်သည့်အတွက် ရေအိုးစင်ကုန်းကျေးရွာသာမက အခြားပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက်ပါ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# ရေဘေးသင့်ပြည်သူများအား ဆန်နှင့်စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**မောင်တော ဇူလိုင် ၁၃**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကထီးလှကျေးရွာမှ ရေဘေးသင့်ပြည်သူများအား မောင်တောခရိုင် အမျိုးသမီးရေးရာအဖွဲ့က ဆန်နှင့် အစားအသောက် အသုံးအဆောင်ပစ္စည်းများကို ဇူလိုင် ၁၁ ရက်တွင် ကျေးရွာအရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကထီးလှကျေးရွာမှ နေအိမ်များရေနစ်မြုပ်ခဲ့သော အိမ်ထောင်စုများကို ဆန်များ၊ အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများအပြင် ရေနစ်မြုပ်ပြီး ပျက်စီးသွားသော အိမ်ထောင်စု ငါးခုအား အိမ်များပြန်လည်



ဆောက်လုပ်ပြုပြင်နိုင်ရေးအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကိုခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန္တာဝင်းက ကျေးရွာရှိ ရေနစ်မြုပ်သော အိမ်ထောင်စုများအား ပေးအပ်ခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

# ပီတောက်ရွှေဝါစိုက်ပျိုးရေးအဖွဲ့မှ သစ်ပင်များစိုက်ပျိုး

**ဘိုကလေး ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ ဓမ္မိကာရုံဒွါရကျောင်းရှေ့၌ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ မြို့ရွာ စိမ်းလန်းစိုပြည်ရေးနှင့် သီးပင်စားပင် မျိုးစိတ်သစ်များပြန့်ပွားရေးအတွက် သစ်ပင်များကို ပီတောက်ရွှေဝါစိုက်ပျိုးရေး အဖွဲ့ဝင်များက ဇူလိုင်လပထမပတ်အတွင်း စိုက်ပျိုးခဲ့သည်။

စိုက်ပျိုးပွဲတွင် ပီတောက်၊ စိန်ပန်း၊ တမာအစရှိသော အရိပ်ရသစ်ပင် ၅၀ ကျော်ခန့် စိုက်ပျိုးခဲ့ကြောင်း၊ ဇွန်လကုန်ပိုင်းကလည်း ဘိုကလေး အထက(၃)ကျောင်း ပတ်ဝန်းကျင်တွင် သစ်ပင် ၁၀၀ခန့် စိုက်ပျိုးခဲ့ကြောင်း၊ မြို့ရွာတွင် စိမ်းလန်း စိုပြည်ရေးတွင် ပီတောက်ရွှေဝါစိုက်ပျိုးရေးအဖွဲ့ကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက စတင်ဖွဲ့စည်းခဲ့ပြီး အငြိမ်းစားဆရာကြီးများ၊ ဆရာဝန်များ၊ ကုန်သည်များနှင့် စိတ်ပါဝင်စားသူလူကြီးလူငယ်များ စုပေါင်းလုပ်ဆောင်လျက်ရှိကာ သစ်ပင်စိုက်ပျိုးမှု ဝါသနာပါသူမည်သူမဆို ပါဝင်ပြီး လုပ်အားဒါနနှင့် သစ်ပင် (ပျိုးပင်၊ မျိုးစေ့)များ လှူဒါန်းနိုင်ကြောင်း သိရသည်။

**အောင်မင်း(ဘိုကလေး)**

# အလုံးလည်းလှ ရနံ့လည်းမွှေး၊ အရသာမှာထူးခြား၊ သီပေါနှင့် မိုင်းရယ်ဒေသထွက်နာနတ်သီးနှံများ

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၏ အဓိကထွက်ကုန်သီးနှံမှာ နာနတ်ဖြစ်ပြီး ယခုအခါ လှိုင်လှိုင်ပေါ်နေပြီဖြစ်သည်။ နာနတ်သီးနှံသည် မြေနီမျိုးနှင့် ရွှံ့စေးမြေကို ကြိုက်နှစ်သက်သော အပင်မျိုးဖြစ်၍ အထူးသဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အထွက်အများဆုံးဖြစ်သည်။ အထင်ရှားဆုံးနာနတ်မှာ မိုင်းရယ်နာနတ်မျိုးဖြစ်သည်။ ယင်းနာနတ်မှာ မိုင်းရယ်နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများ၌လည်းကောင်း၊ သီပေါနှင့် ဆောင်ကြသွား ကားလမ်းဘေးရှိ ကောင်းလန်း၊ နမ့်ပြင်၊ ကောက်တိုင် စသည့် ကျေးရွာများ၌လည်းကောင်း၊ သီပေါနှင့် နမ့်လန်သွားကားလမ်း လမ်းဘေးတစ်လျှောက် နောင်ကော်ကြီးဒေသမှ ကုန်းသာကျေးရွာနှင့် ဟိုနောင်း၊ မိုင်းလင်း၊ ဆီဆုံ၊ စန့်ဟန်စသည့် ကျေးရွာများ၌လည်းကောင်း နာနတ်ခြံကြီးများ တစ်မျှော်တစ်ခေါ် အကြီးအကျယ်စိုက်ပျိုးကြသည်။

စားသုံးသူများအနေဖြင့် အနှစ်ခြိုက်ဆုံးနာနတ်မှာ နမ့်ယမ်းဒေသမှထွက်ရှိသော နမ့်ယမ်း နာနတ်ဖြစ်သည်။ နမ့်ယမ်းကျေးရွာသည် သီပေါနှင့် နမ့်လန်ဒေသအကြားတွင်ရှိပြီး သီပေါမှ ၂၂ မိုင်ကွာဝေးသည်။ နမ့်ယမ်းနာနတ်ဟု အမည်နာမခေါ်တွင်သော်လည်း အမှန်တကယ်စိုက်ပျိုးထွက်ရှိရာမှာ မန်ဝင်၊ ညောင်ထောက်၊ မန့်မိုင်နှင့် ကောင်းဖူးကျေးရွာများမှ အများဆုံးဖြစ်သည်။ မြန်မာနိုင်ငံတွင် ပဲ၊ နှမ်း၊ ပြောင်း၊ ဝါသီးနှံများကို အလှည့်ကျစိုက်ပျိုးသကဲ့သို့ နမ့်ယမ်းနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများမှာလည်း နာနတ်သီးနှံကို စိုက်ပျိုးသည့်နည်းတူ နာနတ်ခြံထဲတွင် မြေပဲနှင့် နှမ်းသီးနှံများကိုပါ ထည့်သွင်းစိုက်ပျိုးကြသည်။

ချိုမြိန်သင်းပျံ့သော ရနံ့နှင့် ပြည့်စုံသည့် နာနတ်သီးကို စားသုံးရာတွင် ကောင်းမွန်ထူးကဲသော အရသာကို ခံစားရသော်ငြားလည်း အဆိုပါသီးနှံကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးရာတွင် အလွန်လက်ဝင်ပြီး အသေးစိတ်နိုင်လွန်းလှသည်။ အချို့သောနာနတ်တောင်သူများက နာနတ်သီးပေါ်တွင် ပေါက်သော အပင်ကိုချိုး၍ စိုက်ကြသည်။ ထိုသို့စိုက်ပျိုးခြင်းမှာ အသီးသီးရန် အချိန်ကြာမြင့်ပြီး စိုက်တိုင်းလည်း ရှင်သန်မှုမရှိဖြင့် ၎င်းစိုက်ပျိုးနည်းကို အသုံးမပြုတော့ဘဲ နာနတ်သီးနှင့်အတူ ဘေးမှ အညှောင့်သဖွယ် ပေါက်နေသော အတက်ငယ်လေးများကိုယူ၍ စိုက်ပျိုးကြသည်။ နာနတ်ပင်တစ်ပင်တွင် အတက်နှစ်တက်မှ လေးတက်အထိရှိတတ်ပေရာ ထိုအတက်ကလေးများကို ချိုး၍ အပင်ခွဲ(ပျိုးပင်)အဖြစ် အသစ်ပြန်စိုက်ကြရသည်။ ထိုသို့စိုက်ပျိုးသော အပင်မှ ရက်သတ္တနှစ်ပတ် ကြာသောအခါ အသီးသီးပြီး အသီးမှာလည်း ကြီးထွားဖွံ့ဖြိုးလာသည်ကိုတွေ့ရသည်။

နာနတ်သီးနှံကို စိုက်ပျိုးတော့မည်ဆိုပါက ဦးစွာပထမ ခြံမြေယာကွက်ကို မီးရှို့ရှင်းလင်း ရသည်။ ထို့နောက်တောင်ယာစပါးကို တစ်နှစ်သို့မဟုတ်နှစ်နှစ်အထိ စိုက်ပျိုးပြီးမှသာ နာနတ်ခြံအဖြစ်ပြုလုပ်ရသဖြင့် တောင်ယာစိုက်ပျိုးပြီးမှ နာနတ်ခြံပြုလုပ်ကြခြင်းဖြစ်သည်။ အချို့သောတောင်သူများအနေဖြင့် တောင်ယာစပါးမထည့်တော့ဘဲ ချက်ချင်းဆိုသလို နာနတ်ခြံပြုလုပ်ကြသည်။ ထိုသို့ပြုလုပ်ပါက စပါးသီးနှံစိုက်သကဲ့သို့ စိုက်ခင်းကို တမန်းညက်အောင် ထယ်ထိုးမွှေပြီး မီးပြန်ရှို့ရသည်။ မီးရှို့ပြီးပါက မြောင်းပေါင်ကို တည့်တည့်မတ်မတ်တူးပြီး ပျိုးပင်စိုက်ရန် တစ်ပင်နှင့်တစ်ပင် နှစ်ပေခွဲအကွာမြောင်းတူးရသည်။ ထိုသို့တူးပြီးမှ နာနတ်ပင်စိုက်ရန်အသင့်ဖြစ်သည့်စိုက်ခင်းတစ်ခုဖြစ်လာသည်။

နာနတ်မျိုးပင်များမြေမချမီ သဘာဝမြေဩဇာ(နောက်ချေး)နှင့် တွင်းအောင်းပိုးများ မဖျက်ဆီးနိုင်ရန် ပိုးသတ်ဆေးနှင့် ရောနှောကာမြေနှပ်ထားရသည်။ သို့မှသာ နောင်နှစ်အသီးသီးချိန်တွင် အသီးများကြီးထွားဖွံ့ဖြိုးလာမည်ဖြစ်သည်။ ဤသို့ ပြုစုစောင့်ရှောက်ရုံဖြင့် နာနတ်ခြံမှာ ငွေပင်ဖြစ်မလာသေးပေ။ တစ်လနှစ်ကြိမ်ခန့် ပေါင်းရှင်းပေးရသည်။ ပေါင်းမြက်ရှိပါက အသီးမသီးဘဲအထွက်နှုန်းကျဆင်းနိုင်သည်။

ယခုအချိန်တွင် နာနတ်တောင်သူများသည် နံနက်နေထွက်မှ နေဝင်ချိန်အထိ ခြံထဲတွင် တကုပ်ကုပ်နှင့် ပေါင်းရှင်းမြေတောင်မြှောက်ခြင်းတို့အပြင် လိုအပ်ပါက ပိုးသတ်ဆေးဖြန်းလုပ်ငန်းကိုလည်း ဆောင်ရွက်ရသေးသည်။ ခြံတောင်သူတို့ ဝမ်းမြောက်ရွှင်လန်းရသည့် အချိန်ကာလမှာ ဇွန်၊ ဇူလိုင်လများဖြစ်ပြီး အသီးများလှိုင်စပြုလာပြီဖြစ်သဖြင့် တစ်နှစ်ပတ်လုံး ပင်ပန်းသမျှ စိတ်အေးနိုင်တော့သည်။ နာနတ်သီးဈေးနှုန်းမှာ အလုံး ၁၀၀ လျှင် ငွေကျပ် ၄၅၀၀၀ မှ ၅၀၀၀၀ အထိရှိသည်။

နာနတ်သီးကို အကြီး၊ အလတ်၊ အသေးသုံးမျိုးခွဲပြီး ထားရှိသည်။ ဒေသ၏ထူးခြားချက်မှာ နာနတ်သီးကို အလုံးလှ၍ ကြီး၍ဟုဆိုပြီး အလုံးကိုကြည့်မရောင်းဘဲ လုံးပတ်ကိုအထွာနှင့်ထွာ၍ နှစ်ထွာကျော်လျှင် တစ်ဈေး၊ နှစ်ထွာအောက်ငယ်သော အလုံးကို တစ်ဈေးထားကာ ရောင်းချကြသည်။ ယခုကဲ့သို့ နာနတ်ပေါ်ချိန်တွင် ကုန်သည်ပွဲစားများ အလုပ်များချိန်ဖြစ်ပေရာ ကျေးရွာရှိ နာနတ်ခြံများသို့အရောက် ကိုယ်တိုင်သွားဝယ်သည့် သူများရှိသလို မြို့ပေါ်ရောက်မှ စောင့်ဝယ်သော ကုန်သည်များလည်းရှိသည်။ ရန်ကုန်၊ မန္တလေး၊ ပြည်မဒေသမှ ကုန်သည်ကြီးများကလည်း နာနတ်သီးမဆွတ်ခူးခင် ခြံအလိုက်ဝယ်ယူသူများရှိသကဲ့သို့ အချို့ခြံရှင်များမှာ ရန်ကုန်၊ မန္တလေးမြို့များသို့ ကားဖြင့် တိုက်ရိုက်တင်ပို့သည်များလည်းရှိသည်။

နာနတ်သီးတွင် ဗီတာမင်စီဓာတ်သည် မြောက်များစွာပါဝင်နေရာ သွားဖုံးနှင့် အရိုးများ ခိုင်မာစေခြင်း၊ အသားအရေစိုပြည်စေခြင်းစသည့် အကျိုးကျေးဇူးကိုရရှိစေသည်။ ထို့အပြင် နာနတ်သီးတွင် ကိုယ်ခန္ဓာကြီးထွားသန်မာစေသော ဆိုင်ယာမင်(ဓါတ်)ဘီ (၁) ဓာတ်လည်းများစွာ ပါဝင်ပေသည်။ ၎င်းဓာတ်ချို့ယွင်းပါက စိတ်ညစ်၊ စိတ်တိုတတ်ခြင်း၊ ကြွက်အားပိုခြင်း၊ ခံတွင်းပျက်၊ ခေါင်းကိုက်ခြင်း၊ ရင်ပြည့်၊ ရင်ကယ်ဖြစ်ခြင်းစသည့် ရောဂါဝေဒနာများ ခံစားရခြင်းကြောင့် နာနတ်သီးကို စားသုံးခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပေသည်။

သင်းပျံ့မွှေးကြိုင်ပြီး လူအများနှစ်ခြိုက်စွာစားသုံးလျက်ရှိသည့်အပြင် အဟာရဓာတ်များနှင့်လည်း ပြည့်စုံကြွယ်ဝသော နာနတ်သီးများကို တစ်နှစ်ထက်တစ်နှစ် နာနတ်တောင်သူများက တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

**စိုင်းသာလှိုင်(လိမ္မော်မြေ)**



# စပိန်လူငယ်ကြယ်ပွင့်သစ် တိုက်စစ်မှူး မာယိုးလ်



ယူအီးအက်ဖ်အေ ယူ-၁၉ ပွဲစဉ်တွေကို ဇူလိုင် ၆ ရက်မှ ၁၉ ရက်အထိ ဂရိနိုင်ငံမြို့ကြီး သုံးမြို့မှာ ပြိုင်ပွဲဝင်အသင်းရှစ်သင်းက အုပ်စုပွဲစဉ်တွေအဖြစ် ယှဉ်ပြိုင်ကစားနေကြပြီဖြစ်ပါတယ်။ အုပ်စုပွဲစဉ် နှစ်ပွဲစီကစားပြီးတဲ့ အချိန်အထိ ဂိုးအများဆုံးသွင်းယူထားတဲ့ လူငယ်တိုက်စစ်မှူးကတော့ စပိန်ယူ-၁၉ အသင်းက မာယိုးလ်မိုရာဖြစ်ပြီး ဥရောပထိပ်တန်းကလပ်တွေက အပြိုင်အဆိုင်ခေါ်ယူဖို့ အားထုတ်နေကြပြီဖြစ်ပါတယ်။

စပိန်နိုင်ငံ မက်ဒရစ်မြို့မှာ ၁၉၉၇ ခုနှစ် ဧပြီ ၅ ရက်က မွေးဖွားခဲ့တဲ့ မာယိုးလ်မိုရာဟာ အသက် ၁၈ နှစ်ကျော်သာရှိသေးပေမယ့် ခြေစွမ်းထက်မြက်သူဖြစ်ပြီး ပြိုင်ဘက်အသင်းခံစစ်ကြောင်းကို ဖြတ်ကျော်ဂိုးသွင်းတဲ့အခါ ထူးချွန်သူတစ်ဦးလည်း ဖြစ်ပါတယ်။ လျင်မြန်မှု၊ ဘောလုံးအထိန်းအသိမ်းကောင်းမွန်မှုနဲ့ အဆုံးသတ်ဂိုးသွင်းမှုတွေမှာလည်း သေချာတဲ့သူတစ်ဦးဖြစ်ပါတယ်။

ဂရိနိုင်ငံမှာ လောလောဆယ်ကျင်းပနေတဲ့ ယူအီးအက်ဖ်အေ ယူ-၁၉ ပြိုင်ပွဲမှာတော့ မာယိုးလ်မိုရာဟာ စပိန်အသင်းအတွက် နှစ်ဂိုးသွင်းပြီး နှစ်ပွဲကစားပြီးချိန်မှာ ဂိုးအများဆုံး သွင်းယူသူအဖြစ် ထိပ်ဆုံးမှာရပ်တည်နေပါတယ်။ မာယိုးလ်မိုရာဟာ အုပ်စု(B)မှာ ပါဝင်တဲ့ စပိန်အသင်းအတွက် ဇူလိုင် ၇ ရက်က ကစားခဲ့တဲ့ ဂျာမနီကို သုံးဂိုးပြတ်နဲ့ နိုင်တဲ့ပွဲမှာ ပယ်နယ်တီတစ်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီး ဇူလိုင် ၁၀ ရက်မှာ ကစားတဲ့ ရုရှားနဲ့ပွဲမှာလည်း ပွဲချိန် ၁၃ မိနစ်မှာ တစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။

စပိန်အသင်းဟာ ယူအီးအက်ဖ်အေ ယူ-၁၉ ပြိုင်ပွဲမှာ အကြိုဗိုလ်လုပွဲနဲ့ နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့ရင်တော့ ဂိုးတွေဆက်လက်သွင်းယူဖို့ အခွင့်အရေးတွေရရှိဦးမှာ ဖြစ်ပါတယ်။ မာယိုးလ်မိုရာဟာ ယူအီးအက်ဖ်အေ ယူ-၁၉ ပြိုင်ပွဲမှာ ကစားဖော်တွေကို ဂိုးသွင်းခွင့် ဖန်တီးမှုခြောက်ကြိမ်ပြုလုပ်ပေးနိုင်သလို ကိုယ်တိုင်လည်း ဂိုးသွင်းနိုင်ရေးအားထုတ်နိုင်သူ တိုက်စစ်မှူး လည်း ဖြစ်ပါတယ်။

အရပ် ၅ ပေ၊ ၁၁ လက်မရှိတဲ့ မာယိုးလ်မိုရာဟာ ရီးရဲမက်ဒရစ်ဘီကလပ်မှာ ကစားနေပြီး ၂၀၁၅ ခုနှစ်အတွက် ငါးပွဲကစားပြီး နှစ်ဂိုးသွင်းယူထားပါတယ်။ ၂၀၁၄ ခုနှစ်မှာတော့ ရီးရဲမက်ဒရစ် ဂျူဗီနယ်အေသင်းမှာ ၂၈ ပွဲကစားခဲ့ပြီး ၃၅ ဂိုး သွင်းယူပေးနိုင်တာမို့ အခုဆိုရင် ရီးရဲမက်ဒရစ်အသင်းကြီးမှာ ပါဝင်ကစားဖို့ ရွေးချယ်ထားပြီဖြစ်ပါတယ်။

မာယိုးလ်ဟာ စပိန်ယူ-၁၇ အသင်းမှာ နှစ်ပွဲကစားပေးခဲ့ပြီး တစ်ဂိုးသွင်းယူခဲ့သလို စပိန် ယူ-၁၉ အသင်းမှာ အခုအချိန်အထိ စုစုပေါင်း ရှစ်ပွဲကစားခဲ့ရာမှာ ခြောက်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ လောလောဆယ်မှာ ယူအီးအက်ဖ်အေ ယူ-၁၉ ပြိုင်ပွဲမှာ ခြေစွမ်းပြနေပြီး ဂိုးအများဆုံးသွင်းယူနိုင်ရေး ကြိုးစားနေတာမို့ ဥရောပထိပ်တန်းကလပ်တွေဖြစ်တဲ့ ဘိုင်ယန်မြူးနစ်၊ ဂျူဗင်တပ်စ်၊ ချယ်လ်ဆီးနဲ့ မန်စီးတီးတို့က စောင့်ကြည့်နေပါတယ်။

၂၀၁၄-၂၀၁၅ ဘောလုံးရာသီအတွင်းမှာ ပြိုင်ပွဲစုံ ၄၄ ပွဲကစားခဲ့ပြီး ဂိုးပေါင်း ၅၀ အထိ သွင်းယူနိုင်ခဲ့တဲ့ မာယိုးလ်ဟာ ရီးရဲမက်ဒရစ်အသင်းအတွက်ရော စပိန်အသင်းအတွက်ပါ တောက်ပလာမယ့် ကြယ်တစ်ပွင့်အဖြစ် ရောက်ရှိလာမယ်လို့ သုံးသပ်နေကြပါတယ်။

၂၀၀၄ ခုနှစ်ကတည်းက ဘောလုံးစတင်ကစားခဲ့ပြီး ၂၀၀၇ ခုနှစ်မှာတော့ ရီးရဲမက်ဒရစ်အကယ်ဒမီကို ရောက်ရှိခဲ့တဲ့ မာယိုးလ်ဟာ ယူ-၁၁၊ ယူ-၁၇ အသင်းတွေမှာ ခြေစွမ်းပြနိုင်ခဲ့လို့ အချိန်တိုအတွင်းမှာ ရီးရဲမက်ဒရစ်အသင်းကြီးမှာ ပါဝင်ကစားဖို့ ရွေးချယ်ထားခြင်းခံထားရတာ ဖြစ်ပါတယ်။

ဂိုးသွင်းရာမှာ ထူးချွန်ထက်မြက်တဲ့ မာယိုးလ်ကို ရီးရဲမက်ဒရစ်အတွက် စီရော်နယ်ဒိုလက်သစ်လို့ သတ်မှတ်နေကြပြီး သူရဲ့ စွမ်းဆောင်မှုကို အားလုံးက စောင့်ကြည့်နေကြပြီဖြစ်ပါတယ်။ မန်စီးတီးနဲ့ ဘိုင်ယန်မြူးနစ်တို့က ခေါ်ယူဖို့ စိတ်ဝင်စားနေပေမယ့် ရီးရဲမက်ဒရစ်က ရောင်းချမှာမဟုတ်တာကြောင့် မာယိုးလ်ဟာ ကမ္ဘာ့ဘောလုံးလောကမှာ ထင်ရှားလာမယ့် တိုက်စစ်မှူးအဖြစ် ရောက်ရှိလာမလားဆိုတာတော့ အချိန်ကာလတစ်ခု စောင့်ကြည့်ရမှာဖြစ်ပါတယ်။

**မိုးမြင့်လင်းလက်**

# အိုင့်ဟိုဗင် ကွင်းလယ်ကစားသမား နယူးကာဆယ်ခေါ်ယူ

နယူးကာဆယ်က PSV အိုင့်ဟိုဗင် ကွင်းလယ်ကစားသမား ဂျော်ဂျီနီယိုဝီနယ်ဒွန်းကို ပေါင် ၁၄ ဒသမ ၅ သန်းနဲ့ ခေါ်ယူစာချုပ်လိုက်ပါပြီ။ နယ်သာလန်ကစားသမား ဝီနယ်ဒွန်းဟာ နည်းပြသစ် မက္ကလာရင် လက်ထက်မှာ ပထမဆုံး စာချုပ်တဲ့ ကစားသမားဖြစ်လာပါတယ်။ နယူးကာဆယ်အသင်းပိုင်ရှင် မိုက်အက်ရှ်လေ လက်ထက် ရှစ်နှစ်တာအတွင်းမှာတော့ ပြောင်းရွှေ့ကြေး အများဆုံးနဲ့ ခေါ်ယူ



ခဲ့တဲ့ကစားသမားလို့ ဆိုပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိ ဝီနယ်ဒွန်းဟာ အိုင့်ဟိုဗင်အသင်းမှာ ခြေစွမ်းပြကစားနေတဲ့ ကွင်းလယ်ကစားသမားဖြစ်ပါတယ်။ သူဟာ ရော့တာဒမ်မြို့သား ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်က PSV အိုင့်ဟိုဗင်အသင်းသို့ ရောက်လာပြီး ငါးနှစ်သက်တမ်းစာချုပ်ထားပါတယ်။ သူဟာ နယ်သာလန်အသင်းမှာလည်း ၁၃ ကြိမ် ပါဝင်ကစားခဲ့ပြီး ၂၀၁၄ ကမ္ဘာ့ဖလားမှာ နယ်သာလန်က ဘရာဇီးကို သုံးဂိုးပြတ်နဲ့ အနိုင်ခဲ့ရာမှာ တတိယအနိုင်ဂိုး သွင်းယူပေးခဲ့သူဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နယူးကာဆယ်ကစားသမားဖြစ်ရတာ ဂုဏ်ယူပါတယ်လို့ ဝီနယ်ဒွန်းက ဆိုပါတယ်။ ဝီနယ်ဒွန်းဟာ နယူးကာဆယ်အသင်း အမေရိကန်သို့ သွားရောက်ကစားမယ့် ရာသီအကြို ပြိုင်ပွဲသုံးပွဲမှာ ပါဝင်ကစားမှာဖြစ်ပါတယ်။ ဒီစာချုပ်က အသင်းအတွက် ချုပ်သင့်တဲ့စာချုပ်ပါလို့ နည်းပြ မက္ကလာရင်က ဆိုပါတယ်။ အသင်းက ငွေပုံအောပေးရသလို သူကလည်း အလွန်ကောင်းတဲ့ ကစားသမားပါလို့ မက္ကလာရင်က ဆိုပါတယ်။

# မန်စီးတီးကို မပြောင်းဘူးလို့ဆိုတဲ့ ဖာဘီယန်ဒက်

အက်စတွန်ဗီလာအသင်းခေါင်းဆောင် ဖာဘီယန်ဒက်က သူ့အနေနဲ့ မန်စီးတီးကို ပြောင်းမှာမဟုတ်ဘူးလို့ ပြောဆိုလိုက်ပါတယ်။ မန်စီးတီးက ခေါ်ယူမယ်လို့ သတင်းတွေထွက်ပေါ်လာပြီးတဲ့နောက် သူကပြောဆိုလိုက်တာပါ။

ကျွန်တော့်အနေနဲ့ အက်စ်တွန်ဗီလာက ထွက်ခွာမှာမဟုတ်ပါဘူး။ အသင်းရဲ့အဓိက ကစားသမားဖြစ်နေတဲ့အတွက် အသင်းပြောင်းဖို့အစီအစဉ် မရှိပါဘူး။ ဇန်နဝါရီလအတွင်းက လေးနှစ်ခွဲစာချုပ်လိုက်တာဟာ ယင်းအသင်းမှာ ကြာကြာကစားပေးနိုင်ဖို့ပါလို့ အသက် ၂၅ နှစ်ရွယ် ကွင်းလယ်ကစားသမား ဖာဘီယန်ဒက်က ဆိုပါတယ်။ ကျွန်တော် အက်စ်တွန်ဗီလာအသင်းမှာပဲ ဆက်ရှိနေမှာပါ လာမယ့် ပရီမီယာလိဂ်မှာ အသင်းနဲ့ပွဲထွက်ကစားဖို့ စောင့်မနေနိုင်တော့ပါဘူးလို့ သူကဆိုပါတယ်။ ၂၀၀၉ ခုနှစ်က လိဒ်ယူနိုက်တက်မှ ပြောင်းလာတဲ့ ဖာဘီယန်ဒက်နဲ့ပတ်သက်ပြီး မန်စီးတီးသို့ပြောင်းလိမ့်မယ်လို့ သတင်းတွေကျယ်ကျယ်လောင်လောင်ထွက်ပေါ်ခဲ့ပြီးနောက် သူက အသင်းမပြောင်းလိုတဲ့အကြောင်း ပြောဆို လိုက်တာဖြစ်ပါတယ်။



# ကာဆီးလက် ပေါ်တိုရောက်ပြီ

ရီးရဲမက်ဒရစ် ဝါရင့်ဂိုးသမား ကာဆီးလက်ကို ပေါ်တိုအသင်းက ခေါ်ယူဖို့ သဘောတူလိုက်ပြီဖြစ်ပါတယ်။ အသက် ၃၄ နှစ်အရွယ်ရှိ ကာဆီးလက်ဟာ ရီးရဲမက်ဒရစ်နဲ့အတူ နှစ်ပေါင်း ၂၅ နှစ်ကြာအောင် ကစားခဲ့သူပါ။ ရီးရဲမက်ဒရစ်နဲ့အတူ ချန်ပီယံလိဂ်ဖလား သုံးကြိမ်၊ လာလီဂါဖလားငါးကြိမ် ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်ပါတယ်။ သို့ပေမယ့် ရီးရဲမက်ဒရစ်နဲ့ လက်ရှိစာချုပ် တစ်နှစ်ကျန်နေသေးသော်လည်း ပေါ်တိုအသင်းကိုပြောင်းဖို့ သဘောတူလိုက်ပါတယ်။ သူဟာ စပိန်အသင်းမှာ ၁၆၂ ပွဲ ပါဝင်ကစားပေးနိုင်ခဲ့ပြီး စပိန်အသင်းနဲ့ ဥရောပချန်ပီယံရှစ်ဖလား နှစ်ကြိမ်နဲ့ ကမ္ဘာ့ဖလားတစ်ကြိမ် ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ အသက် ၂၄ နှစ်အရွယ် မန်ယူဂိုးသမား ဒီဂီယာဟာ ကာဆီးလက်နေရာမှာ အစားဖိုးနိုင်ဖို့ ဆက်သွယ်ထားပြီလို့ ဆိုပါတယ်။ ကာဆီးလက်ဟာ ၁၉၉၀ ပြည့်နှစ်က ရီးရဲမက်ဒရစ် လူငယ်ဘောလုံးသင်တန်းကျောင်းမှ ပြောင်းရွှေ့လာတာဖြစ်ပါတယ်။ သူဟာ ၁၉၉၉ ခုနှစ်မှာ ရီးရဲမက်ဒရစ်အသင်းနဲ့ ပထမဆုံး ပွဲထွက်ကစားခွင့်ရခဲ့ရပါတယ်။ အန်ဆယ်လော့တီလက်ထက်မှာတော့ ပုံမှန်ပွဲထွက်ကစားခွင့်များ ဆုံးရှုံးခဲ့ရပါတယ်။

ကာဆီးလက်ဟာ မော်ရင်ဟိုလက်ထက်မှာလည်း ပုံမှန်ကစားခွင့်တွေ ဆုံးရှုံးခဲ့ပါတယ်။ အဲဒီတုန်းက ဒီဂိုလိုပက်ဇ်ကို မော်ရင်ဟိုက ဦးစားပေးခဲ့တဲ့အတွက် ကာဆီးလက်ရဲ့ ပုံမှန်ကစားခွင့် ဆုံးရှုံးခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရာသီမှာ ပုံမှန်ကစားခွင့် ပြန်လည်ရရှိလာပေမယ့် ဒီဂီယာက ဆက်သွယ်လာတဲ့အတွက် ကာဆီးလက် ပေါ်တိုကို ပြောင်းခဲ့ရပါတယ်။



**ကောင်းမြတ်သူ - စုစည်းသည်။**

# တန့်ယန်းမြို့နယ်တွင် မဲဆန္ဒရှင် ပညာပေးသင်တန်းဖွင့်

**တန့်ယန်း ဇူလိုင် ၁၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူး၍ မဲဆန္ဒရှင်ပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၁ ရက်က မြို့နယ်ခန်းမ၌ ကျင်းပသည်။



အဆိုပါ သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ ဥက္ကဋ္ဌဦးစံအေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

သင်တန်းကို ဆက်လက်ပို့ချခဲ့ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်ခိုင်ဦးနှင့် တာဝန်ရှိသူတို့က ရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒရှင်များ သိရှိလိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို ရှင်းလင်းဆွေးနွေးပို့ချကြသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၁၁ ရက်နှင့် ၁၂ ရက်အထိ နှစ်ရက် ကြာဖွင့်လှစ်မည်ဖြစ်ပြီး ရပ်ကွက် နှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင် ပေါင်း ၃၀၀ တက်ရောက်ကြကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

# ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**ဘားအံ ဇူလိုင် ၁၃**

ကရင်ပြည်နယ် ဘားအံမြို့ သုမေဓာရာမ ကြားတောရခန်းမ၌ ကျင်းပသော ပြည်နယ်လုံးဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများအား ဦးတည်လျက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး အမြင်ဖွင့်သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင်လ ၉ ရက်က ကျင်းပသည်။

ကရင်ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ဝင်းမောင်က ပြည်နယ်အတွင်းရှိ CSOs များအနေဖြင့် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းဖြင့် လွတ်လပ်ပြီး တရားမျှတသော ၂၀၁၅ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက CSOs များကို ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များ၊ အခြေခံအမြင်ရှုထောင့်များ၊ ဘက်မလိုက်ဘဲ ကြားနေမှုသိသာထင်ရှားစေရန် ပါတီစွဲ၊ ပါတီဘက်လိုက်ခြင်းကင်းသည့် အပြုအမူများကို ကျင့်သုံးလုပ်ဆောင်ကြရန်နှင့် လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဒေါ်နီနီလွင်က UNDP၏ မူဝါဒပိုင်းနှင့် လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ IRL မှ ပညာရှင် Mis .Johonna Kao က ရွေးကောက်ပွဲဆိုင်ရာ အသိပညာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# မတ္တရာမြို့နယ် နွေစပါးစံပြကွက်များ ကွင်းဆင်းစစ်ဆေး

**မတ္တရာ ဇူလိုင် ၁၃**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်အောင်တို့ ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက မတ္တရာမြို့နယ် ကြားရွာကျေးရွာအုပ်စု ကွင်းအမှတ် (၂၁၄) ရှိ နွေစပါးပုလဲသွယ် ဧက ၁၀၀ စံပြကွက် အောင်မြင်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။**(အောက်ပုံ)**

ထို့နောက် လက်ကောင်းကြီးကျေးရွာအုပ်စု ကွင်းအမှတ်( ၂၂၅) ၌ စိုက်ပျိုးပြသထားသော နွေစပါးပုလဲသွယ်ဧက ၁၀၀ စံပြကွက်မှ တောင်သူ ဦးဟန်ကြီး၏ ပုလဲသွယ် ၂ ဧက စံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်ကြသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မတ္တရာမြို့နယ် အုပ်ချုပ်ရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတောင်သူလယ်သမားများ တက်ရောက်ခဲ့ကြပြီး တစ်ဧကအထွက်နှုန်း ၁၇၁ ဒသမ ၄၇ တင်းထွက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



## စာရေးဆရာအသင်းတွေ့ဆုံပွဲနှင့် ထူးချွန်ဂုဏ်ပြုပွဲကျင်းပ

**ရမည်းသင်း ဇူလိုင် ၁၃**

မန္တလေးတိုင်း ဒေသကြီး ရမည်းသင်းမြို့ မြို့နယ်စာရေးဆရာအသင်း ပုံမှန်လပတ် တွေ့ဆုံပွဲနှင့် ထူးချွန်စာရေးဆရာအသင်းဝင်များ ဂုဏ်ပြုခြင်း၊ မြန်မာနိုင်ငံစာရေးဆရာ အသင်းဝင်ကတ်ပေးအပ်ခြင်းကို ဇူလိုင် ၁၁ ရက် က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ၂၀၁၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော ဦးလှိုင်သန်းတင့် (ဦးလှိုင်-ရမည်းသင်း)နှင့် စာရေးသားမှု အများဆုံးဆု ဦးအောင်ဝင်း (အေးချမ်းမောင်-ရမည်းသင်း) တို့ကို ဆုများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**



## မုဒိတာအိမ်ရာအနီး ဗဟိုလမ်းပျက်စီးမှုများနေ၍ ယာဉ်သွားလာရေး အခက်အခဲဖြစ်

**ရန်ကုန် ဇူလိုင် ၁၃**

မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက်အတွင်းရှိ မုဒိတာအိမ်ရာဝင်းအနီးရှိ ဗဟိုလမ်း (ပေါ်တော်မူဘုရားနှင့် ဦးဘဟန်လမ်းသွယ်တို့အကြား ဝန်းကျင်ပေါ်တွင် လမ်းသားများ) ပျက်စီးနေပြီး ချိုင့်ကြီးချိုင့်ငယ်များ လမ်းဖြတ် ရေမြောင်းဝန်းကျင်တွင်ဖြစ်နေရာ ယာဉ်များ ချိုင့်များကို သတိထားဖြတ်ကျော်နေရကြောင်း အငှားယာဉ်မောင်းများက ဆိုသည်။

"မိုးရွာတဲ့နေ့မှာ လမ်းသွားလမ်းလာတွေ ရေထဲက သွားနေရတယ်။ ဘတ်စ်ကားယာဉ်လိုင်းဖြတ်သန်းတဲ့ ဗဟိုလမ်းသစ်မှာလည်း လမ်းသစ်ခင်းထားပေမယ့် ဗဟိုလမ်းဟောင်းလူနေရပ်ကွက်အတွင်း ဖြတ်သန်းတဲ့ လမ်းမှာ ဆိုးဆိုးရွားရွားပျက်စီးနေတာ ကြုံတွေ့နေရပါတယ်" ဟု မုဒိတာအိမ်ရာဝင်းအတွင်းရှိ အလုပ်လာရောက်ဆင်းနေသူက ပြောသည်။

(၂) ရပ်ကွက် လမ်းသွယ်အများအပြားတွင် ကွန်ကရစ်ခင်းခြင်းများ မြင်တွေ့ရသော်လည်း ယင်းရပ်ကွက်အတွင်း အဓိကယာဉ်များ သွားလာမှုများသော ဗဟိုလမ်းဟောင်း၏ ဦးဘဟန်လမ်းသွယ်ထိပ် ဝန်းကျင်တွင် ဆိုးရွားစွာ ပျက်စီးနေခြင်းကို ပြုပြင်ပေးစေလိုသည်ဟု ယင်းလမ်းပေါ် ဖြတ်သန်းသွားလာနေသည့် ခြေကျင်ခရီးသွားသူများ၊ အိမ်စီးယာဉ်၊ ကျောင်းကြိုပို့ယာဉ်နှင့် အငှားယာဉ်မောင်းသူများက ပြောသည်။

**ခင်ဆိုင်**

# ကောလင်းမြို့နယ်တွင် တရားမဝင်ကျွန်းခွဲသားများ ဖမ်းဆီးရမိ

**ကောလင်း ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် သော်ကြိုးဝိုင်း အကွက် အမှတ်(၁၀)တွင် တရားမဝင် ကျွန်းခွဲသားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၃ ရက်က ကောလင်းမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် သန်းအောင်နှင့်အဖွဲ့သည် သစ်ကားတစ်စီး တိမ်းမှောက်နေကြောင်းသတင်းအရ သက်သေများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကောလင်းမြို့နယ် သော်ကြိုးဝိုင်း အကွက်အမှတ် (၁၀) ရွှေဘို-မြစ်ကြီးနား ကားလမ်းမိုင်တိုင်အမှတ် (၈၃/၃) အနီးတွင် ကားပေါ်၌ ထင်းစည်းများဖြင့် ဖုံးအုပ်ထားသော တရားမဝင် ကျွန်းခွဲသားဆိုက်စုံ ၂၀၄ ချောင်း ၁ ဒသမ ၇၄၅၂ တန် တင်ဆောင်ထားသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် သက်သေများစစ်ဆေးခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်းနှင့် ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်ထားကြောင်း သိရသည်။

အလားတူ ဇူလိုင် ၁၀ ရက်က ကောလင်းမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ကျော်ကျော်ဆင့်နှင့်အဖွဲ့သည် ကောလင်းမြို့မရဲစခန်းမှ ရဲအုပ်စန်းယုအဖွဲ့နှင့်ပူးပေါင်းပြီး သက်သေများနှင့်အတူ သစ်မှောင်ခိုသတင်းအရ ကောလင်းမြို့နယ် အင်ပင်သာရွာမြောက်ဘက် သုံးဖာလုံခန့်အကွာတောထဲတွင် ယာဉ်မောင်း ဝင်းလွင်(ခ)ဖိုးထူး မောင်းနှင်လာသောလိုက်ထရစ်ကားတစ်စီးအား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်၌ တရားမဝင် တမလန်းခွဲရွှေတုံးရှစ်တုံး ၁ ဒသမ ၂၀၃၀ တန် ရှာဖွေစစ်ဆေးတွေ့ရှိရ၍ သက်သေများ စစ်ဆေးခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်းနှင့် ဝင်းလွင်(ခ) ဖိုးထူးကို အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

# ပုဗ္ဗသီရိမြို့နယ်တွင် ဆိုင်ကယ်ခိုးသူများအား ရက်ပိုင်းအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၃**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် ရဲစခန်းအပိုင်တွင်ဖြစ်ပွားခဲ့သော ဆိုင်ကယ်ခိုးမှုကို သက်သေခံ ဆိုင်ကယ်နှင့်အတူ ရက်ပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုဗ္ဗသီရိမြို့နယ် တပင်ရွှေထီးရပ်ကွက်တွင်နေထိုင်သူ ဦးရဲလင်းအောင်သည် ဇူလိုင် ၂ ရက်က ၎င်း၏နေအိမ်ခြံဝင်း၌ ဇက်သော့ခတ်ထားသော ဆိုင်ကယ်(မီးခိုးရောင်) မှာ ပျောက်ဆုံးသွားသဖြင့် စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် ကျည်တောင်ကန် နယ်မြေရဲစခန်းသို့ တိုင်တန်းခဲ့ရာ ပြစ်မှုကျူးလွန်သူနှင့်ပျောက်ဆုံးသွားသော ဆိုင်ကယ်ကို ပြန်လည်ရရှိရေးအတွက် သတင်းပေးပြည်သူများနှင့်ချိတ်ဆက်၍ စုံစမ်းရှာဖွေမှုများပြုလုပ်ခဲ့ရာ ဇူလိုင် ၄ ရက် ည ၁၀နာရီတွင် ကျည်တောင်ကန် အမှတ်(၄) ရပ်ကွက်နေ ဆိုင်ကယ်ဝယ်/ရောင်း လုပ်ကိုင်သူ ကိုမင်းကျော်ထံ လူငယ်နှစ်ဦးက ဆိုင်ကယ်တစ်စီးလာရောက် ရောင်းချနေကြောင်း သတင်းရရှိသဖြင့် အဆိုပါ လူငယ်နှစ်ဦးကို ခေါ်ယူစစ်ဆေးခဲ့ရာ ထွန်းထွန်းဝင်း(၃၉နှစ်) ကျည်တောင်ကန်အမှတ်(၅)ရပ်ကွက်နှင့် တင်ကိုဝင်း (၁၈နှစ်) ကျည်တောင်ကန်အမှတ်(၃)ရပ်ကွက်နေသူများဖြစ်ပြီး လာရောက်ရောင်းချသည့်ဆိုင်ကယ်မှာ ဦးရဲလင်းအောင်ပျောက်ဆုံးသော ဆိုင်ကယ်ဖြစ်သည့်အပြင် ၎င်းတို့နှင့်အတူ မျိုးလှိုင်ဝင်းလည်း ပါဝင်ကြောင်း သိရသည်။

နယ်ထိန်းအရာရှိ ဒုရဲအုပ်စိုးမင်းက မျိုးလှိုင်ဝင်းအား ယင်းနေ့ မွန်းလွဲ ၂နာရီတွင် နဝဒေးရပ်ကွက် စစ်သည်အိမ်ရာဆောက်လုပ်ရေး အလုပ်ဆိုက်အတွင်းမှ ဖမ်းဆီးရမိခဲ့ပြီး ဆိုင်ကယ်ခိုးယူသူများအား အခြားအမှုများ ထပ်မံပေါ်ပေါက်စေရေး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

သတင်းတိုများ

## ဖာပွန်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး

ကရင်ပြည်နယ် ဖာပွန်ခရိုင် စုပေါင်းရုံး ယွန်းစလင်းခန်းမ၌ ဇူလိုင် ၉ ရက်က ကျင်းပသော အခွန်ဆိုင်ရာ အသိပညာပေးဟောပြောပွဲတွင် နိုင်ငံတော်သို့ အခွန်ပေးဆောင်ရေးသည် ပြည်သူတို့၏တာဝန်ဖြစ်ကြောင်းနှင့် တာဝန်ရှိသူများအနေဖြင့်လည်း အခွန်ငွေများ ပြည့်ပြည့်ဝဝရရှိရေး ကြိုးစား ကောက်ခံရန်လိုကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းဦးက ပြောကြားခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ဖာပွန်မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီး ယစ်မျိုးခွန်၊ မြေခွန်ဆိုင်ရာများ၊ ကုန်သွယ်ခွန်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်များအကြောင်းကို တာဝန်ရှိသူများက ရှင်းလင်းခဲ့ကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## စက်ရေတွင်းနှင့် မြေသားရေကန်များတူးဖော်မည်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်တွင် ဇွန်လဆန်းမှစတင်၍ ရေရှားပါးသောကျေးရွာခုနစ်ရွာကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် စက်ရေတွင်း (တွင်းနက်)ငါးတွင်းနှင့် မြေသားရေကန်နှစ်ကန်တူးဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစက်ရေတွင်းနှင့် မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ကျေးရွာခုနစ်ရွာရှိ ပြည်သူ ၄၄၁၀ နှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် လိုအပ်နေသော သောက်သုံးရေရှားပါးမှုအခက်အခဲများကို အဆင်ပြေစေနိုင်တော့မည်ဖြစ်သည်။

**တင်မြင့်(နတ်တလင်း)**

## မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အားကစားပြိုင်ပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် အားကစားဝန်ကြီးဌာန၏ TSDP အစီအစဉ်အရ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား မီနီမာရသွန်၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၁ရက်က ဖျာပုံမြို့ ပြည်သူ့အားကစားကွင်းကြီးရှေ့နှင့် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပခဲ့သည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများက ကာယလေ့ကျင့်ခန်း ပြကွက်တို့အပါအဝင် မြန်မာ့ရိုးရာသိုင်းအဖွဲ့က သိုင်းစွမ်းရည်များသရုပ်ပြ၍ ဖွင့်ပွဲ ပွဲစဉ်အဖြစ် ဖျာပုံသားပိုက်ကျော်ခြင်းနှင့် ဘိုကလေးပိုက်ကျော်ခြင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။

(ဝ၇၁)

## လူမှောင်ခို၊ လူကုန်ကူးမှုဆိုင်ရာအသိပညာပေး

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အောင်သပြေခန်းမ၌ ဇူလိုင် ၈ ရက်က လူမှောင်ခို၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပရာ ရဲအုပ်ကြည်ကြည်ဌေးက လူမှောင်ခို၊ လူကုန်ကူးမှုဆိုင်ရာများကို ရှင်းလင်းဟောပြောခဲ့သည်။ ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူးက တိုင်းရင်းသားအမျိုးသမီးငယ်များကို ရင်ထိုးတံဆိပ်များတပ်ဆင်ပေးခြင်း၊ အမျိုးသမီးရေးရာအဖွဲ့များကို ဝတ်စုံ၊ ဆေးစိမ်ခြင်ထောင်၊ ယင်လုံအိမ်သာခွက်၊ ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပြီး တက်ရောက်လာကြသူများအား အိုင်အိုဒင်းဆားနှင့်ဆပ်ပြာမှုန့်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

(၁၀၁)




မလှိုင်မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ အသုံးပြုရန်အတွက် အလှူရှင် ဦးတင်ထွန်းနှင့်ဇနီးက ECG စက်ကို ဇူလိုင်လ ဒုတိယပတ်က ဆေးရုံဝင်းအတွင်းရှိ သံဃာဆောင်၌ လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာချမ်းမြေ့ကျော် လက်ခံယူစဉ်။

အောင်ငွေး(မလှိုင်)



## ပလောင်တိုင်းရင်းသားများ၏ လူနေမှုဓလေ့ထုံးစံများအား နိုင်ငံခြားခရီးသွားများလေ့လာ

**မိတ္ထီလာ ဇူလိုင် ၁၃**

တောင်ပေါ်ဒေသတစ်ခုဖြစ်သည့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်း စေတီတောင်ကျေးရွာတွင် နေထိုင်သည့် ပလောင်တိုင်းရင်းသားများ၏ လူနေမှုဓလေ့ထုံးစံများကို နိုင်ငံခြားခရီးသွား ဧည့်သည်များ မကြာခဏ လာရောက်လေ့လာလျက်ရှိကြောင်း သိရသည်။

"စေတီတောင် ကျေးရွာမှာ ပလောင်တိုင်းရင်းသားတွေချည်း နေထိုင်ကြတယ်။ နိုင်ငံခြားခရီးသွားဧည့်သည်တွေက ပလောင်တိုင်းရင်းသားတွေရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်တဲ့ လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းကို လေ့လာသလို ဝတ်စားဆင်ယင်မှု၊ ယဉ်ကျေးမှု ဓလေ့ထုံးစံတွေကိုလည်း မေးမြန်းလေ့လာကြတယ်။ အရင်တုန်းကဆို နိုင်ငံခြားခရီးသွား ဧည့်သည်တွေ ဒီထက်မက အလာများကြတယ်။ ပလောင်တိုင်းရင်းသားတွေ ရိုးရာမောင်းထောင်းတာမျိုးနဲ့ တိုင်းရင်းသားရိုးရာ အိုးစည်အကတွေကို သူတို့က သဘောကျကြပါတယ်" ဟု ဒေသခံ အမျိုးသားတစ်ဦးက ပြောသည်။

စေတီတောင် ကျေးရွာသည် သာစည်မြို့နယ် ဆင်တောင်ကျေးရွာအုပ်စုတွင် ပါဝင်ကာ ကလောမြို့နယ်နှင့် နီးကပ်စွာတည်ရှိပြီး ပလောင်တိုင်းရင်းသားများ နေထိုင်သည့် ကျေးရွာဖြစ်သည်။ လက်ဖက်၊ လိမ္မော်၊ နနွင်းစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုကြသည်။ စေတီတောင်ကျေးရွာသို့ လာရောက်လေ့လာသည့် နိုင်ငံခြားခရီးသွားဧည့်သည်များသည် ၄င်းကျေးရွာမှတစ်ဆင့် တောတွင်းခရီးစဉ်များအတိုင်း အင်းလေးဒေသသို့တိုင်ခြေကျင်ခရီးဖြင့် သွားရောက်လေ့လာတတ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## မင်္ဂလာတောင်ညွန့်၌ ပလတ်စတစ်ကြွပ်ကြွပ်အိတ်ကောက်ပွဲ ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၃**

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ပြည်သူများ ကျန်းမာသန့်ရှင်းရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ် နှိမ်နင်းရေးတို့အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဦးဆောင်၍ မြို့နယ်ကျန်းမာရေး၊ စည်ပင်သာယာ၊ လူမှုရေးအဖွဲ့အစည်းများပူးပေါင်းကာ အသိပညာပေးဟောပြောပွဲများ၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ၊ ရပ်ကွက်နေအိမ်ခန်းများ၌ ရေစည်ရေလှောင်ကန်များကို အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ဆေးစိမ်ခြင်ထောင် သုံးစွဲနည်း သရုပ်ပြခြင်းတို့ကို အပတ်စဉ် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၁၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အမှိုက်များ၊ စနစ်တကျ စွန့်ပစ်စေရေးနှင့် ကြွပ်ကြွပ်အိတ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပရာ ကြွပ်ကြွပ်အိတ်သုံးစွဲခြင်း၏ ဘေးထွက်ဆိုးကျိုးများအကြောင်းကို ဟောပြောခဲ့ပြီး စံပြဖဆပလ ရပ်ကွက်အတွင်း လှည့်လည်၍ ပလတ်စတစ် ကြွပ်ကြွပ်အိတ်များကောက်ယူခြင်း ဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ပုံ)**



အလားတူ သပြေကုန်းရပ်ကွက်နှင့် တောင်လုံးပြန်ရပ်ကွက်တို့တွင်လည်း ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ ခြင်ဆေးမှုတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## သထုံမြို့နယ်တွင် အမျိုးသား အလွတ်တန်း ဘောလုံးပြိုင်ပွဲကျင်းပ

**သထုံ ဇူလိုင် ၁၃**

မျိုးဆက်သစ်အားကစားသမားကောင်းများပေါ်ထွန်းလာပြီး မြို့နယ်အဆင့်မှ နိုင်ငံလက်ရွေးစင်အဆင့်အထိ တက်လှမ်းနိုင်စေရန် ရည်ရွယ်ကာ ပထမဆုံးအကြိမ်အဖြစ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP) အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၀ ရက် ညနေ ၃ နာရီခွဲက သထုံမြို့မအားကစားကွင်း၌ ကျင်းပခဲ့သည်။

"ပြိုင်ပွဲမှာ အားကစားနည်းသုံးမျိုးကို ကျင်းပပေးမှာပါ။ အလွတ်တန်းဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၀ ရက်မှ ဩဂုတ် ၁၀ အထိ၊ အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်မှ ၂၃ ရက်အထိ၊ ကျောင်းပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲများကို ဇူလိုင် ၂၁ ရက်နဲ့ ၂၂ ရက်တွေမှာ ကျင်းပပေးမှာပါ" ဟု ခရိုင်အား/ကာမှူး ဦးအောင်မြင့်ဦးက ပြောသည်။ အဆိုပါ အလွတ်တန်းဘောလုံးပြိုင်ပွဲတွင် သထုံမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ ပြိုင်ပွဲဝင် အသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**သက်ဦး(သထုံ)**

# ဒီလိုသာ "ပံ့ပိုး" နေကြရင်ဖြင့်



ဆူးငှက်

အခုတစ်လော အခမ်းအနားတွေမှာ "သဘာပတိကြီးမှ မိန့်ခွန်းပြောကြားပါလိမ့်မယ်" ဆိုတဲ့ အခမ်းအနားမှူးရဲ့ လေယူလေသိမ်းကအစ "ပုံစံခွက်" အစား "သဘာပတိကြီးက မိန့်ခွန်းပြောကြားပါလိမ့်မယ်" ဆိုတဲ့ အမှန်ကြေညာသံကို "လုပ်ပြော" မဟုတ်တဲ့၊ ပုံမှန်အသံနဲ့ပြောကြားကြတဲ့ အခမ်းအနားမှူးတွေ အတော်များများတွေ့လာရလို့ ဝမ်းသာမိတယ်။ ဒါတောင် ရုံးသဘောဆန်တဲ့အခမ်းအနားတွေတိုင်းမှာတော့ "သဘာပတိကြီးမှ" နေကြဆဲပါပဲ။

ဒီနေရာမှာ ကဗျာဆရာကြီး ကိုလေး(အင်းဝဂုဏ်ရည်) ပြောတာ သတိရမိတယ်။ ဒီလိုပါ။ "ဟေ့. . . ဒို့ဗမာစကားမှာ စကားလုံးတစ်လုံးချင်းစီတိုင်း အဓိပ္ပာယ်ရှိသကွ။ တို့အမြဲကြားခဲ့တဲ့ သဘာပတိကြီးမှ၊ ဥက္ကဋ္ဌကြီးမှဆိုတဲ့ အသုံးအနှုန်းကမှားတယ်။ "မှ" ဆိုတာ ထွက်ခွာရာပုဒ်သဘောဖြစ်တယ်။ သဘာပတိကြီးက၊ ဥက္ကဋ္ဌကြီးကဆိုမှ မှန်တယ်။ ဒါပေမယ့် ငါတို့နှစ်အစိတ်လုံးလုံး "သဘာပတိကြီးမှ" ချည်း ကြားခဲ့ရတယ်။ အမှန်ပြင်တာလည်း လက်မခံဘူး။ ဂရုမစိုက်ဘူး။" တဲ့. . . .။

ဟုတ်ကဲ့. . . ဒီမိုကရေစီခေတ်ဦးကာလမှာ အရပ်ဘက် လူ့အဖွဲ့အစည်းတွေ အတော်များများ ပေါ်ပေါက်လာ။ အခမ်းအနားတွေ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ အတော်များများကိုလည်း အမှန်တရားကိုမြတ်နိုးတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေက ဦးဆောင်ကျင်းပလာနိုင်လို့ မြန်မာသဒ္ဒါအမှန်ဖြစ်တဲ့ "သဘာပတိကြီးက မိန့်ခွန်းပြောကြားပါလိမ့်မယ်"၊ "စာရေးဆရာဆူးငှက်က ဟောပြောပါတော့မယ်" ဆိုတဲ့ "အမှန်" စကားသံတွေ ကြားလာရတာပါ။ တစ်လောကပဲ မန္တလေးတက္ကသိုလ်ရဲ့ ဘူမိနက်သန် မြန်မာစာဌာနက အခမ်းအနားတစ်ခုမှာ "ပါမောက္ခကြီးက အမှာစကားမြွက်ကြားပါမယ်" လို့ မှန်မှန်ကန်ကန် ပြောဆိုသွားတာကလည်း ရှေ့ဆောင်စံပြပါပဲ။

ဒါပေမယ့် အချို့သောကျောင်းတွေ၊ ရုံးတွေ၊ ဌာနဆိုင်ရာတွေမှာ အခုထိအမှားဖြစ်တဲ့ "သဘာပတိကြီးမှ"ကို တွင်တွင်ကျယ်ကျယ် မြိန်မြိန်ယှက်ယှက်ပြောဆိုနေကြတုန်းပါပဲ။ ကျောင်းတွေက ဆရာ၊ ဆရာမတွေ ကိုယ်နှိုက်မှာပဲ "အမှန်"ကို သိသိကြီးနဲ့ မပြောင်းလဲရဲဘဲ အရင်လိုချပေးထားတဲ့ စာရွက်ထဲကစာအတိုင်း "သဘာပတိကြီးမှ" လို့ ခေါက်ရိုးကျိုးပြောဆိုနေကြတာကတော့ ဝမ်းနည်းစရာပါ။

"မှ" နဲ့ "က" ကို အမှန်အတိုင်းပြောဆိုလာကြပေမယ့် အခုထက်ထိ လွန်ခဲ့တဲ့ နှစ် ၂၀၊ ၃၀ ဝန်းကျင်ကတည်းက မြိန်ရေရှက်ရေသုံးစွဲနေဆဲ "စကားလုံး" တစ်လုံးကတော့ အမှားမှန်းမသိစွာ ပြောဆိုနေကြတာကို မပြင်ကြရုံမက၊ ပြင်ဖို့မတိုက်တွန်းကြရုံမက၊ ပိုလို့ပင်တွင်တွင်ကျယ်ကျယ်ကြီး ပြောဆိုသုံးနှုန်းရေးသားနေကြတာ ကြားရ၊ တွေ့ရ၊ မြင်ရ၊ ဖတ်ရနေတာကတော့ အလွန်ဝမ်းနည်းစရာ ကောင်းလှပါတယ်။

အဲဒီစကားလုံးကတော့ "ပံ့ပိုး"ဆိုတဲ့စကားလုံးပါ။

× × × × × × × × ×

မြန်မာစာ၊ မြန်မာစကားဟာ အလွန်ကြွယ်ဝပြီး အဓိပ္ပာယ်လေးနက်ပါတယ်။ သူ့နေရာနဲ့သူ "ဒူးနေရာဒူး၊ တော်နေရာတော်" သုံးစွဲဖို့ အဆင်သင့်ရှိပြီးလည်း ဖြစ်ပါတယ်။ လူမှာ "သေဆုံး" သတဲ့။ ဘုန်းကြီးမှာ "ပျံလွန်တော်မူ" သတဲ့၊ ဘုရင်ကျ "နတ်ရွာစံ"သတဲ့။ ဒီ "အသက်ထွက်"တဲ့ ကိစ္စမှာကိုပဲ "ဝိညာဉ်ချုပ်" သတဲ့၊ "ခန္ဓာစဲ" သတဲ့၊ "ကွယ်လွန်" သတဲ့၊ "ဘဝပြောင်း" သတဲ့၊ "ဘဝကူး" သတဲ့၊ အများကြီးပါ။ သူ့နေရာနဲ့သူ သုံးစွဲဖို့ အဆင်သင့်ပါ။ အစဉ်အလာပညာဉာဏ်နဲ့ယှဉ်ပြီး သုံးစွဲကြရတာပါ။

အလားတူပါပဲ။ "ပေးကမ်း" သတဲ့။ "ချီးမြှင့်" သတဲ့၊ "ထောက်ပံ့"သတဲ့၊ "ကူညီ"သတဲ့၊ "ရက်ရော" သတဲ့၊ "စွန့်ကြဲ" သတဲ့၊ "ဆက်သ"သတဲ့၊ "မျှဝေ" သတဲ့၊ "လှူဒါန်း"သတဲ့၊ "ဆက်ကပ်" သတဲ့။ ဒီစကားလုံးတွေ အားလုံးဟာ လူတစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်စည်းက လူတစ်ဦး၊ လူတစ်ဦးက တစ်ဖွဲ့တစ်စည်း၊ တစ်ဖွဲ့တစ်စည်းက အခြားတစ်ဖွဲ့တစ်စည်း "မုဒိတာ" ဖြစ်စရာ "ပေးကမ်း"တဲ့ အဓိပ္ပာယ်ချည်းပါပဲ။

ဒါဖြင့် "မုဒိတာ"မဖြစ်စရာ၊ "အပြစ်တင်စရာ"၊ "နှာခေါင်းရှုံ့စရာ"၊ "မေးငေါ့စရာ"၊ "နှစ်နားကပ် တိုးတိုးပြောစရာ"၊ ပေးကမ်းခြင်းအတွက် တစ်လျှောက်လုံး သုံးစွဲခဲ့တဲ့ မြန်မာစကားလုံးကတော့ "ပံ့ပိုး" ဆိုတဲ့ စကားလုံးပါပဲ။

"အမလေး. . . အလကား လူမွေးလူတောင် ပြောင်ပံ့မလား။ ရသမျှ မယားငယ်ကို ပံ့ပိုးနေတာကိုး---"

"အဲဒီကောင်လေးက ပြောင်ပြောင်ရောင်ရောင်ဖြစ်နေမှာပေါ့။ သူ့သူဌေးကတော်က သူ့လင်မသိအောင် ပံ့ပိုးပေးထားတာကိုး---"

"မင်း. . . ဒီကိစ္စမှာ အဆိပ်ပင်ရေလောင်း ဘာမှပံ့ပိုးပေးစရာမလိုဘူး။ သူ့ထိုက်နဲ့သူ့ကံ သွားလိမ့်မယ်---" စသည်ဖြင့် သုံးနှုန်းပြောဆိုရေးသားခဲ့ကြတာပါ။

**ဒေါ်ဒေါ် လူထုဒေါ်အမာ သက်ရှိထင်ရှားရှိစဉ်ကာလက လူထုကြီးပွားရေးစာအုပ်တိုက် အယ်ဒီတာအဖွဲ့စားပွဲမှာ ကျွန်တော်တို့ကို ဒီ "ပံ့ပိုး" ဆိုတဲ့ စကားလုံး တွင်ကျယ်လာမှုအပေါ် သေချာရှင်းပြပြီး မပြောဆိုမိဖို့၊ မရေးသားမိဖို့ အထူးသတိပေး**

ဒေါ်ဒေါ် လူထုဒေါ်အမာ သက်ရှိထင်ရှားရှိစဉ်ကာလက လူထုကြီးပွားရေးစာအုပ်တိုက် အယ်ဒီတာအဖွဲ့စားပွဲမှာ ကျွန်တော်တို့ကို ဒီ "ပံ့ပိုး" ဆိုတဲ့ စကားလုံး တွင်ကျယ်လာမှုအပေါ် သေချာရှင်းပြပြီး မပြောဆိုမိဖို့၊ မရေးသားမိဖို့ အထူးသတိပေးပါတယ်။ "ဒီစကားလုံးရဲ့ အဓိပ္ပာယ်ဟာ အဆိုးဘက်၊ မကောင်းတဲ့ဘက်၊ တစ်ဖက်တည်းအတွက်သာ ရည်ရွယ်တာဖြစ်လို့ စာမျက်နှာထက်ရေးသားဖို့အနေသာ၊ မပြောဆိုမိအောင် ရှောင်ရမယ်ကွဲ့"လို့ အမြဲသွန်သင်ပါတယ်။

အခုတော့---

- မိဘကလည်း သားသမီးတွေကို ပေးကမ်းတာမဟုတ်ဘဲ "ပံ့ပိုး"
- ဆရာကလည်း တပည့်ကို "ချီးမြှင့် " တာမဟုတ်ဘဲ "ပံ့ပိုး"
- လူမှုကူညီရေးအသင်းကလည်း ရေဘေးဒုက္ခသည်ကို "ကူညီ" တာမဟုတ်ဘဲ "ပံ့ပိုး"
- အရာရှိကလည်း အဆင်မပြေတဲ့ ဝန်ထမ်းကို "ထောက်ပံ့"တာမဟုတ်ဘဲ "ပံ့ပိုး"
- ဆရာတော်ဘုရားကလည်း ဒကာ၊ ဒကာမကို "စွန့်ကြဲ" တာမဟုတ်ဘဲ "ပံ့ပိုး"
- အလှူ့ရှင်ကလည်း အလှူခံပုဂ္ဂိုလ်ကို "ဆက်ကပ်"တာ မဟုတ်ဘဲ "ပံ့ပိုး"
- ကြက်ခြေနီအသင်းကလည်း ဆေးပေးခန်းအတွက် "လှူဒါန်း" တာမဟုတ်ဘဲ "ပံ့ပိုး"
- အသင်းသားအချင်းချင်းရလာတဲ့ငွေကို "မျှဝေ"တာ မဟုတ်ဘဲ "ပံ့ပိုး"
- ကောင်လေးကလည်း သူ့ရည်းစားကောင်မလေးကို "ရက်ရော" တာမဟုတ်ဘဲ "ပံ့ပိုး"
- နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း မြန်မာနိုင်ငံကို "ကူညီ"တာမဟုတ်ဘဲ "ပံ့ပိုး"

တီဗွီကြည့်တော့လည်း တပံ့ပိုးတည်းပံ့ပိုး၊ သတင်းစာတွေဖတ်တော့လည်း တပံ့ပိုးတည်းပံ့ပိုး၊ အခမ်းအနားတွေ၊ အစည်းအဝေးတွေမှာလည်း တပံ့ပိုးတည်းပံ့ပိုး. . .။ အမလေး. . .။ ရှိသေး. . .။ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲမှာတောင် ကမယ့်မင်းသမီးအတွက် "ပံ့ပိုးဆိုင်းအဖွဲ့" တဲ့. . .။

× × × × × × × × ×

ဒီလိုသာ. . . တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပံ့ပိုးဆိုတဲ့ စကားလုံးကို တွင်တွင်ကျယ်ကျယ်သုံးလာနေတာဟာ ဒီစကားလုံးရဲ့ အဆိုးဘက်ကိုကျတဲ့ မူရင်းအနက်အဓိပ္ပာယ်ကို နားမလည်လို့ဘဲဖြစ်မှာပါ။ ဒီတော့ မိမိရဲ့ လုပ်ဆောင်ချက်တွေကို မကောင်းတဲ့အနက်ဆောင်တဲ့ ပံ့ပိုးအစား မုဒိတာဖြစ်စရာ စကားလုံးတွေနဲ့ပြောင်းသုံးဖို့သာ။ ။

## ကျက်သရေဆောင် ဝေဟင်ဓာတုစေတီနှင့် သာသနာ့ဗိမာန်တော်ကြီးဆောက်လုပ်လျက်ရှိ

**သီပေါ ဇူလိုင် ၁၃**

လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ ကျော်က ရှေးစော်ဘွားများတည်ထားကိုးကွယ်ခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ကျက်သရေဆောင် မြို့နယ်ဓမ္မာရုံကြီးမှာ ကြံ့ခိုင်မှု အားနည်းယိုယွင်းနေသဖြင့် ဓမ္မာရုံဂေါပကများနှင့် မြို့မိ မြို့ဖများက မြို့နယ်သံဃနာယက ဆရာတော်ကြီးများထံ ဩဝါဒခံယူ၍ မိုးကုတ်ဝိပဿနာရိပ်သာကြီး၏ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တသုနန္ဒ အရှင်သူမြတ်ဦးဆောင်မှုဖြင့် (၁-၁-၂၀၁၂) ရက်မှ စတင်တည်ဆောက်ခဲ့သော ဝေဟင်ဓာတုဓမ္မရာဇာစေတီတော်နှင့် မဟာသာသနာ့ဗိမာန်တော်ကြီးတည်ဆောက်မှုလုပ်ငန်းမှာ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေသည်ကို ဇူလိုင် ၈ ရက်က တွေ့ရသည်။

"ဝေဟင်ဓာတုဓမ္မရာဇာစေတီတော်နှင့် မဟာသာသနာ့ဗိမာန်တော်ကြီး၏ အဓိက တည်ဆောက်မှုလုပ်ငန်းအတွက် ငွေကျပ်သိန်းပေါင်း ၅၅၇၀ အကုန်ကျခံ ဆောက်လုပ်ခဲ့ပါတယ်။ လက်စသတ်ဆောင်ရွက်ဖို့ အရေးကြီးလုပ်ငန်းလေးရပ်ကတော့ ဗိမာန်တော်ကြီး၏ အပေါ်ဆုံးထပ် အမိုးပတ်လည် စိန်တောင်ပန်းဆွဲ တပ်ဆင်ခြင်းလုပ်ငန်း၊ ဗိမာန်တော်ကြီး ရှေ့မျက်နှာစာ မှန်ပြတင်းပေါက်တပ်ဆင်ခြင်းလုပ်ငန်းနှင့် လှေကား ၁၂ စင်း ကြွေပြားခင်းခြင်းလုပ်ငန်းများအတွက် ငွေကျပ် ၅၃၈ သိန်းကျော် ထပ်မံလိုအပ်မှာဖြစ်ပါတယ်။ မြို့တွင်းလှည့်လည် အလှူခံရရှိငွေကျပ် ၁၀၅ သိန်း၊ မန္တလေးရောက် သီပေါ အသင်းက ငွေကျပ်သိန်း ၁၅၀၊ ဈေးရပ်နေ ဦးအောင်ခင်-ဒေါ်တင်တင်မိသားစုက မျက်နှာကြက်အတွက် အလှူငွေကျပ်သိန်း ၅၀ နှင့် ရဲသူရရန်ရှင်း-ဒေါ်နန်းခင်နုမိသားစုတို့က ငွေကျပ်သိန်း ၅၀ တို့ကို လှူဒါန်းထားပြီးဖြစ်ကြောင်း မြို့လယ်ဓမ္မာရုံ မဟာသာသနာ့ဗိမာန်တော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ပြောပြသည်။



အဆိုပါ သာသနိကလုပ်ငန်းများအတွက် လှူဒါန်းလိုသော သဒ္ဓါကြည်လင် ပါရမီရှင်များအနေဖြင့် နာယက ဦးအောင်ခင် ဖုန်း-၀၉-၅၂၇၈၁၈၉ နှင့် ဂေါပကဥက္ကဋ္ဌ ဦးခင်မောင်ဝင်း ဖုန်း-၀၈၂-၈၀၆၄၈ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရေး ပန္နက်တင်

**မြဝတီ ဇူလိုင် ၁၃**

ကရင်ပြည်နယ် မြဝတီမြို့ ခရိုင်ပြည်သူ့ဆေးရုံ ဝန်ထမ်းအိမ်ရာနှင့် ဆေးရုံနေအိမ် ဆောက်လုပ်ရေး ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဇူလိုင် ၁၁ ရက်က ခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆေးရုံအုပ်နေအိမ်မှာ အလျား ၄၃ပေ၊ အနံ ၃၈ ပေရှိ အာရ်စီတစ်ထပ်၊ RC လေးခန်းတွဲ လေးထပ်ဆောင်ဖြစ်ပြီး ဝန်ထမ်းအိမ်ရာမှာ အလျားပေ ၁၅၀၊ အနံ ၂၄ ပေ ရှိကြောင်း သိရသည်။

**ထိန်လင်းအောင် (iprd)**



## CDMA 800 MHz ဖုန်းလိုင်းများ ကောင်းစေချင်

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် မဲစနစ်ဖြင့်ရောင်းချခဲ့သော ငွေကျပ် ၁၅၀၀ တန် CDMA 800 MHz (၀၉-၃၀၊ ၃၁၊ ၃၂)လိုင်းများမှာ အစပိုင်းတွင် အသံကြည်လင်၍ ဆက်သွယ်ပြောဆိုရာတွင် အဆင်ပြေသော်လည်း ၂၀၁၄ခုနှစ် စက်တင်ဘာလမှစ၍ လျှပ်စစ်မီးပြတ်ပါက(No Service)ဖြစ်ပြီး ဆက်သွယ်မရဖြစ်လျက်ရှိသည်။ မီးပြတ်သွားပါက ဆက်သွယ်ရေးရုံးတွင် မီးစက်မောင်းထားသည်ဟုသိရသော်လည်း လိုင်းမကောင်းကြောင်း၊ မီးလာလျှင်လည်း ကြိုကြားကြိုကြားပျက်နေကြောင်း CDMA 800 MHz သုံးစွဲသူတစ်ဦးက ပြောသည်။ သို့ဖြစ်ပါ၍ မီးပြတ်လျှင် ဖုန်းလိုင်းများမပြတ်အောင် ပြုလုပ်ပေးရန် CDMA 800 MHz သုံးစွဲသူများက လိုလားလျက်ရှိကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

# ယင်းမာပင်မြို့နယ်တွင် နှမ်းအထွက်နှုန်းကောင်းမွန်သဖြင့် တောင်သူများအဆင်ပြေ

**မုံရွာ ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်၌ ဧပြီလအတွင်းက စတင်စိုက်ပျိုးခဲ့သော နွေနှမ်းများ အောင်မြင်ဖြစ်ထွန်းခဲ့ပြီး ယခုအခါတွင် ရိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အထွက်နှုန်းကောင်းမွန်ကာ ဈေးကောင်းရနေသဖြင့် နှမ်းစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယင်းမာပင်မြို့နယ်တွင် နွေနှမ်းစိုက်ပျိုးခြင်းကို ရေကန် ၉၉ ကန်နှင့် တောင်သူပိုင် ရေလှောင်ကန်တွင်းများဖြင့် စိုက်ပျိုးခဲ့ကြောင်း၊ တစ်နှစ်သုံးသီးစားစနစ်ဖြင့် စိုက်ပျိုးလျက်ရှိရာ ယခုနှစ်အတွက် စိုက်ပျိုးခဲ့သော နွေနှမ်းများ အောင်မြင်ဖြစ်ထွန်းနေခြင်း ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့နယ်မှာ နှမ်းသီးနှံအထွက်နှုန်း ကောင်းတာ နှစ်နှစ်ရှိပြီ။ နှမ်းမျိုးကို နှမ်းဖြူနဲ့ နှမ်းနက်ဆိုပြီး စိုက်ကြတယ်၊ သက်တမ်းက သုံးလကြာတယ်။ နှမ်းသီးနှံပြီးရင် စပါးစိုက်တယ်၊ စပါးပြီးရင် ဂျုံသီးနှံဆက်တိုက်စိုက်တယ်၊ ဒီမှာက ၉၉ ကန် စနစ်ရှိတယ်။ ကိုယ်ပိုင်ရေလှောင်ကန်တွင်းလည်းတူးလို့ရတော့ စိုက်ပျိုးရေအတွက်က မပူရဘူး။ နှမ်းက ကိုယ်ပိုင်ရေလှောင်ကန်တွင်းရှိတဲ့သူတွေ၊ ၉၉ ကန်ရေရတဲ့နေရာတွေမှာ အထွက်နှုန်းကောင်းတယ်။ ရေဝေးတဲ့ စိုက်ခင်းတွေကတော့ အထွက်နည်းပါတယ်။ ဒါပေမယ့်ဈေးကောင်းရတော့ အရှုံးတော့မရှိပါဘူး။ အခုနှမ်းဖြူတစ်တင်းကို ကျပ် ၃၃၀၀၀၊ နှမ်းနက်တစ်တင်းကို ကျပ် ၆၀၀၀၀ ကျော် ဈေးရှိနေတယ်။ နောက်ပိုင်းမှာလည်း ဈေးကမြင့်တက်နိုင်မယ်ထင်တယ်။ နှမ်းသီးနှံရိတ်သိမ်းပြီးတာနဲ့ မိုးစပါးစိုက်ဖို့အတွက် ထယ်ရေး၊ ထွန်ရေးဆက်ပြီးပြင်ရတော့မယ်"ဟု ယင်းမာပင်မြို့နယ်လယ်ငေါက်ကျေးရွာမှ တောင်သူဦးကျော်ဝင်းက ပြောသည်။



ယင်းမာပင်မြို့နယ်အတွင်း ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှု နည်းသော်လည်း နွေနှမ်းစိုက်တောင်သူများအနေဖြင့် နှမ်းများရိတ်သိမ်းပြီးချိန်တွင် မိုးစပါးများအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ထွန်ရေး၊ ထယ်ရေးများ ဆက်လက်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပီဿနိုးမြို့ဟောင်းအနီး လမ်းများအဆင့်မြှင့်တင်

**တောင်တွင်းကြီး ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ရှိ ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်းအနီး ပတ်ဝန်းကျင်ကျေးရွာများ၌ လမ်းများကို မြေသားလမ်းခင်းခြင်း၊ ကျောက်ချောလမ်းခင်းခြင်းစသည့် အဆင့်မြှင့်တင်မှုများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၁၀၄၈ ဒသမ ၂၈ သန်းဖြင့် ကျေးလက်လမ်း ၁၆ ခုကို အဆင့်မြှင့်တင်မှုများ ဆောင်ရွက်နေခြင်းဖြစ်သည်။ လမ်းများအဆင့်မြှင့်တင်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်း၊ မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးသိန်းအောင်၊ လမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာအောင်ချိုနှင့် တာဝန်ရှိသူများက ဇူလိုင် ၁၁ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ယူဆောင်ရွက်နေသော ဇော်ထက်ပိုင်ကုမ္ပဏီနှင့် ပြည်တော်တိုးကုမ္ပဏီများမှတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သတ်မှတ်ကာလအတွင်းပြီးစီးရန်နှင့် လမ်းအရည်အသွေးကောင်းမွန်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း**




















## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
## တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ရုံးသုံးစက်ကိရိယာပစ္စည်းများ၊ MRTDs ဆိုင်ရာ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ နည်းပညာပိုင်းဆိုင်ရာ Software များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းချလိုသူများသည် ၁၃-၇-၂၀၁၅ ရက်မှစ၍ ၂၇-၇-၂၀၁၅ ရက်အထိ ဝယ်ယူမည့်ပစ္စည်းများ၏ အမျိုးအမည်၊ အမျိုးအစားများနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် တစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ဝယ်ယူနိုင်ပြီး ၂၇-၇-၂၀၁၅ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက စီမံခန့်ခွဲရေးဌာနစု (၁) ဖုန်း-၀၆၇-၄၃၁၀၂၇ နှင့် ၀၆၇-၄၃၁၀၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနရှိ အောက်ဖော်ပြပါ အကြီးစားမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသာလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) **ဆေးပညာသင်ကြားရေး/ပညာပေး (ယခင်ဆေးပညာသင်ကြားရေးဗဟိုဌာန)၊ ရန်ကုန်၊**
(က) သန့်စင်ခန်းပြုပြင်ခြင်း
(ခ) စားသောက်ခန်းပြုပြင်ခြင်းနှင့်ဆေးသုတ်ခြင်း
(၂) **ပြည်သူ့ကျန်းမာရေးကွင်းဆင်းသင်တန်းဌာန (လှည်းကူး)**
(က) သင်တန်းဝင်းအတွင်းရှိ အောင်ဆန်းသီရိအဆောင်တံခါးများ၊ သံပန်းတံခါး ပြန်လည်ပြုပြင်ခြင်းနှင့် မီးလိုင်းများ ကြံ့ခိုင်မှုအတွက်ပြုပြင်ခြင်း
(ခ) ရုံးဝင်းနှင့်သင်တန်းဝင်းအနောက်ဘက်ရှိ အုတ်တံတိုင်းခြံစည်းရိုးအား သွပ်ဆူးကြိုးကာရံခြင်း
(ဂ) ရုံးဝင်းအတွင်းရှိ သုံးထပ်စာသင်ဆောင်နှင့် ဝင်ပေါက်ဆက်သွယ်သည့်လမ်းအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအရှည်ပေ ၃၀၀
(ဃ) လူ ၁၀၀ ဆံ့အိပ်ဆောင်အောက်ထပ်ရှိ တံခါးများသံပန်းတပ်ဆင်ခြင်းလုပ်ငန်း
(င) လူ ၁၀၀ ဆံ့အိပ်ဆောင်လုံခြုံမှုရှိစေရန် အပေါ်ထပ်၊ အောက်ထပ်လှေခါးများတွင် သံပန်းတံခါးတပ်ဆင်ခြင်းလုပ်ငန်း
(စ) ခြောက်ခန်းတွဲ သုံးထပ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ဂိတ်တံခါးပြုလုပ်ခြင်းလုပ်ငန်း
(ဆ) ခြောက်ခန်းတွဲ သုံးထပ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံ မြောင်းကူးတံတားပြုလုပ်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၀-၇-၂၀၁၅ ရက်မှစတင်၍ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနတွင် ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၄-၇-၂၀၁၅ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပိုမို၍ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအလိုက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးတစ်ခုချင်းပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်။

၄။ အကြီးစားမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများအား အသေးစိတ်သိရှိလိုပါက ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနရှိ တာဝန်ရှိသူများထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း - ၀၆၇-၄၁၁၂၃၃**

## ကျောက်မျက်နှင့်သတ္တုသယံဇာတဖွံ့ဖြိုးရေးအများပိုင်ဘဏ် တည်ထောင်ရန် ကနဦးမတည်ရင်းနှီးငွေထည့်ဝင်မည့်ပုဂ္ဂိုလ်များထံ
## အသိပေးကြေညာခြင်း

၁။ ကျောက်မျက်နှင့် သတ္တုသယံဇာတဖွံ့ဖြိုးရေးအများပိုင်ဘဏ် တည်ထောင်ရန် ကနဦးမတည်ရင်းနှီးငွေ အဆိုပြုထားပြီးသည့် လုပ်ငန်းရှင်များသည် မိမိတို့ထည့်ဝင်မည့် ကနဦးမတည်ရင်းနှီးငွေအား အောက်ဖော်ပြပါ အလျဉ်းသင့်ရာ ဘဏ်တစ်ခုခုတွင် ၁၄-၈-၂၀၁၅ရက် သောကြာနေ့ နောက်ဆုံးထားပေးသွင်းနိုင်မည်ဖြစ်ပါသည်။

(က) AGD Bank (ကမာရွတ်ဘဏ်ခွဲ၊ ရန်ကုန်မြို့)
(ခ) KBZ Bank (ကျွန်းတောလမ်းဘဏ်ခွဲ၊ ရန်ကုန်မြို့)
(ဂ) AYA Bank (နှင်းဆီကုန်းဘဏ်ခွဲ၊ ရန်ကုန်မြို့)

၂။ ကနဦးမတည်ရင်းနှီးငွေကျပ်သိန်း ၄၀၀၀ အပြည့်ထည့်ဝင်ပြီး ပုဂ္ဂိုလ်အား ဘဏ်ကုမ္ပဏီဖွဲ့စည်းရာတွင် ပထမဒါရိုက်တာအဖြစ် ဖော်ပြဖွဲ့စည်းမည်ဖြစ်ပြီး အောက်ဖော်ပြပါလုပ်ငန်းရှင်များအနေဖြင့် ကျပ်သိန်းလေးထောင်အပါအဝင် အစုရှယ်ယာရှင်များအဖြစ် ကျပ်သိန်း ၃၀၀၀၊ ၂၀၀၀၊ ၁၀၀၀ အား မိမိတို့ဆန္ဒရှိသလို ထည့်ဝင်နိုင်မည်ဖြစ်ပါသည်။

(က) ကျောက်စိမ်း၊ ကျောက်မျက်လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိပြီးဖြစ်သည့် ကျောက်မျက်လုပ်ငန်းရှင်များ
(ခ) သတ္တုလုပ်ငန်းလိုင်စင်ရရှိပြီးဖြစ်သည့် သတ္တုလုပ်ငန်းရှင်များ
(ဂ) ရွှေလုပ်ငန်းလိုင်စင်ရရှိပြီးဖြစ်သည့် ရွှေလုပ်ငန်းရှင်များ

၃။ ယခင်အဆိုပြုထားပြီးသူများအပြင် ကနဦးမတည်ရင်းနှီးငွေထပ်မံထည့်သွင်းလိုသည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထည့်သွင်းလိုသည့် ဘဏ်အမည်၊ ဘဏ်ငွေစာရင်းအမှတ်(Account No;)နှင့် အခြားသိရှိလိုသည့်အချက်များအား အောက်ဖော်ပြပါ ဘဏ်ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူးအဖွဲ့သို့ ဆက်သွယ်မေးမြန်းဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) ဦးခင်ဇော် ဖုန်း-၀၉-၂၀၀၃၈၆၆
(ခ) ဦးသက်မောင်မြင့် ဖုန်း-၀၉-၂၀၀၀၉၃၉
(ဂ) ဒေါက်တာထွန်းဝင်း ဖုန်း-၀၉-၇၉၂၀၄၄၁၄၂
(ဃ) ဦးသက်နိုင် ဖုန်း-၀၉-၂၄၀၁၈၉၈

**အများပိုင်ဘဏ်ဖြစ်မြောက်ရေးကော်မတီ**
**ကျောက်မျက်နှင့်သတ္တုသယံဇာတဖွံ့ဖြိုးရေးအများပိုင်ဘဏ်**
**ဆက်သွယ်ရန်ယာယီလိပ်စာ**
**မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ**
**အမှတ် (၆၈)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၂)၊ မုံရွာမြို့မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် တည်ဆောက်မည့် ယင်းမာပင်ခရိုင် ချောင်းမ- ကနီလမ်းရေဝါချောင်းတံတားအတွက် လိုအပ်သော တောသစ်၊ ကျောက်စရစ်၊ သဲ၊ ဘင်တိုနိုက်၊ သံပြားစသည့်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့်ပစ္စည်းအမျိုးအစား/အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များ တံတားဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူးရုံး၊ တံတားအထူးအဖွဲ့(၂)မုံရွာမြို့ ဖုန်း-၀၉-၈၅၂၂၃၂၅၊ ၀၉-၅၄၀၇၃၇၁၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ ဦးစီးအရာရှိရုံး၊ ကနီမြို့နယ် ဖုန်း-၀၉-၂၆၃၀၇၀၂၁၂တို့တွင် ဆက်သွယ် စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ဒု-ညွှန်ကြားရေးမှူးရုံး၊ တံတားအထူးအဖွဲ့ (၂)မုံရွာမြို့တွင် ၁၀-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာပိတ်ရက်** | - | ၁၉-၇-၂၀၁၅ရက်၊ မွန်းတည့် ၁၂း၀၀နာရီအထိ |
| (ခ) | **တင်ဒါဖွင့်မည့်ရက်** | - | ၂၀-၇-၂၀၁၅ရက်၊ မွန်းလွဲ ၁း၀၀နာရီ |
| (ဂ) | **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | - | ရေဝါချောင်းတံတားစီမံကိန်း၊ ကနီမြို့ တံတားဦးစီးဌာန၊ မုံရွာမြို့ ဖုန်း-၀၉-၅၄၀၇၃၇၁ |

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## အမှတ်(၁၂) အကြီးစားစက်ရုံ(ထုံးဘို)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)မှ အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချလိုပါသည်-

Group-1 X-2000 (မာဇဒါဂျစ်)၊ E-2000, T-2000, B-600 တို့၏ Component Parts နှင့်အခြားပစ္စည်းများ

| | | | |
|---|---|---|---|
| (က) | Lot No.(1-1)Bearing (Serviceable)ပစ္စည်းများ | ၂၆၄ မျိုး | HI-12/014 |
| (ခ) | Lot No.(1-2)Special parts (Serviceable) ပစ္စည်းများ | ၄၇ မျိုး | HI-12/015 |
| (ဂ) | Lot No.(1-3)Rubber (Serviceable) ပစ္စည်းများ | ၈၂၄ မျိုး | HI-12/016 |
| (ဃ) | Lot No.(1-4)Tyre & Tube (Serviceable) ပစ္စည်းများ | ၅ မျိုး | HI-12/017 |
| (င) | Lot No.(1-5)Bearing (Unserviceable) ပစ္စည်းများ | ၅၂ မျိုး | HI-12/018 |
| (စ) | Lot No.(1-6)Special parts (Unserviceable) ပစ္စည်းများ | ၁ မျိုး | HI-12/019 |
| (ဆ) | Lot No.(1-7)Rubber (Unserviceable) ပစ္စည်းများ | ၂၆ မျိုး | HI-12/020 |

၂။ အထက်ဖော်ပြပါ ပစ္စည်းများအား Lot No. အလိုက်သာ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| ၃။ **တင်ဒါပုံစံထုတ်ယူရမည့်ရက်** | - | ၁၃-၇-၂၀၁၅ရက်မှ ၂၂-၇-၂၀၁၅ ရက် |
| ၄။ **တင်ဒါပုံစံထုတ်ပေးမည့်နေရာ** | - | ထုတ်လုပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း နေပြည်တော် အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို) စီမံကိန်းဌာန |
| ၅။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်နှင့်အချိန်** | - | ၂၂-၇-၂၀၁၅ ရက်၊ ၁၀း၀၀ နာရီ |
| ၆။ **တင်ဒါတင်သွင်းရမည့်နေရာ** | - | အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို) စီမံကိန်းဌာန |
| ၇။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** | - | ၂၂-၇-၂၀၁၅ ရက်၊ ၁၂း၀၀ နာရီ |

၈။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၃၉၄၄၇၅၈၊ ၀၉-၄၂၃၇၀၈၉၁၃၊ ၀၉-၂၅၀၃၀၇၈၀၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)**
